The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 32 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 13, 2018

# av;v twGiftynyfukbG;fl jrifhuf tar&dcefa':vm 12 bDvDaHuSmf&SdS umvwkxuf1 'or5 bDvDHyHkaDvSmxm;csufuSmfveG

စာမျက်နှာ - ၈ ➤



■ စပါးမျိုးကွဲ လျှော့ချရေးနှင့် ပြည်ပပို့ကုန်အရည်အသွေးကောင်း စပါးမျိုးများ တိုးချဲ့စိုက်ပျိုးရေး

စာမျက်နှာ - ၆ ➤

တမူး-မိုရေး နယ်စပ်မှာ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်/ထွက် ဂိတ်ဖွင့်ပွဲကျင်းပ

စာမျက်နှာ - ၁၇ ➤

■ မြန်မာ့သိုးဆိတ်အရှင် ဈေးကွက်အတွက် လိုအပ်နေသော ကွက်လပ်လေးတစ်ခု

စာမျက်နှာ - ၂၃ ➤






**Head Office** : No. 242/ 243, Di Pe Yinn Won Htauk U Mye Street, Shwe Lin Ban Industrial Zone, Hlaing Thar Yar Tsp, Yangon, Myanmar.
Tel : (+95-1) 3613 868, 3613 869, 3613 657, 3617 009, 3617 010
E-mail : adv@myanmarkaido.com

**Yangon Branch** : No.1 (A), Bayintnaung Road, Aye Yeik Mon Housing, Ward-4, Hlaing Tsp, Yangon.
Tel : (+95-1) - 3681 660~662, 3683 513, 3682 189, 3682 345, Fax : (+95-1) – 3680 722

**Mandalay Branch** : No. Nga-7/8, Yangon-Mandalay Road, Between Kywe Sei Kan Street 1st & 2nd,
Pyigyitagon Tsp, Mandalay, Myanmar.
Tel : (+92-2) – 40 703 30, 40 599 59, Fax : (+95-2) – 40 703 30

**Nay Pyi Taw Branch** : No-171, Thiri Yadanar Shopping Complex, Nay Pyi Taw, Myanmar.
Tel : (+95-67) – 3421 759, 3421 729, Fax : (+95-67) - 3421 259

**Website** : www.myanmarkaido.com
**Facebook** : www.facebook.com/mmkaido/

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၅ /၂၀၁၈)**

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်

အကြောင်းအရာ။ **ပို့ကုန်သွင်းကုန်လုပ်ငန်းဆိုင်ရာနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း**

၁။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုသည့်ပစ္စည်းများ၏လိုင်စင်များ သက်တမ်းတိုးလျှောက်ထားခြင်းများအတွက် သက်တမ်းတိုးကြေးနှင့် ပို့ကုန်/သွင်းကုန်လိုင်စင်ပါအချက်များ ပြင်ဆင်ခြင်းများအတွက် ပြင်ဆင်ကြေးများကို အပိုဒ်(၂) ပါအတိုင်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်သို့ပေးသွင်းရန်သတ်မှတ်ထားသည့် ပို့ကုန်လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုသည့်လိုင်စင်များ သက်တမ်းတိုးမြှင့်ကြေးနှင့် ပို့ကုန်/သွင်းကုန်လိုင်စင်ပါအချက်များ ပြင်ဆင်ကြေးများကို အောက်ဖော်ပြပါနှုန်းထားများအတိုင်း ၂၀၁၈ ခုနှစ်၊ဩဂုတ်လ(၁၃) ရက်နေ့မှစ၍ ပေးသွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ပို့ကုန်လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုထားသော လိုင်စင်များအတွက် သက်တမ်းတိုးမြှင့်ကြေး

(၁) ပထမအကြိမ် သက်တမ်းတိုး(၂) လအတွက် ကျပ် ၅၀၀၀၊

(၂) ဒုတိယအကြိမ် သက်တမ်းတိုး(၁) လအတွက် ကျပ် ၅၀၀၀၊

(ခ ) ပို့ကုန်/သွင်းကုန်လိုင်စင်ပါအချက်များအား ပြင်ဆင်ပါက ပြင်ဆင်ချက်တစ်ချက်လျှင် ကျပ် ၅၀၀၀၊

**ကုန်သွယ်ရေးဦးစီးဌာန**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ ( ၆ / ၂၀၁၈ )**

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်

အကြောင်းအရာ။ **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ**

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၁-၈-၂၀၁၈ ရက်နေ့မှစ၍ ယခင်အသုံးပြုနေသော ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေကို ဖျက်သိမ်းပြီး ဥပဒေအသစ်ဖြစ်သော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ဖြင့် ပြောင်းလဲကျင့်သုံးလျှက်ရှိသည့်အပြင် ကုမ္ပဏီမှတ်ပုံတင်စနစ်တွင်လည်း Myanmar Companies Online-MyCO စနစ်အား စတင်အသုံးပြုလျှက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့်လည်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များအား လိုက်လျောညီထွေဖြစ်အောင်ပြင်ဆင်ပြီး နိုင်ငံတော်သို့ပေးသွင်းရမည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်း နှင့်သက်ဆိုင်သည့် အချို့သော အခကြေးငွေများကိုလည်း အခြေအနေနှင့် လျော်ညီစွာ သတ်မှတ်ကောက်ခံနိုင်ရေးအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအား ပူးတွဲပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက်တွင် ဩဂုတ်လပထမပတ်၌ ဈေးမြင့် အရောင်းအဝယ်အေး

ပုသိမ်မြို့ဆန်စပါးဈေးကွက်တွင် ဩဂုတ်လ ပထမပတ်၌ စပါးဆန်ဈေးမြင့်တက်လျက်ရှိပြီး အရောင်းအဝယ်အေးလျက် ဈေးကွက်တွင် ပုံမှန်အရောင်းအဝယ်ဖြစ်နေသော ဧရာဝတီပေါ်ဆန်းစပါး ၁၀၅ပေါင် တင်းတစ်ရာကို ၁၃သိန်းခွဲ၊ ၁၄သိန်းဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၄၈၀၀၀မှ ၄၉၀၀၀၊ ပေါ်ဆန်းရင်စပါး ၁၀၅ပေါင် တင်းတစ်ရာကို ၁၂သိန်း၊ ၁၂သိန်းခွဲဝန်းကျင်ခန့်၊ ဆန်တစ်အိတ်ကို ကျပ် ၄၆၀၀၀မှ ၄၇၀၀၀ဖြင့် ရောင်းဝယ်လျက်ရှိပြီး ဆန်တစ်အိတ်ကို ကျပ် ၂၀၀၀၀န်းကျင်မြင့်တက်ကာ လက်ရှိအချိန် ပေါ်ဆန်းစပါး လက်ကျန်နည်းပါးလျက်ရှိကြောင်းဈေးကွက်မှသိရသည်။

အရောင်းအဝယ်အများဆုံးဖြစ်သော မီးကောက်စပါးပေါင် တစ်ရာ၊ တင်းတစ်ရာကို ကျပ် ၈၅၀၀၀၀ ခန့်၊ ဆန်တစ်အိတ်ကို ကျပ် ၂၉၀၀၀မှ ကျပ် ၃၀၀၀၀ခန့် ပခန်းစပါးပေါင်တစ်ရာ၊ တင်းတစ်ရာကိုကျပ် ၇၀၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၂၅၀၀၀မှ ၂၅၅၀၀ နှွေသီးထပ်ရင်စပါးပေါင်တစ်ရာ၊ တင်းတစ်ရာကို ကျပ် ၆၅၀၀၀၀၊ ဆန် တစ်အိတ်ကို ကျပ် ၂၃၀၀၀မှ ကျပ် ၂၃၅၀၀ဖြင့် ဈေးကွက်တွင် ဈေးနှုန်းမြင့် အရောင်းအဝယ်အေးလျက်ရှိပါသည်။ ယခုနှစ် စပါးရာသီပေါ်စအချိန်မှစ၍ တောင်သူများဈေးကောင်းရကာ တွက်ခြေကိုက်မှုရှိပြီး ကြိုက်ဈေးရသည့်အတွက် လှောင်စပါး လက်ကျန်လျော့နည်းကာ ဈေးနှုန်းမြင့်အရောင်းအဝယ်အေးလျက် ဆန်ဈေးကွက်တွင် လိုသလောက်သာ ဝယ်ယူမှုရှိကြောင်း၊ စပါးပေါ်ချိန်မှာလည်း နှစ်လခွဲသုံးလလောက်သာ ကျန်သည့်အချိန် စပါးဈေးမှာ ယခုနှစ်အမြင့်ဘက်မှာသာ ရှိနေမှာဖြစ်ကြောင်း ဆန်စပါး ဈေးကွက်သတင်းများမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ဆန်အဝင်နည်းပြီး ဝယ်လိုအားကောင်းတဲ့အတွက် ဆန်ချောနဲ့ဆန်ကြမ်းဈေးတက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောရော ဆန်ကြမ်းပါ ဈေးတက်ကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှသိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန် ထိပ်စ တစ်အိတ်ကျပ် ၄၄၀၀၀ နဲ့ လတ်စ တစ်အိတ်ကျပ် ၄၃၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန် ထိပ် စ တစ်အိတ်ကျပ် ၄၈၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၄၆၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၄၃၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၄၂၅၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၅၅၀၀၀ မှ ၅၉၀၀၀ ၊ ပေါ်ဆန်း (ရှယ်) တစ်အိတ် ကျပ် ၄၃၀၀၀ မှ ကျပ် ၄၅၀၀၀ ၊ ကျားပျံပေါ်ဆန်း တစ်အိတ်ကျပ် ၄၅၀၀၀ မှကျပ် ၄၆၀၀၀၊ ဒေးဒရဲကျားပျံ တစ်အိတ်ကျပ် ၄၆၀၀၀ မှ ကျပ် ၄၉၀၀၀ ရှိပါတယ်။ ဆန်ချောအဝင်နည်းပြီး အရောင်းအဝယ်ပြန်ကောင်းတဲ့အတွက် ဆန်တစ်အိတ်ကိုကျပ် ၁၀၀၀ မှ ၃၀၀၀အထိ ဈေးတက်ကြောင်း သိရပါတယ်။

အလားတူ ဆန်ကြမ်းကလည်း မြို့တွင်းနဲ့ နယ်ဝယ်လို အားရှိတဲ့အတွက် တစ်အိတ်ကို ကျပ် ၅၀၀ခန့်အထိ ဈေးတက်ကြောင်း သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ ဈေးနှုန်းများအရ ဧည့် မထဆန် ၂၅ မှတ် တစ်အိတ်ကျပ် ၂၀၅၀၀ မှကျပ် ၂၀၇၀၀ ၊ ရက် ၉၀ ဆန်တစ်အိတ်ကျပ် ၂၃၅၀၀ မှကျပ် ၂၄၀၀၀၊ သီးထပ် (ရှယ်) တစ်အိတ်ကျပ် ၂၂၃၀၀ မှကျပ် ၂၂၅၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၅၀၀ ခန့်ဈေးတက်ပါတယ်။ မိုးသုခနဲ့ အကြမ်း(ရှယ်) ကတော့ ဈေးငြိမ်နေပြီး မိုးသုခ တစ်အိတ်ကို ကျပ် ၂၄၅၀၀ မှကျပ် ၂၆၀၀၀၊ အကြမ်း(ရှယ်) တစ်အိတ်ကိုကျပ် ၂၂၀၀၀ မှ ကျပ် ၂၃၀၀၀ ရှိပါတယ်။ ဆန်ကြမ်းက မြို့တွင်းနဲ့ နယ်ဘက်တွေမှာ လိုအပ်ချက်ကြောင့် ဈေးတက်တာ ဖြစ်တယ်လို့ ရန်ကုန်ဈေးကွက်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

# ဇူလိုင်လ ဆန်တင်ပို့မှု အနီးစပ်ဆုံး ဇွန်လထက် ပိုမို



မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၇၇ သန်းတန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန် ၂၅၁၃၉ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၂၃၉၃၃ တန်ခန့်နဲ့ ကောက်ညှင်းဆန် ၁၈၈ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန်ချိန် ၁၀၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၉၁၈ တန် တင်ပို့ခဲ့ကြောင်းနဲ့ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၅၀၇၆ တန် လျော့နည်းခဲ့ကြောင်း သိရပါတယ်။

ဇူလိုင်လ တစ်လလုံးအတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန် ဒေါ်လာ ၄၄ ဒသမ ၇၉၂ သန်းတန်ဖိုးရှိ ဆန် ၁၂၃၉၄၈ တန်ကျော် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇွန်လ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၄၅၀၅၈ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ယခုတစ်ပတ် အမေရိကန်ဒေါ်လာ သုညဒသမ ၁၉၉ သန်းတန်ဖိုးရှိ ဆန်ကွဲ ၆၀၅ တန်ကို မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တင်ပို့ခဲ့ပါတယ်။ ဇူလိုင်လ တစ်လ လုံးမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၈၁၄ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၇၉၅ တန် နီးပါး တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇွန်လတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၄၁၅၂ တန် လျော့နည်း ခဲ့ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၁၇ သန်း တန်ဖိုးရှိ ဧည့်မထ ဆန်၊ ငစိန်ဆန်နဲ့ ပေါင်းဆန် ၃၉၈၂တန် တင်ပို့ခဲ့ရာ အီးယူနိုင်ငံများသို့ ၂၁၀၂ တန်၊ ဗီယက်နမ် နိုင်ငံသို့ ၃၇၅ တန်၊ ထိုင်ဝမ်သို့ ၂၄၆ တန်၊ ဖိလစ်ပိုင် နိုင်ငံသို့ ၉ တန်ကျော် နဲ့ ကင်မရွှမ်းနိုင်ငံသို့ တန်ချိန် ၁၂၅၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဇူလိုင်လ တစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၂၄ သန်းတန်ဖိုးရှိ ဆန် ၄၃၆၉၃တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇွန်လတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၃၅၅၅ တန် ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ၃၃၃ သန်း တန်ဖိုးရှိ ဆန်ကွဲ ၁၁၂၅ တန်ကို အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ဇူလိုင်လအတွင်းမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၁၇ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၀၂၅၀ တန် တင်ပို့ခဲ့ပါတယ်။ အနီး စပ်ဆုံးနဲ့ ဇွန်လတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၁၄၁၂၀ လျော့နည်းခဲ့ကြောင်း သိရပါတယ်။

ဇူလိုင်လအတွင်းကုန်သွယ်ရေးစခန်းများနဲ့ရေကြောင်းမှ ဆန် ၁၆၇၆၄၁ တန်နဲ့ ဆန်ကွဲ ၂၃၀၄၅တန် တင်ပို့ခဲ့ပြီး ဇွန်လတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ဆန်တင်ပို့မှု ပိုမိုပြီး ဆန်ကွဲတင်ပို့မှု လျော့ကျခဲ့ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၀-၈-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၈၅ | ၃၉၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၅ | ၃၈၅ | △ | ၃၈၅ | ၃၈၇ | △ | ၄၁၀ | ၄၁၀ | □ | ၄၀၃ | ၄၀၅ | △ |
| ဆန်ဖြူ ၁၀% | ၃၇၃ | ၃၈၄ | ▽ | ၃၈၀ | ၃၈၂ | △ | - | - | - | ၃၉၈ | ၄၀၀ | △ |
| ဆန်ဖြူ ၁၅% | ၃၆၇ | ၃၇၇ | △ | ၃၇၅ | ၃၇၇ | △ | - | - | - | ၃၉၃ | ၃၉၅ | △ |
| ဆန်ဖြူ ၂၅% | ၃၅၈ | ၃၆၇ | △ | ၃၆၅ | ၃၆၇ | △ | ၃၇၅ | ၃၇၅ | □ | ၃၆၀ | ၃၆၃ | △ |
| ပေါင်းဆန် | ၃၉၉ | ၄၀၄ | △ | - | - | - | ၃၉၃ | ၃၉၃ | □ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၁၀-၈-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၂၅၀၀ | □ | ၉၂၀၀ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၆၆၂၀ | □ | ၂၆၅၀၀ | □ | ၁၀၆၀၀ | △ | ၄၅၀၀၀ | □ |
| ပဲခူး | ၆၆၀၀ | □ | ၂၇၀၀၀ | □ | ၉၂၀၀ | □ | ၄၀၀၀၀ | □ |
| ရွှေဘို | ၅၀၀၀ | △ | ၂၁၀၀၀ | △ | ၁၄၅၀၀ | △ | ၅၁၀၀၀ | △ |
| စစ်တွေ | ၅၈၅၀ | □ | ၂၅၀၀၀ | □ | ၈၈၀၀ | □ | ၄၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၃၀၀ | □ | ၂၃၅၀၀ | △ | - | - | ၄၂၅၀၀ | △ |
| မန္တလေး | ၇၀၀၀ | □ | ၂၉၀၀၀ | △ | - | - | ၅၀၀၀၀ | △ |
| မကွေး | ၈၀၀၀ | □ | ၂၇၅၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၀၂၀၀ | □ | ၄၆၀၀၀ | □ |
| လှိုင်ကော် | ၇၉၂၀ | △ | ၃၅၀၀၀ | □ | - | - | ၆၀၀၀၀ | △ |
| မြိတ် | ၆၅၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| ဘားအံ | ၆၅၀၀ | □ | ၂၇၅၀၀ | △ | - | - | ၅၁၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၆-၈-၂၀၁၈ မှ ၁၀-၈-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 1051 | 68,868,371.847 |
| 2 | Form D | 128 | 4,984,108.680 |
| 3 | Form E | 106 | 3,253,259.858 |
| 4 | Korea GSP | 5 | 106,036.500 |
| 5 | Form AK | 140 | 4,825,116.640 |
| 6 | Form AJ | 15 | 699,643.388 |
| 7 | Form AI | 201 | 8,914,804.975 |
| 8 | Form AANZ | 21 | 243,770.650 |
| 9 | Form DFTP | - | - |
| 10 | Form CHINA | | |
| **Grand Total** | | **1673** | **91,895,112.538** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၀-၈-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃/၈ | ၁၀/၈ | ပြောင်းလဲမှု | ၃/၈ | ၁၀/၈ | ပြောင်းလဲမှု | ၃/၈ | ၁၀/၈ | ပြောင်းလဲမှု | ၃/၈ | ၁၀/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၆၉၂ | ၇၀၇ | ▲ | ၇၃၃ | ၆၈၃ | ▼ | ၇၅၀ | ၇၀၀ | ▼ | ၆၇၅ | ၆၇၅ | ■ |
| ပဲစင်းငုံ | ၇၉၄ | ၇၈၅ | ▼ | ၇၅၀ | ၆၆၇ | ▼ | ၆၅၀ | ၆၂၅ | ▼ | ၆၈၅ | ၆၈၅ | ■ |
| ပဲတီစိမ်း | ၁၆၁၅ | ၁၆၀၀ | ▼ | ၁၇၂၄ | ၁၆၀၀ | ▼ | ၁၆၈၄ | ၁၅၂၆ | ▼ | ၁၄၇၅ | ၁၄၀၀ | ▼ |
| ကုလားပဲရိုးရိုး | ၁၆၀၀ | ၁၇၀၀ | ▲ | ၁၂၅၈ | ၁၃၂၈ | ▲ | ၁၂၃၆ | ၁၂၈၉ | ▲ | ၁၃၃၅ | ၁၃၉၅ | ▲ |
| ပဲလွန်းဖြူ | ၁၁၃၀ | ၁၁၆၅ | ▲ | ၁၂၅၀ | ၁၂၅၀ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၄၂၀ | ၁၄၂၀ | ■ |
| ထောပတ်ပဲ | ၂၃၄၅ | ၂၄၃၀ | ▲ | ၂၆၆၇ | ၂၇၅၆ | ▲ | ၂၁၀၅ | ၂၃၆၈ | ▲ | ၂၀၂၅ | ၂၂၁၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၈၊၇၊၁၈)ထိ | ယခုတစ်ပတ် (၄၊၈၊၁၈)ထိ | (၁၊၁၊၁၈) မှ (၄၊၈၊၁၈) ထိ |
| မတ်ပဲ | ၂၂၇၁၄၈ | ၁၅၉၇၃ | ၂၄၃၁၂၂ |
| ပဲတီစိမ်း | ၇၆၄၇၂ | ၁၃၇၂ | ၇၇၈၄၄ |
| ပဲစင်းငုံ | ၁၀၀၈၆၄ | ၁၂၉၂၆ | ၁၁၃၇၉၀ |
| ကုလားပဲ | ၃၀၉၇၈ | ၃၈၁၆ | ၃၄၇၉၄ |
| ပဲလွန်းဖြူ | ၁၉၆၂၄ | ၁၁၄ | ၁၉၇၃၈ |
| မြေထောက်ပဲ | ၈၆၄၅ | ၁၀၀ | ၈၇၄၅ |

## ပဲဈေးကွက်မှာ အရောင်းအဝယ်သွက်နေတဲ့ ပြည်ကုလားပဲ

ပြည် ပဲဈေးကွက်အတွင်း နေ့စဉ်အရောင်းအဝယ်သွက်နေတယ်လို့ဆိုရမယ့် သီးနှံကတော့ ကုလားပဲသီးနှံဖြစ်တာကိုတွေ့ရပါတယ်။ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲကြီး စသည့်သီးနှံများ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း အိတ် ၂၀၀ ကျော် ၃၀၀ အထိသာ အများဆုံးရောင်းဝယ်ခဲ့ရပေမယ့် ကုလားပဲသီးနှံကတော့ အိတ် ၃၀၀ ကျော် ၄၀၀ အထိ နေ့စဉ် ပဲခွဲစက်သမားများ ပုံမှန်အဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ ပဲဝင်ရောက်မှုအနေဖြင့် ရက်ခြားသာ ဝင်ရောက်ပြီး ဈေးကွက်မှာ လက်ကျန်ပဲများ ရှိနေတဲ့အတွက် ဝယ်လိုအားရှိသလောက် ရောင်းချခဲ့ရပါတယ်။ ဈေးနှုန်းအနေဖြင့် တစ်တင်းကျပ် ၂၆၅၀၀ဖြင့် ယခင်တစ်ပတ်ကထက် တစ်တင်းကျပ် ၅၀၀ နဲ့ ဈေးအနည်းငယ်ပိုလာတာကို တွေ့ရပါတယ်။ **ခင်ဆွေဝင်း**

## လက်လီပဲဈေးကွက်မှာ ပြည်ပဲလွန်းဖြူဈေးအေး အရောင်းအဝယ်အေး

ယခုတစ်ပတ် လက်လီပဲဈေးကွက်မှာ ဈေးလည်းအေး အရောင်းအဝယ်လည်းအေးနေတဲ့ ပဲသီးနှံကတော့ ပဲလွန်းဖြူသီးနှံဖြစ်ပြီး တစ်ရက်အိတ် ၂၀-၃၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၂၀၀၀ ဖြင့် ဘိုကိတ်ပဲသီးနှံထက် ဈေးပိုရသော်လည်း အခြားလက်လီ ပဲများထက် ဈေးလျော့နေခဲ့ကာ မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက်တော့ ဈေးပိုနေခဲ့တာ တွေ့ရပါတယ်။ အခြားပဲအချို့မှာ ယခုနှစ်ဈေးကောင်းလာပေမယ့် ပဲလွန်းဖြူသီးနှံမှာ ယခင်နှစ်ထက်ပင် ဈေးလျော့သွားခဲ့ပါတယ်။ ယခင်နှစ်က ဩဂုတ်လအတွင်း ပဲလွန်းဖြူသီးနှံဈေးမှာ တစ်တင်းကျပ် ၃၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## ဈေးကွက်မှာ ဈေးကောင်းလာတဲ့ ပဲလွန်းဖြူနဲ့ပဲတီစိမ်း

သာယာဝတီခရိုင်အတွင်း၊ လက်ပံတန်းမြို့နယ်တွင် တောင်သူများရောင်းဝယ်မှုဖြစ်တဲ့ ပဲလွန်းဖြူနဲ့ ပဲတီစိမ်းသီးနှံများမှာ ယခင်လအတွင်းမှာ ပဲလွန်းဖြူ တစ်တင်းကျပ် ၁၇၀၀၀ ခန့်နှင့် ပဲတီစိမ်းတစ်တင်းကျပ် ၂၂၀၀၀ ခန့် ရှိခဲ့ပြီး ယနေ့တွင် သီးနှံနှစ်မျိုးစလုံးမှာကျပ် ၂၅၀၀၀ ခန့်ထိဈေးနှုန်း မြင့်တက်သွားပြီး ဈေးကောင်းရရှိခဲ့ပါတယ်။ သီးနှံနှစ်မျိုးစလုံး ဈေးကောင်းရရှိလာခြင်းမှာ လက်ကျန်နည်းပါးခြင်း၊ မျိုးပဲချိန်ရောက်ရှိလာခြင်းကြောင့် ဈေးကောင်းရလာခြင်းဖြစ်သည်ဟု လေ့လာသိရှိရပါတယ်။ **ဝေဝေဖြိုး(သာယာဝတီ)**

## ရေစကြိုကုန်စည်ဒိုင်တွင် ဖြစ်ပေါ်နေသောမြေပဲဆန်နှင့်ကုလားပဲဈေးကွက်

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန် (မြောင်)မှာ ဈေးငြိမ်လျက်ရှိပြီး တစ်ပိဿာလျှင်ကျပ် ၂၆၀၀မှ ၂၈၀၀၊ မြေပဲဆန်(ကျွန်း)မှာ တစ်ပိဿာလျှင် ကျပ် ၂၅၀၀ မှ ကျပ် ၂၆၀၀၊ မြေပဲဖြူလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၅၀၀ မှ ကျပ် ၂၆၀၀ ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်တွင် ပဲပိစပ်တစ်တင်းလျှင် ကျပ် ၁၀၀၀၀ ရှိခဲ့ပြီး အရောင်းအဝယ်အားဖြင့် အနည်းငယ်သာရှိခဲ့ပါတယ်။

ရေစကြိုဒေသထွက်ဖြစ်သည့် မတ်ပဲဈေးသည် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျခဲ့ပြီး ယခုတစ်ပတ်တွင် မတ်ပဲဈေးမှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၁၁၀၀၀ မှ ၁၄၀၀၀ရှိပြီး အရောင်းအဝယ်အနေဖြင့် အနည်းငယ်သာဖြစ်ခဲ့ပါတယ်။ စွန်တာနီတစ်တင်းလျှင် ကျပ် ၂၁၀၀၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၂၅၀၀၀ ၊ အညာဒေသထွက်ဖြစ်သော ပဲနီပြားမှာ တစ်တင်းလျှင် ကျပ်၃၁၀၀၀ မှ ၃၂၀၀၀ ဖြစ်ပြီး ပဲတီစိမ်းကြီးမှာ တစ်တင်းလျှင် ကျပ် ၁၈၀၀၀ မှ ကျပ် ၂၅၀၀၀ ဖြင့်အိတ် ၂၀၀ခန့်၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြင့် ၁၀၀ ခန့်၊ ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဖြင့် အိတ် ၁၀၀ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ပြောင်းဖူးစေ့ (CP) ဈေးမှာလည်း အနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၀၂၀၀ ဖြင့် အိတ်ရေ ၁၀၀၀ ခန့်နှင့် နှမ်းဖြူသန့်မှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၄၅၀၀၀ မှ ၄၇၀၀၀ ဖြင့် အိတ် ၁၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ရေနံချောင်းတွင် ယာမြေများ၌သီးထပ်အဖြစ် မြေပဲများစိုက်ပျိုး၍ မျိုးဆန်ဈေးမြင့်နေ



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ နှမ်းများ ရိပ်သိမ်းပြီးပြီဖြစ်ရာ ရိုးကျွတ်မြေကွက်လပ်၌ သီးထပ်အဖြစ် မြေပဲကို အထိက စိုက်လာကြရာ တောင်သူများနှင့် ပဲကြော်ဖိုများက ဝယ်နေသဖြင့် မျိုးမြေပဲဆန်ဈေးမြင့်နေကြောင်း သိရ သည်။

"လက်ရှိ မြေပဲအသစ် ပေါ်ဖို့က တစ်လနီးပါး လိုသေးတယ်။ လက်ကျန်ကလည်း ယခင်နှစ် ဆောင်းပဲတွေကို အဓိကထားပြီး ဆီစက်ရယ်။ ပဲကြော်ဖိုရယ် ရောင်းဝယ်နေရတော့ ဈေးမြင့်တာပါ။ ဒီရက်မှာတောင်သူကလည်း မျိုးပဲအဖြစ်ဝယ်တာကြောင့် အဝယ်သွက်တယ်။ အိတ် ၂၀၀ ဝန်းကျင်ပါ" ဟု ပွဲစားတစ်ဦးက ပြောသည်။

ရေနံချောင်းမြို့ မြေပဲဆန်ဈေးကွက်တွင် မြေပဲဆန်အဖြူလုံးဆန် တစ်တင်း ကျပ်၄၅၀၀၀ ပေါက်ဈေးရှိပြီး ယခင်တစ်ပတ်က ကျပ် ၄၀၀၀၀ သာရှိကြောင်း မြေပဲဆန် စွန်တာနီ တစ်တင်း ကျပ် ၅၀၀၀၀ ပေါက်ဈေးရှိပြီး ယခင်တစ်ပတ်က ကျပ် ၄၇၀၀၀သာရှိခဲ့ကြောင်းသိရသည်။

'ယခင်နှစ် အသစ်ချိန်က မြေပဲမျိုးရယ်လို့ ချန်မထားလိုက်ဘူး။ ယခု စိုက်ပျိုးဖို့ မြေပဲမျိုးတစ်တင်းကျပ် ၄၅၀၀၀ပေးဝယ်ရတယ်'ဟု တောင်သူတစ်ဦးက ဆိုသည်။ ယခင်နှစ်ကာလတူက မြေပဲတစ်တင်း ကျပ် ၃၅၀၀၀ပေးရ၍ ဈေးမြင့်နေကြောင်း သိရသည်။

မြေပဲဆန်ကိုပြည်တွင်းရှိ ဆီစက်များနှင့် ပဲကြော်လုပ်ငန်းများ၊ မြေပဲယိုလုပ်ငန်းများ၊ မုန့်လုပ်ငန်းအပြင် မန္တလေးကတစ်ဆင့် တရုတ်နိုင်ငံသို့လည်း တင်ပို့၍တောင်သူများအဓိကထားစိုက်ပျိုးလာခြင်းဖြစ်သည်။ **ဆန်းညွန့်၊ ရေနံချောင်း**

## ပခုက္ကူကုန်စည်ဒိုင်တွင် ဈေးကောင်းရရှိနေသော နှမ်းမျိုးစုံနှင့်ကုလားပဲ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီ(အဟောင်း) အနည်းငယ်ဈေးကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၄၇၀၀ ဖြင့် အိတ် ၅၀ ခန့်၊ယခုတစ်ပတ်တွင် ပဲစင်းငုံနီ (အသစ်)တစ်တင်းလျှင် ကျပ်၁၄၅၀၀ ဖြင့် အိတ်၅၀ခန့်၊ ကုလာပဲဈေးနှုန်းများမှာလည်း တရိပ်ရိပ်တက်လျက်ရှိပြီး ကျပ် ၂၀၀၀ခန့် ဈေးတက်လျက်ရှိပါတယ်။

ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင်ကျပ် ၂၃၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူ V6 တစ်တင်းလျှင် ကျပ် ၂၆၅၀၀ ဖြင့် အိတ် ၅၀ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြင့် အိတ် ၅၀ခန့်၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြင့် အိတ် ၅၀ ခန့်ဝင်ရောက်ခဲ့ပြီး၊ ယခုတစ်ပတ်တွင် ကုန်စည်ဒိုင်သို့ ပဲတီစိမ်း(သေး)စတင်ဝင်ရောက်ခဲ့ပြီး တစ်တင်းလျှင် ကျပ် ၃၀၃၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ စွန်တာနီ(ယော) တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ဒေသထွက်ဖြစ်သော ပဲလွန်းပြာ(ကြယ်ပြာ)တစ်တင်းလျှင် ကျပ် ၁၄၇၀၀ ဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပြောင်းဖူးစေ့ (CP) မှာ ပြည်ပအဆွဲရှိပြီး ဒေသတွင်းမှလည်း တိရစ္ဆာန်စာအဖြစ်သုံးစွဲနေကြပြီး တစ်တင်းလျှင် ကျပ် ၉၄၀၀ ဈေးဖြင့် အိတ်၅၀ ခန့်၊ဒေသတွင်းထွက်ရှိပြီး ပြည်ပမှဝယ်လိုအားကောင်းနေသော နှမ်းညိုနှင့်နှမ်းဝါမှာ ဈေးကောင်းရရှိနေပြီး နှမ်းညိုသစ် တစ်တင်းလျှင် ကျပ် ၄၁၀၀၀ဖြင့်အိတ် ၅၀ခန့်၊ နှမ်းဝါ တစ်တင်းလျှင် ကျပ် ၄၂၅၀၀ ဈေးဖြင့် အိတ် ၅၀ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ရေနံချောင်း ပွင့်ဖြူ ချောက် ဒေသတစ်ဝိုက်ထွက် ပဲတီစိမ်းသစ် ဝင်ရောက်လာ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ချောက်မြို့နယ်ထွက် ပဲတီစိမ်းသစ်များ အိတ် ၄၀၀ ဝန်းကျင် ဝင်ရောက်နေကာပွဲရုံများနှင့် ပဲပင်ပေါက်လုပ်ငန်းများက ဝယ်ယူနေကြောင်းသိရသည်။

လက်ရှိဈေးကွက်မှာ ပဲတီစိမ်းတစ်တင်း ကျပ် ၂၆၀၀၀ ပေါက်ဈေးပေး ဝယ်ယူနေပါတယ်။ ယခင်တစ်ပတ် ဇူလိုင် ၂၅ ရက်က ပဲတီစိမ်းတစ်တင်း ကျပ် ၂၃၀၀၀ ဈေးဖြစ်နေသော်လည်း ပဲတီစိမ်း အိတ်အရေအတွက် ၃၀ သာ အဝယ်ရှိကြောင်း ရောင်းဝယ်သူများထံကသိရသည်။

ရေနံချောင်းမြို့နယ်ရုံးဆိပ်၊ ဘဲဆိပ်၊ ပေတော၊ လေးတိုင်စင် ကျေးရွာများနှင့် ချောက်မြို့နယ် အိုးဘို၊ ကျောက်ရဲရွာသစ်၊ အေးရွာများနှင့် စလင်းမြို့နယ် ဖောင်းလင်းကျေးရွာများ၌ ပဲတီစိမ်းသစ် စတင်ပေါ်နေပြီဖြစ်၍ ဈေးကောင်းရနေကြောင်းသိရသည်။

'ရေနံချောင်းမြို့မှာ ပဲတီစိမ်းကို ပဲပင်လုပ်ငန်းတွေကသုံးတယ်။ တောင်သူကလည်း မျိုးအဖြစ် ပြန်စိုက်ဖို့ဝယ်ကြတာပါ။ မန္တလေးဝယ်လိုအား အနည်းငယ်ရှိတယ်။ ဒါကြောင့် ဈေးပြန်ကောင်းတာ။ဒါပေမယ့်ယခင်နှစ်ကာလတူက ပဲတီစိမ်းတစ်တင်းကျပ် ၃၀၀၀၀ ဝန်းကျင် ဖြစ်ခဲ့တာမို့ဈေးအရမ်းမကောင်းသေးဘူး'ဟု ပွဲစားတစ်ဦးက ပြောသည်။ **ဆန်းညွှန်(ရေနံချောင်း)**

# စပါးမျိုးကွဲလျှော့ချရေးနှင့်

## ပြည်ပပို့ကုန်အရည်အသွေးကောင်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးရေး

**အောင်ဆန်း(စိုက်ပျိုးရေး)**

ပြီးခဲ့တဲ့တစ်ပတ်က ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက "စပါးမျိုးကွဲ လျှော့ချရေးနှင့် ပြည်ပပို့ကုန်အရည်အသွေးကောင်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးရေး" ခေါင်းစဉ်နဲ့အစည်းအဝေး ဖိတ်ပါတယ်။

အစည်းအဝေး ဖိတ်စာရလိုက်ကတည်းက စာရေးသူက အစည်းအဝေးခေါင်းစဉ်ကို အလွန်သဘောကျနေပါတယ်။ စာရေးသူ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကို ရောက်လာကတည်းက အထက်ပါ ခေါင်းစဉ်နှစ်ခုပါ အကြောင်းအရာများကို ဖြစ်စေချင်လွန်းလို့နှုတ်နဲ့လည်းတိုက်တွန်း၊စာနဲ့လည်း ဆောင်းပါးအကြိမ်ကြိမ်ရေးခဲ့ပါတယ်။ ယခုတော့ စိုက်ပျိုးရေးဦးစီးဌာနက ဒီအကြောင်းအရာ နှစ်ခုကို ဦးစီးပြီးတောင် လုပ်နေပြီဆိုတော့ စာရေးသူဖြစ်ချင်နေတာလေးဟာ အလင်းရောင်တော့ သန်းလာပြီလို့ ကျေနပ်နေမိပါတယ်။

စပါးမျိုးကွဲများလျှော့ချရေး ဘာကြောင့် လုပ်သင့်သလဲဆိုတာကို ဦးစွာဆွေးနွေးပါ့မယ်။ မြန်မာနိုင်ငံမှာ စပါးမျိုးကွဲပေါင်း ၃၀၀ ကျော် စိုက်ပျိုးနေပါတယ်။ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတွေမှာ စပါးမျိုးနည်းနည်းပဲ စိုက်ပျိုးတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ စိုက်ပျိုးတဲ့ စပါးမျိုးကွဲတွေကို အုပ်စုအမည်နဲ့ခေါ်ပါတယ်။ ဧည့်မထအုပ်စု၊ လက်ရွေးစင်အုပ်စု၊ ငစိန်အုပ်စု၊ မီးဒုံးအုပ်စု၊ ဗျတ်အုပ်စုဖြစ်ပါတယ်။ အများဆုံး စိုက်ပျိုးတာကတော့ ဧည့်မထအုပ်စုဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ထူးခြားနေတာကတော့ စပါးကို နာမည်နဲ့ မခေါ်ဘဲ အုပ်စုနဲ့ခေါ်နေတဲ့ ပြဿနာပါပဲ။ အခြားနိုင်ငံတွေမှာ စပါး၊ ဆန်ကို နာမည်နဲ့ပဲ ခေါ်ဝေါ်ပါတယ်။ အုပ်စုနဲ့ လုံးဝမခေါ်ပါ။ ဧည့်မထလို့ ခေါ်လိုက်တာနဲ့ ဧည့်မထအုပ်စုထဲမှာ စပါးမျိုးကွဲတွေ များစွာပါဝင်နေပါတယ်။ စပါးမျိုးကွဲတွေများနေခြင်းဟာ စပါးအရည်အသွေး နိမ့်ကျဖို့ အခြေခံအကြောင်းအရင်းတစ်ချက်ပါပဲ။

ရောင်းဝယ်ဖောက်ကားမှုအပိုင်းကိုကြည့်ရင်လည်း ရောင်းတဲ့ လယ်သမားများကလည်း ဧည့်မထစပါးဆိုပြီး လာရောင်းကြတယ်။ ဝယ်ယူကြတဲ့ စက်ပိုင်၊ ကုန်သည် ပွဲစားများကလည်း ဧည့်မထစပါးဆိုပြီး ဝယ်လိုက်ကြတယ်။ ဧည့်မထ အုပ်စုဝင် ရွှေဝါထွန်းဆိုလည်း ပုံထားခဲ့၊ မနောသုခဆိုလည်းပုံထားခဲ့၊ ဆင်းသွယ်ဆိုလည်း ပုံထားခဲ့၊ ရတနာတိုးဆိုလည်းပုံထားခဲ့။ ဒီလိုနဲ့ ဆန်စက်ပိုင်၊ ကုန်သည်ပွဲစားတွေဆီမှာ ဧည့်မထ စပါးမျိုးကွဲပေါင်းစုံရောနေတဲ့ စပါးပုံကြီးဖြစ်နေပါတယ်။

၎င်းစပါးပုံကြီးကို ပြည်တွင်းစားသုံးဖို့ သို့မဟုတ် ပြည်ပတင်ပို့ဖို့အတွက် ဆန်ကြိတ်တဲ့အခါ ဧည့်မထမျိုးကွဲပေါင်းများစွာ ရောနေတဲ့(သီလရှင်ဒါနဆန်) ဧည့်မထဆန်ကို ရရှိပါတယ်။ ပြည်တွင်း စားသုံးဖို့ ဆန်ဆိုင်တွေမှာ ဇလားထဲထည့်ပြီး ဧည့်မထဆိုတဲ့ ဆိုင်းဘုတ်လေး ထိုးထားရင် မြန်မာတွေရဲ့ ပါးစပ်ကတော့ ဧည့်မထဆိုပြီး နှစ်နှစ်ခြိုက်ခြိုက် ဝယ်စားကြတော့ ပြဿနာမရှိပါဘူး။ ပြည်ပကို တင်ပို့တဲ့အခါကြတော့ အရောရောအနှောနှော သီလရှင်ဒါနဆန်လိုဖြစ်နေပြီး အရည်အသွေးမမီလို့ ဈေးမရဘူးဖြစ်နေပါတယ်။ ဒီအရောရောအနှောနှော ဆန်တွေဟာ အပြင်လက္ခဏာ ကြည့်ရင်တော့ တူသလိုလိုပါပဲ။ ဒါပေမယ့် ကွန်ပျူတာနဲ့ စစ်ကြည့်တဲ့အခါ ဆန်လုံးမညီ၊ အရွယ်အစားမညီ၊ မာကျောမှုမညီ၊ ကြည်လင်တောက်ပမှု မညီ၊ အမိုင်းလို့(စ်)ပါဝင်မှုမညီ၊ စေးကပ်မှု မညီဖြစ်နေတဲ့အတွက် မည်သို့မျှအရည်အသွေးကောင်းဆန် မဖြစ်နိုင်တော့ပါဘူး။

ဒါကြောင့်လည်း မြန်မာနိုင်ငံဆန်စပါး ပြည်ပတင်ပို့မှု မဟာဗျူဟာစာအုပ်မှာ "မြန်မာနိုင်ငံဆန်များဟာ အရောရောအနှောနှောဖြစ်နေတဲ့အတွက် အရည်အသွေးမမီဘူး၊ဒါကြောင့် စပါး တစ်မျိုး နှစ်မျိုးကိုသာ တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးဖို့လိုအပ်တယ်"ဆိုပြီး သုံးသပ်ထားတာ တွေ့ရှိရပါတယ်။

ဒုတိယအချက် ဆွေးနွေးချင်တာကတော့ ပြည်ပပို့ကုန်အတွက် အရည်အသွေးကောင်းစပါးများ တိုးချဲ့စိုက်ပျိုးရေးပဲဖြစ်ပါတယ်။ အရည်အသွေးကောင်း စပါးမျိုးများရဲ့ အရည်အချင်း လက္ခဏာကတော့ ဆန်လုံးအရှည် ၇ မီလီမီတာ ရှည်ရမယ်၊ ဆန်ရဲ့ လုံးပတ်အချိုးဟာ ( ၃း၁) ရှိရမယ်။ အမိုင်းလို့စ်ပါဝင်မှု ၂၀ ပတ်ဝန်းကျင် ရှိရမယ်။ စေးကပ်မှုရှိရမယ်။ မွှေးရနံ့ ရှိရမယ်။ ဆန်သားကြည်လင်ရမယ်။ အရောင် ဖယောင်းသားလို တောက်ပရမယ်။ ဆန်ထိပ် မပြတ်စေရဘူး။ အသင့်စားသုံးမှုအဆင့် (Ready To Eat - RTE)၁၀၀ ရာခိုင်နှုန်း ရှိရမယ်။ ထမင်းလုံး ရှည်ထွက်မှု နှစ်ဆရှိရမယ်။ စားသုံးမှုအရသာ နူးညံ့ရမယ်ဆိုတဲ့ အချက်တွေပဲဖြစ်တယ်။

အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတွေမှာ အရည်အသွေးကောင်း စပါးမျိုးများကို တစ်ကွင်း တစ်စပ်တည်း စိုက်၊ ရိတ်၊ သယ်၊ သိုလှောင်၊ ကြိတ်ခွဲ စနစ်နဲ့ ဆောင်ရွက်တဲ့အတွက် အရည်အသွေးကောင်းဆန်ရရှိတာတွေ့ရတယ်။ မြန်မာနိုင်ငံရဲ့ အခြေအနေအရ ပြည်တွင်း စားသုံးဖို့အတွက် စိုက်ပျိုးမယ့် ဧရိယာ၊ ပြည်ပပို့ဖို့အတွက် စိုက်ပျိုးမယ့်ဧရိယာဆိုပြီး သတ်သတ်မှတ်မှတ် တိတိကျကျ ချမှတ်ဆောင်ရွက်သင့်ပါတယ်။

မြန်မာနိုင်ငံအတွက် ပြည်ပပို့ကုန်ဆန်အဖြစ် စိုက်ပျိုးသင့်တဲ့ အရည်အသွေးကောင်း စပါးတစ်မျိုးကို မီးမောင်းထိုးပြချင်ပါတယ်။ ၁၉၉၆ ခုနှစ်က ရေဆင်းစိုက်ပျိုးရေးသုတေသနမှ မိဘမျိုး ထိုင်းနိုင်ငံမှ လုံးသွယ်မွှေးစပါး (ခေါက်ဒေါက်မာလီ ၁၀၅) ကို ကမ္မာရောင်ခြည်ပေး၍ မွေးဖွားပေးခဲ့သော ရေဆင်းလုံးသွယ်စပါးမျိုးဖြစ်ပါတယ်။ မိဘမျိုး ခေါက်ဒေါက်မာလီ ၁၀၅ ဟာ ထိုင်းနိုင်ငံမှာ ယခုနာမည်ကြီးနေသော Jassimine Rice(စံပယ်ဆန်မွှေး)ပင်ဖြစ်ပါတယ်။ ရေဆင်းလုံးသွယ် စပါးမျိုးကို မွေးဖွားပြီးသည်မှ လူလားမြောက်အောင်ပြုစုပျိုးထောင်ခဲ့ရသည်မှာ ၂၂ နှစ်သားပင် ကျော်ခဲ့ပြီဖြစ်ပါတယ်။ ထိုစဉ်က မြန်မာနိုင်ငံတွင် အရည်အသွေးကောင်း စပါးများ ပြည်တွင်းစားသုံးခြင်း၊ ပြည်ပတင်ပို့ခြင်း ခေတ်မှိန်နေသော ကာလဖြစ်သဖြင့် ရေဆင်းလုံးသွယ်စပါးသည် စင်မြင့်ပေါ် ရောက်ပြီးမှ ဇာတ်ခေါင်းကွဲခဲ့ရသည်နှင့် ကြုံခဲ့ရပါတယ်။

ရေဆင်းလုံးသွယ်၏မိဘဖြစ်သည့် လုံးသွယ်မွှေး စပါးသည် အရည်အသွေးကောင်းစပါးဖြစ်ပါတယ်။ သို့သော် သက်တမ်းရှည်ပြီး ရာသီစပါးမျိုးဖြစ်ခြင်း၊ အပင်အရပ်ရှည်၍ယိုင်လဲခြင်း၊ ဘက်တီးရီးယား ရွက်ခြောက်ရောဂါခံနိုင်ရည်မရှိခြင်း၊ ရာသီမရွေး စိုက်ပျိုးနိုင်မှုမရှိခြင်းတို့ ဖြစ်ပေါ်နေတာ တွေ့ရပါတယ်။

သို့ပါ၍ လုံးသွယ်မွှေးစပါးကို မူလအရည်အသွေးများ မပျက်မစီးတော့ပဲ သက်တမ်းတို ရာသီမရွေးစိုက်နိုင်၊ ရောဂါဒဏ်ခံနိုင် စပါးမျိုးရရှိရန် စမ်းသပ်ခဲ့ရာ စတုတ္ထအဆင့်သားဆက်တွင် မျိုးထွန်းလိုင်း အမှတ် ၁၄ (LTHM-14) ကိုရရှိခဲ့ပါတယ်။ ဆက်လက်၍ ဘက်တီးရီးယား ရွက်ခြောက်ရောဂါဒဏ်ခံနိုင်မှု၊ ဖြုတ်ကျောဖြူဒဏ်ခံနိုင်မှုနှင့်ဆန်အရည်အသွေးဆိုင်ရာတို့ကို စမ်းသပ်မှုများဖြင့်လည်း မှတ်ကျောက်တင်အကဲဖြတ် ရွေးချယ်ခဲ့ပါတယ်။ ၎င်းတို့အထဲမှာ အလားအလာကောင်းမျိုးထွန်းလိုင်းအား ၁၉၉၉ ခုနှစ် မိုးရာသီမှ ၂၀၀၁ ခုနှစ်အထိ ရေဆင်း၊ မှော်ဘီ၊ သဲကုန်း၊ ကျောက်ဆည် သုတေသနခြံများတွင် ကွင်းထုတ်စမ်းသပ်၍ စင်ပေါ်တင်ပေးပြီး လူလားမြောက်စေခဲ့ပါတယ်။ အထွက်နှုန်းမှာ ၈၀-၁၂၀ တင်းထိ ထွက်ရှိပြီး ဆန်အရည်အသွေးကောင်းသဖြင့် စပါးလောကတွင် ထိုခေတ်က မျက်နှာပန်းလှခဲ့ပါတယ်။

၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ ရေဆင်း၊ မြောင်းမြ၊ လက်ပံတန်း၊ ညောင်တုန်း၊ မတ္တရာ ၊ ပျဉ်းမနား၊ သဲကုန်း၊ မိုးညှင်း၊ ကျိုင်းတုံ၊ တောင်ကြီး (တာယောခြံ)တို့တွင် နွေစပါးအဖြစ် စတင်ပွဲထုတ်ခဲ့ရာ အထွက်နှုန်း တင်း ၉၀-၁၅၀ ထိ ပေးစွမ်းနိုင်သဖြင့် လူသိများလာခဲ့ပါတယ်။ ၎င်းအချိန်က လက်ရှိစိုက်ပျိုးလျက်ရှိသော လုံးသွယ်မွှေး၊ မနောသုခ၊မှော်ဘီ ဆန်မျိုးများထက် နှာတစ်ဖျားသာလာသည်ကို တွေ့ရှိရပါတယ်။ရေဆင်းလုံးသွယ်စပါး၏ကောင်းခြင်း လက္ခဏာများကို ဆန်းစစ်ကြည့်ရင် အသက်ရက် ၁၂၅ ရက်၊ အပင်အမြင့် ၁၀၅ စင်တီမီတာ၊ အနှံပါ ပင်ပွား (၁၀-၁၂) ပင်၊ အနှံအရှည် ၂၈ စင်တီမီတာ၊ တစ်နှံပါအစေ့ ၁၅၉ စေ့၊ အောင်စေ့ ရာခိုင်နှုန်း ၉၀ ရာခိုင်နှုန်း ၊ ဆန်စေ့၏ အလျား ၇ ဒသမ ၆၁ မီလီမီတာ၊ အနံ ၂ ဒသမ ၂၃ မီလီမီတာ ၊ အလျား အနံအချိုး (၃း၄)၊ အစေ့၁၀၀၀ အလေးချိန် ၂၅ ဒသမ ၉ ဂရမ်၊ အမိုင်းလို့စ် ပါဝင်မှု ၂၂ ဒမသ ၂၊ ပရိုတိန်း ပါဝင်မှု ၈ ဒသမ ၂၂ ရာခိုင်နှုန်း၊ ထမင်းချက်လျှင် ဆန်သားရှည်ထွက်မှု ၁ ဒသမ ၅၆ ဆ၊ Gel Temper-ature မှာ High၊ Gel Consistency မှာ Intermidiate (Hard) ဆန်သားကြည်လင်ပြီး မွှေးရနံ့ရှိပြီး စားသုံးမှု နူးညံ့ပျော့ပြောင်းခြင်းတို့ ဖြစ်ပါတယ်။ မိဘမျိုးရိုးဇာတိ ကောင်းခြင်းကြောင့်ဖြစ်ပါတယ်။ ရာသီမရွေး စိုက်ပျိုးနိုင်ပါတယ်။

သို့ပါ၍ ပြည်ပပို့ကုန် အရည်အသွေးကောင်း စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးရန် စီမံစဉ်းစားလာချိန်တွင် အထက်ပါ ပြည်ပပို့ကုန်အရည်အသွေးကောင်းများဖြင့် ပြည့်ဝနေသော ရေဆင်းလုံးသွယ်စပါးကို ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ စစ်ကိုင်း၊မန္တလေး၊ မကွေး ၊မွန်၊ကရင်ဒေသများတွင် လက်မလွတ်တမ်း စိုက်ပျိုးသင့်ပါကြောင်း ရေးသားလိုက်ရပါတယ်။

## မြန်မာ့ဆိပ်ကမ်းတွင် ၉ . ၈ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - EF ELENA | ကုန်သေတ္တာ ၅၇၄ ကုန်တင်ဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - CAPE FLORES | ကုန်သေတ္တာ ၅၂၈ ကုန်တင်ဆဲ |
| အလုံဆိပ်ကမ်း(၂) | -OCEAN PROBE | ကုန်သေတ္တာ ၄၈၂ ကုန်ချဆဲ |
| အလုံဆိပ်ကမ်း(၃) | - BANG PA KAEW | သကြား ၇၀၀၀ တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း(၄) | - HAN THAR | သကြား ၉၀၀၀ တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - KEREM | ဆန် ၂၂၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၆) | - STC COLUMBUS | သကြား ၇၆၀၀ တန်ကုန်ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | - SHANG HAI-M | Fertilizer ၁၁၀၀၀ ကုန်ချဆဲ |
| MIPLဆိပ်ကမ်း | - PACIFIC TAMARITA | Steel ၂၅၉၆၁ ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - PACIFIC PRIDE | Steel Product ၂၆၃၉၆ ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - RU YI SONG | Steel &Equipment ၉၇၂၂ ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CHARITES | သကြား (၂၅၀၀)တန်ကုန်ချရန် | THAI | ၁၀.၈.၂၀၁၈ |
| MOON LIGHT | သကြား (၃၀၀၀)တန်ကုန်ချရန် | THAI | ၁၀.၈.၂၀၁၈ |
| MUROTO | PKGS,STEEL PLATE&Transformer (၈၃၇)ကုန်ချရန် | JAPAN | ၁၀.၈.၂၀၁၈ |
| MAAN AUNG | သကြား (၇၅၀၀)တန်ကုန်ချရန် | THAI | ၁၀.၈.၂၀၁၈ |
| WAIMEA | Coal(In Bulk) ၇၉ ကုန်ချရန် | SINGAPORE | ၁၂.၈.၂၀၁၈ |
| BBC NYHAVN | Grinders&Cross Bearms ၁၂၃၆ ကုန်ချရန် | Bangalardesh | ၁၄.၈.၂၀၁၈ |
| VIKING AMBER | Unit Vehicle(RO/RO) ၁၅၀ ကုန်ချရန် | JAPAN | ၂၂.၈.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KOTA HASIL | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၈.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၈.၂၀၁၈ |
| ALS SUZURAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၈.၂၀၁၈ |
| SAM PEDRO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၁.၈.၂၀၁၈ |
| PACITA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၁.၈.၂၀၁၈ |
| AS FENJA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၈.၂၀၁၈ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၂.၈.၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၃.၈.၂၀၁၈ |
| TORREST STRAIT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၄.၈.၂၀၁၈ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၈.၂၀၁၈ |
| BOX EXPRESS | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၅.၈.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၈.၂၀၁၈ |
| MCC SHANGHAI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၈.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၇.၈.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.ORCA PACIFIC | ဒီဇယ်ဆီ | - | ၁၀.၈.၂၀၁၈ |
| MT.BLUE LINE-1 | P'Oil(In Bulk) | SINGAPORE | ၁၀.၈.၂၀၁၈ |
| MT.VIET STAR | P'Oil(In Bulk) | SINGAPORE | ၁၁.၈.၂၀၁၈ |
| MT.BAWGA PACIFIC | MOGAS(92 RON) | SINGAPORE | ၁၁.၈.၂၀၁၈ |
| MT.FLY SEAL | MOGAS(92 RON) | SINGAPORE | ၁၂.၈.၂၀၁၈ |
| MT.PHUBAI PATTRA | ဒီဇယ်ဆီ | SINGAPORE | ၁၃.၈.၂၀၁၈ |
| MT.MESON | ဒီဇယ်ဆီ | SINGAPORE | ၁၅.၈.၂၀၁၈ |
| MT.CHAO ANOMA | P'Oil(In Bulk) | INDONISIA | ၁၆.၈.၂၀၁၈ |
| MT.YU DONG | ဒီဇယ်ဆီ | SINGAPORE | ၁၆ ၈.၂၀၁၈ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၁၆.၈.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၂၀.၈.၂၀၁၈ |

## ကြက်သွန်

# မူဆယ်မှ ဇူလိုင်လအတွင်း ကြက်သွန်နီတန်ချိန် ၄၀၀ ကျော်တင်ပို့

ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၄၀ သန်းတန်ဖိုး ရှိကြက်သွန်နီ ၉၀၁ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၁၂၈၆ တန်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၉၅ တန် လျော့နည်းခဲ့ပါတယ်။ ဇူလိုင်လအတွင်း မူဆယ်မှ ကြက်သွန်နီ တန်လေးထောင်ကျော် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန် ဒေါ်လာ ၃၅၀၄၂ တန်ဖိုးရှိ ကြက်သွန်နီ တန် ၁၁၀ ကျော်ကိုလည်းကောင်း၊ တာ ချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၈၅၀၀ တန်ဖိုးရှိကြက်သွန်နီ တန် ၄၀၀ ကိုလည်းကောင်း ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ ဇူလိုင်လအတွင်း မြဝတီမှ ကြက်သွန်နီ တန် ၃၀၀ နဲ့ တာချီလိတ်မှ တန် ၇၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ပြည် ကြက်သွန်နီ အဝင်ပုံမှန်ရှိပေမယ့် အရောင်းအဝယ်အေး

ပြည်ဈေးကွက်သို့ ပခုက္ကူ၊ ဆိပ်ဖြူ၊ တောင်တွင်း၊ သရက်၊ အောင်လံဘက်မှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင်အိတ် ၄၀၀ ခန့် ပုံမှန်အဝင်ရှိနေတာ တွေ့ရပါတယ်။ အရောင်းအဝယ် အားဖြင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ ယခင် ပြည်ပွဲရုံ ဈေးကွက်မှ နယ်ကျော် တင်ပို့မှုအဖြစ် တင်ပို့နေရာမှ ယခုအခါ လမ်းပန်းဆက်သွယ်ရေး ကောင်းသဖြင့် ဧရာဝတီ၊ ရခိုင်ဘက်မှ အချို့သော ကြက်သွန်နီ ရောင်းသူများအနေဖြင့် မန္တလေးတိုင်း၊ မကွေးတိုင်းတို့သို့ တိုက်ရိုက်မှာယူ ရောင်းချမှုများကြောင့် ပြည်ဈေးကွက်အနေဖြင့် ပုံမှန်ဈေးကွက်ဖြစ်သော ဒေသတွင်းဝယ်လက်သမားများ၊ အိတ်ဆွဲသမားများနှင့်သာ ရောင်းဝယ်နေရပြီး အရောင်းအဝယ်မှာ အေးနေကြောင်း သိရပါတယ်။

ဈေးနှုန်းအနေနဲ့ ပြည်ပွဲရုံများတွင် အရည်အသွေးပေါ် မူတည်၍ လက်ကားတစ်ပိဿာကို ကျပ် ၅၀၀-၅၅၀-၆၀၀-၆၅၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေးအသေးများတွင် တစ်ပိဿာကို (ကြီး)ကျပ် ၇၀၀-၇၅၀၊ (လတ်)ကျပ် ၈၀၀-၉၀၀၊ (သေး) ကျပ် ၆၅၀-၇၀၀ စသည်ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

# အလှူအတန်းပေါ်များ၍ ကြက်သွန်နီပွဲရုံဈေး အေးသော်လည်း လက်လီအဝယ်ရှိနေ

ရေနံချောင်းမြို့နယ်ထွက် ကြက်သွန်နီများ ပွဲရုံဈေးအေးနေသော်လည်း အလှူပွဲလမ်း ပေါ်များပြီး အသုံးပြုကြကာ လက်လီသမားများ အဝယ်ရှိနေရာ အနည်းငယ် ဈေးပိုရနေကြောင်း ပွဲစားများ၊ ရောင်းဝယ်သူများထံက သိရသည်။

ကြက်သွန်နီကြီးတစ်ပိဿာကျပ်၉၀၀၊ ကြက်သွန်နီ လတ်တစ်ပိဿာကျပ် ၇၅၀ နှင့် လက်လီ အဝယ်ရှိနေကြောင်း ယခင်တစ်ပတ်တွင် ကြက်သွန်နီလတ် တစ်ပိဿာကျပ် ၆၀၀ ဈေး ရောင်းရကာ ကြက်သွန်အကြီးမှာ လက်လီဈေးအနေနှင့် ထုတ်ရောင်းတာမျိုး မရှိဘဲ ယခုမှ ထုတ်ရောင်းလာကြောင်း၊ ပွဲရုံဈေးအနေနှင့် ကြက်သွန်ကြီး ပိဿာတစ်ရာလျှင် ကျပ် ၇၅၀၀၀ နှင့်ကြက်သွန်နီလတ်မှာ ကျပ် ၆၃၀၀၀ ဝယ်ရကြောင်း လက်လီရောင်းသူ မသန်းဝင်းကပြော၍ သိရသည်။

အလှူအတန်းပေါ်များတဲ့ ကာလဖြစ်တာကြောင့် တစ်ရက်ခြားကို ကြက်သွန်နီပိဿာ ၃၀၀ ကျော် အဝယ်ရှိကြောင်း ယခင်တစ်ပတ်တွင် ပိဿာ ၂၀၀ သာ ရောင်းရကြောင်း အချို့ရက်များတွင် လုံးဝအဝယ်မရှိကြောင်းနှင့် ယခုပြန်အဝယ်ရှိနေကြောင်း ဈေးကွက်မှသိရသည်။

**ရွှေဇင်(ရေနံချောင်း)**

# တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော တန်တစ်သောင်းခန့် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇၆၈၉၇ တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၆၂၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၆၀၀ နဲ့ နှိုင်းယှဉ်ပါက ၂၅ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

အလားတူ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၀၇၅၅ တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၃၈ တန် တင်ပို့ခဲ့ပါတယ်။ လွယ်ဂျယ်မှ ယခင်တစ်ပတ်က တစ်သျှူးငှက်ပျောတင်ပို့မှုမရှိခဲ့ပါဘူး။ ကန်ပိုက်တီနဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ဇူလိုင်လတစ်လလုံး တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော တန်တစ်သောင်းခန့် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၀၂၉၄ တန်ဖိုးရှိ တစ်သျှူးငှက်ပျောတန် ၃၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၁၅၀ နဲ့ နှိုင်းယှဉ်ပါက တန် ၁၅၀ လျော့နည်းတင်ပို့ခဲ့ပါတယ်။ တစ်သျှူးငှက်ပျော တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ကျပ် ၄ သိန်းခန့်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ဒီတစ်ပတ် မန်ကျည်းပြန်လည်တင်ပို့

ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်းစေ့ တန်ချိန် ၁၅၀ ကိုရေလမ်းမှ ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ် အပို့ပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။ မန်ကျည်းစေ့တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၇၀ ကျော်သာရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းစေ့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၆၅၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# မူဆယ်မှ သကြားတန်တစ်သိန်းခွဲ တရုတ်နိုင်ငံသို့ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၃၄၇ သန်း တန်ဖိုးရှိ Re- Export သကြား ၄၃၉၀၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၆၈၅၄ တန်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ် ၁၇၀၅၈ တန် ပိုမိုတင်ပို့ခဲ့ကြောင်း၊ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က သကြားတစ်တန်လျှင် ကျပ် ၉၃၀၈၀၀ ဈေးရှိရာ ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်ထိ ရက်သတ္တပတ်တွင် ကျပ် ၉၅၀၃၀၀ ဈေးသို့ဈေးမြင့်တက်ခဲ့ကြောင်း၊ ဇူလိုင်လ တစ်လလုံး မူဆယ်မှ တရုတ်နိုင်ငံသို့ Re - Export သကြားရော၊ ရိုးရိုးသကြားပါ တန်ချိန် တစ်သိန်းခွဲ တင်ပို့နိုင်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ချင်း

# အောင်ပန်းဈေးကွက်မှာ ချင်းအဝင်များ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းအဝင်များနေပါတယ်။ ယခင်လတွေက ချင်း(စို)ဈေးကောင်းနေတော့ တောင်သူတွေကလည်း ဥမတွေကိုဖော်လာကြပါတယ်။ အဝင်များလာပြီး ရာသီဥတုကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိနေလို့ ဝယ်လက်တွေက ခဏရပ်နေတယ်လို့ သိရပါတယ်။ အရောင်းကလည်း အေးပြီး၊ အဝင်ကများလာတော့ ဈေးကလည်း ကျလာပါတယ်။ ယခင်တစ်ပတ်က ထက် တစ်ပိဿာကို ကျပ် ၁၀၀ ဈေးကျလာတယ်လို့ အောင်ပန်းချင်းပွဲရုံတွေထံက သိရပါတယ်။ ယခင်တစ်ပတ်တွေကထက် ရောင်းအားကျသွားတယ်ဆိုပေမယ့် ပြည်တွင်းဝယ်လက်တွေကတော့ အဝယ်ရှိနေတာကြောင့် တစ်ပတ်အတွင်းမှာ ချင်းစို ပိဿာချိန်ပေါင်း (၄ ဒသမ ၁)သိန်းနဲ့ ချင်းခြောက်ကတော့ ပိဿာချိန် ၁ ဒသမ ၈ သိန်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ် ချင်း(စို)ပေါက်ဈေးက တစ်ပိဿာကို ကျပ် ၄၅၀ မှ ကျပ် ၅၅၀၊ ချင်းခြောက်က ကျပ် ၈၀၀ ဈေးပေါက်နေပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ အရောင်းအဝယ်က အေးနေပြီး ဒေသတွင်းသုံး အဖြစ်သာဝယ်ယူမှုရှိတယ်လို့လည်း သိရပါတယ်။ လက်လီဈေးသာ အရောင်းအဝယ်ဖြစ်နေပြီး လက်လီဈေးကတော့ တစ်ပိဿာကို ကျပ် ၈၀၀ မှ ကျပ် ၁၀၀၀ ဈေးရှိပါတယ်။ လက်ကားဈေးကတော့ ကျပ် ၄၀၀ မှ ကျပ် ၅၀၀ ဈေးရှိပေမယ့် အရောင်းအဝယ်က သိပ်ပြီးမဖြစ်သေးဘူးလို့လည်း ဟိုပုံးချင်းပွဲရုံတွေက သိရှိရပါတယ်။

**ဇေခိုင် (တောင်ကြီး)**

# ဘင်္ဂလားဒေ့ရှ်နဲ့ သီရိလင်္ကာသို့ ချင်းတန်ချိန် ၁၀၀ ကျော်တင်ပို့

ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက် သီတင်းပတ်အတွင်းချင်း ၈၄၂ တန် ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၈၂၄ တန်နဲ့ သီရိလင်္ကာနိုင်ငံသို့ ၁၈ တန် တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ ချင်းစိုနဲ့ ချင်းခြောက် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ချင်းစိုက တစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၀၀-၂၂၀ ဝန်းကျင်ရရှိခဲ့ပြီး ချင်းခြောက်က တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၃၁၅ ရရှိခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၂၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း

# နနွင်းတန်ချိန် ၂၀၀ ကျော်တင်ပို့

ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၂၀၅ ဒသမ ၅၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၁၁၇ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၅၄တန်၊ စင်ကာပူနိုင်ငံသို့ ၁၈တန်နဲ့ ရိုမန်နိုင်ငံသို့ ၁၆ ဒသမ ၅၂ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပါတယ်။ နနွင်းတစ်တန် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၅၀-၆၀၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်း ၁၁၈ တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၀ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၇၃၈၂ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# အရောင်းအဝယ်အေးနေတဲ့ ရှမ်းနနွင်း

ရှမ်းနနွင်းက ဒီနှစ်မှာ သိပ်ပြီး အရောင်းအဝယ်မကောင်းလှဘူးလို့ သိရပါတယ်။ ရှမ်းပြည်နယ်မှာထွက်တဲ့ အကောင်းဆုံးဆိုတဲ့ ဆင်တောင်နနွင်းတောင် သိပ်ပြီး အရောင်းအဝယ်မဖြစ်ဘူးလို့ ဆိုပါတယ်။ မနှစ်က ဆင်တောင်နနွင်းမှာ အတော်ကိုအရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးကွက်မှာလည်း အစောကြီး ပြတ်သွားပါတယ်။ ဈေးကောင်းပြီး အထွက်နှုန်း ကလည်းနည်းသွားလို့ ဒီနှစ်မှာ ဆင်တောင်နနွင်းကို အခြားမျိုးကောင်းတဲ့ ထိပ်စတွေနဲ့ရောနှောပြီး ရောင်းလာကြတာကြောင့် ဝယ်လက တွေက သိပ်ပြီးမဝယ်ကြတော့ဘူးလို့ သိရပါတယ်။

အောင်ပန်း ဈေးကွက်မှာ အဝင်နည်းသွားပြီး တောင်သူတွေရဲ့လက်ထဲမှာလည်း အနည်းအကျဉ်းသာကျန်၍ ပွဲရုံတွေမှာသာ လက်ကျန်ရှိနေပါတယ်။ ပွဲရုံလက်ကျန်တွေကလည်း ထိပ်စတွေကသိပ်မများဘဲ လတ်စတွေသာများနေ တယ်လို့လည်း သိရပါတယ်။ ထိပ်စတွေကိုတော့ အမှုန့်ကြိတ်ဖို့ဝယ်ယူသလို (လတ်စ)တွေကိုတော့ ခြင်ဆေးပြုလုပ်ဖို့အတွက် ရောင်းနေရတယ်လို့လည်းသိရပါတယ်။ စစ်တွေဝယ်လက်တွေက အများဆုံးဝယ်ယူနေပြီး တောင်တွင်းကြီး၊ ပြည်ဝယ်လက်တွေကတော့ ဒုတိယအဝယ်လိုက်နေပါတယ်။ တစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း ၁ ဒသမ ၂ သိန်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်၊ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးတွေကတော့ (လတ်စ)က ကျပ် ၇၀၀ မှ ကျပ် ၈၀၀၊ အောင်ပန်း(ထိပ်စ)က ကျပ် ၉၀၀ မှ ကျပ် ၁၅၀၀ နဲ့ ဆင်တောင်နနွင်းက ကျပ် ၂၀၀၀ ဈေး ရှိပါတယ်။

**ဇေခိုင်၊ တောင်ကြီး**



# လေးလအတွင်း ပြည်ပကုန်သွယ်မှုမြင့်တက် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော်ရရှိ

## ကာလတူထက် ၁ ဒသမ ၅ ဘီလီယံပိုမိုပြီးလျာထားချက်ကျော်လွန်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားအကျိုးစီးပွား တိုးတက်အောင် ဆောင်ရွက်ရန် မျှော်မှန်းချက် (Vision) ချမှတ်ကာ နိုင်ငံတော်၏ စီးပွားရေး မူဝါဒနှင့် ကုန်သွယ်ရေးကဏ္ဍရဲ့ လုပ်ငန်းစဉ်တွေကို ချိတ်ဆက်ပြီး လုပ်ငန်းစဉ်(၂၆)ရပ်ကို ကဏ္ဍကြီး (၆)ရပ်ဖြစ်တဲ့ ကုန်သွယ်မှု မြှင့်တင်ရေး (Trade Promotion)၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး (Trade Facilitation)၊ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေး (Trade Negotiation)၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးရေး (Trade Liberalization)၊ ကုန်သွယ်မှု ပညာပေးရေး (Trade Education) နဲ့ စားသုံးသူအကာအကွယ်ပေးရေး (Consumer Protection)တို့ကို ဟန်ချက်ညီညီနဲ့ အစိုးရကဏ္ဍ၊ ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် ကုန်သွယ်ရေးကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍတွင် တည်ရှိနေပါတယ်။ သို့အတွက် နှစ်စဉ်ကုန်သွယ်မှုပမာဏ တိုးတက်အောင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်သည် မြန်မာ့ကုန်သွယ်မှု သမိုင်းတစ်လျှောက် ကုန်သွယ်မှုပမာဏ အများဆုံး ဆောင်ရွက်နိုင်ခဲ့သည့် နှစ်တစ်နှစ်ဖြစ်ခဲ့သလို ဆက်လက်ပြီး ၂၀၁၈ ခုနှစ် (Mini Budget)တွင်လည်း ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေး ဘက်စုံကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိပါတယ်။

ယခု ၂၀၁၈ ခုနှစ် Mini Budget တွင် ၂၀၁၈ ခုနှစ် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ် ၃ ရက်အထိ လေးလအတွင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါ ပထမလေးလအတွင်း ကုန်သွယ်မှုပမာဏလျာထားချက်သည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၃ ဘီလီယံဖြစ်သဖြင့် လျာထားချက် ပြည့်မီရုံမျှမက ကျော်လွန်ကာ ၁၃၃ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ယခုနှစ် ပထမလေးလအတွင်းကာလမှာ ဆောင်ရွက်နိုင်သော ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရသည့်အတွက် သမိုင်းမှတ်တိုင်စိုက်ထူ နိုင်ခဲ့သည့် ယခင်နှစ်ထက်ပင် ယခုနှစ်ကုန် သွယ်မှုပမာဏဟာ ပိုမိုလျက်ရှိတာကို တွေ့ရပါတယ်။ ဤအချက်များကို ကြည့်ခြင်းအားဖြင့် ယခုနှစ်မှာလည်း ကုန်သွယ်မှု ဟာ အရှိန်အဟုန်ကောင်းစွာနဲ့ ဆက်လက်တိုးတက်လျက်ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ဧပြီမှ ဩဂုတ် ၃ ရက်အထိ ပို့ကုန်တင်ပို့နိုင်မှုကို ကြည့်လျှင် ၅ ဒသမ ၆၉ ဘီလီယံရှိပြီး ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၁၁၃၄ သန်း တင်ပို့နိုင်ခဲ့တယ်ဆိုတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

**ရှင်မင်းအုံ ( တန့်ဆည် )**

**တန်ဖိုးဒေါ်လာသန်းပေါင်း**

| အကြောင်းအရာ | ၂၀၁၈ (ဧပြီလမှ ဩဂုတ် ၃ ရက်အထိ) | ၂၀၁၇ (ဧပြီလမှ ဩဂုတ် ၃ ရက်အထိ) | နှိုင်းယှဉ်ချက် (+/-) |
|---|---|---|---|
| လယ်ယာထွက်ပစ္စည်း | ၉၅၀.၂၉၈ | ၁၁၀၄.၅၈၃ | - ၁၅၄.၂၈၅ |
| တိရစ္ဆာန်ထွက်ပစ္စည်း | ၁၀၈.၁၄၅ | ၄.၅၁၈ | ၁၀၄.၀၂၇ |
| ရေထွက်ပစ္စည်းများ | ၁၉၈.၇၇၁ | ၁၇၈.၁၉၃ | ၂၀.၅၇၈ |
| သတ္တုတွင်းထွက်ပစ္စည်း | ၆၆၄.၉၈၄ | ၃၆၃.၅၈၈ | ၃၀၁.၃၉၆ |
| သစ်တောထွက်ပစ္စည်း | ၆၃.၇၅၉ | ၇၉.၅၆၅ | - ၁၅.၈၀၆ |
| စက်မှုကုန်ချောပစ္စည်း | ၃၀၇၂.၄၆၁ | ၂၂၀၄.၇၃၂ | ၈၆၇.၇၂၉ |
| အခြားပစ္စည်းများ | ၆၃၃.၆၇၉ | ၆၂၂.၄၉၁ | ၁၁.၁၉၈ |
| **စုစုပေါင်း** | **၅၆၉၂.၅၀၇** | **၄၅၅၇.၆၇၀** | **၁၁၃၄.၈၃၇** |

တိရစ္ဆာန်ထွက်ပစ္စည်း တင်ပို့မှု၌ ၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ် ၃ ရက်အထိ)အတွင်း အမေရိကန်ဒေါ်လာ ၁၀၈ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယခင် ကာလတူတွင် အမေရိကန်ဒေါ်လာ ၄ သန်းသာ တင်ပို့နိုင်ခဲ့သောကြောင့် အမေရိကန်ဒေါ်လာ ၁၀၄ သန်း ပိုမိုတင်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၉ ရက်ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၄၉/၂၀၁၇) ဖြင့် ကျွဲ၊ နွား အရှင်များ တင်ပို့ခွင့်ပြုခဲ့ပြီးဖြစ်ပါသဖြင့် တိရစ္ဆာန်ထွက် ပစ္စည်းအုပ်စုတွင် ယခင်နှစ်ထက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး တိရစ္ဆာန်အရှင် တင်ပို့မှုအနေဖြင့် နွားအရှင် ၆၇၇၆၄ ကောင်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၈၁ သန်း၊ ကျွဲအရှင် ၁၂၂၉၈ ကောင်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ သန်း၊ စုစုပေါင်း နွား/ကျွဲကောင်ရေ ၈၀၀၆၂ ကောင်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၉၇ သန်းနှင့် ဆိတ်အရှင် ၃၅၄၆၀ ကောင်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅၈ သန်းနှင့် တင်ပို့နိုင်ခဲ့ပါတယ်။

ရေထွက်ပစ္စည်း တင်ပို့မှုတွင်လည်း ၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ် ၃ ရက်အထိ)အတွင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၈ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၀ သန်းကျော် ပိုမို တင်ပို့နိုင်ခဲ့သဖြင့် ယခုဘဏ္ဍာနှစ်တွင် ရေထွက်ပစ္စည်းတင်ပို့မှု ပိုမို တိုးတက်လာနိုင်ကြောင်း သုံးသပ်ရရှိပါတယ်။

သတ္တုတွင်းထွက် ပစ္စည်းများ တင်ပို့မှုတွင် ၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ် ၃ ရက်အထိ) အတွင်း သတ္တုတွင်းထွက်ပစ္စည်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၆၅ သန်း တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၃၀၁ သန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ သတ္တုနှင့်သတ္တုရိုင်းများ တင်ပို့မှုတန်ချိန် ၈၆၃၉၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၀ သန်း တင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၆၆ သန်းနှင့် ကျောက်စိမ်း တင်ပို့မှု တန်ချိန် ၁၁၄၉ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၆၂ သန်း တင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၃၉ သန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။။

၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ် ၃ ရက်အထိ) အတွင်း ပို့ကုန် တင်ပို့မှုတွင် စက်မှုကုန်ချောပစ္စည်း အုပ်စုမှ CMP စနစ်ဖြင့် ချုပ်ပြီးအထည် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၈၄ သန်းဖြင့် တင်ပို့မှုတန်ဖိုး အများဆုံးဖြစ်ပြီး ယခင်ကာလတူထက် တန်ဖိုးအမေရိကန်ဒေါ်လာ ၇၀၄ သန်း ပိုမိုတင်ပို့ခဲ့ပါတယ်။ သဘာဝဓာတ်ငွေ့သည် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၈၇ သန်းဖြင့် တင်ပို့မှုတန်ဖိုး ဒုတိယ အများဆုံးနေရာတွင်ရှိနေပြီး ယခင်နှစ် ကာလတူထက် တန်ဖိုး အမေရိကန်ဒေါ်လာ ၇၇ သန်းလျော့နည်း တင်ပို့နိုင်ခဲ့ပါတယ်။

သွင်းကုန် တင်သွင်းမှုအနေနဲ့ကတော့ ၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ် ၃ ရက်အထိ) ပထမလေးလကာလအတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၅ ဘီလီယံ တင်သွင်းနိုင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၃၇၀ ပိုမိုခဲ့ကြောင်း တွေ့ရှိရပါတယ်။

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက် တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့ပါတယ်-

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| အကြောင်းအရာ | ၂၀၁၈ (ဧပြီလမှ ဩဂုတ် ၃ ရက်အထိ) | ၂၀၁၇ (ဧပြီလမှ ဩဂုတ် ၃ ရက်အထိ) | နှိုင်းယှဉ်ချက် (+/-) |
|---|---|---|---|
| ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ | ၂၃၅၅.၇၆၇ | ၂၃၀၀.၈၅၆ | ၅၄.၉၁၁ |
| လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ | ၂၅၉၃.၂၂၆ | ၂၄၉၅.၄၈၈ | ၉၇.၇၃၈ |
| လူသုံးကုန်ပစ္စည်းများ | ၁၆၉၈.၄၆၈ | ၁၅၆၃.၄၄၁ | ၁၃၅.၀၂၇ |
| စုစုပေါင်း | ၆၆၄၇.၄၆၁ | ၆၃၅၉.၇၈၅ | ၂၈၇.၆၇၆ |

၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ် ၃ ရက်အထိ)အတွင်း အဓိက သွင်းကုန်ပစ္စည်းများမှာ ရင်းနှီးမြှုပ်နှံမှု ပစ္စည်းအုပ်စုမှ စက်နှင့် စက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၄၃၅ သန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် အပိုပစ္စည်းများ အမေရိကန်ဒေါ်လာ ၄၀၇ သန်း၊ သံနှင့် သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ အမေရိကန်ဒေါ်လာ ၃၇၅ သန်း၊ သင်္ဘောနှင့် သင်္ဘောပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၉၉ သန်း၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုမှ ရေနံထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၃၀၆ သန်း၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်း အမေရိကန်ဒေါ်လာ ၂၅၁ သန်း၊ သံနှင့် သံမဏိပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၆၄ သန်း၊ ဓာတ်မြေဩဇာ အမေရိကန်ဒေါ်လာ ၁၄၆ သန်းနှင့် လူသုံးကုန်ပစ္စည်း အုပ်စုမှချည်ထည်များ အမေရိကန်ဒေါ်လာ ၃၂၉ သန်း၊ ဆေးဝါးပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၈၈ သန်းနှင့် စားအုန်းဆီ အမေရိကန်ဒေါ်လာ ၁၆၄ သန်းတို့ဖြင့် အဓိက အများဆုံး တင်သွင်းလျက်ရှိပါတယ်။

ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ စက်သုံးဆီ အပါအဝင် ရေနံထွက်ပစ္စည်း၊ စက်နှင့် စက်ပစ္စည်းများ၊ ကုန်ကြမ်းနှင့် စိုက်ပျိုးရေးသွင်းအားစု၏ အဓိကလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာများ ပိုမိုတင်သွင်းလာသည်ကို ကြည့်ခြင်းအားဖြင့် မိမိနိုင်ငံအတွင်းရှိ ပြည်ပကုန်ကြမ်းအသုံးပြု ထုတ်လုပ်သော ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အသေးစား/အလတ်စား SMEs လုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများနှင့် ပင်မစိုက်ပျိုးရေးနယ်ပယ်များ၌ လုပ်ငန်းများ ကောင်းစွာလည်ပတ် လုပ်ကိုင်လျက်ရှိတာကို သိရှိနိုင်မှာပဲ ဖြစ်ပါတယ်။

လက်ရှိကာလအတွင်း ကမ္ဘာ့အင်အားကြီးနိုင်ငံများရဲ့ နိုင်ငံရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုများကြောင့် အမေရိကန်ဒေါ်လာသည် ငွေတန်ဖိုး ပိုမိုခိုင်မာလာပြီး နိုင်ငံခြားငွေ လဲလှယ်မှုဈေးနှုန်းသည်လည်း အတက်ဘက်သို့ ဦးတည်လျက်ရှိပါတယ်။ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲလာသည်နှင့်အမျှ ပြည်ပမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများနှင့်ဆက်စပ်သည့် ကုန်သွယ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများကိုပါ လိုက်ပါပြောင်းလဲစေပါတယ်။ ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းကာလများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်သော ငွေလဲနှုန်းများအရ အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၃၀ ကျပ်ဝန်းကျင်မှ ၁၃၃၅ ကျပ်ဝန်းကျင်၌ ရှိခဲ့ပြီး၊ ဧပြီလတွင် ၁၃၄၀ ကျပ်ဝန်းကျင်၊ မေလတွင် ၁၃၅၅ ကျပ်ဝန်းကျင်၊ ဇွန်လတွင် ၁၄၀၅ ကျပ်ဝန်းကျင်ဖြင့် တဖြည်းဖြည်း မြင့်တက်လာခဲ့ရာမှ ဇူလိုင်လတွင် ၁၄၂၉ ကျပ်၊ ဩဂုတ်လတွင် ၁၄၃၁ ကျပ်ထိ မြင့်တက်ခဲ့ပါတယ်။

**စာမျက်နှာ ၁၃ သို့**

စာမျက်နှာ ၁၃ သို့

## ဒီတစ်ပတ်ရေလမ်းမှ ဓာတ်ဆီ/ဒီဇယ်တန်ချိန် ၆၀၀၀၀ ကျော်ဝင်

ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်လ ၄ ရက်အထိသီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂၇၇၀၇၅၄၆ တန်ဖိုးရှိဒီဇယ် ၄၄၀၄၇ ဒသမ ၄၇တန်နဲ့ အမေရိကန်ဒေါ်လာ ၁၃၃၈၃၆၉၇ တန်ဖိုးရှိဓာတ်ဆီ ၂၂၁၆၉ ဒသမ ၇၁တန်၊ စုစုပေါင်း ၆၆၂၁၇ ဒသမ ၁၈တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၁၀၄၃၀နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန်၃၃၆၁၀ကျော် အဝင်ခဲ့ပြီးယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၃၂၇၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၀၅၈၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၁၃ဒသမ ၅၈၀ သန်းတန်ဖိုးရှိအဆင့်မြင့် **Re-export**ဒီဇယ်တန်ချိန်၁၈၃၁၇ ဒသမ ၈၇ တန်တင်ပို့ခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၈၅၀၀ ကျော် တန်ဖိုးရှိ ဓာတ်ဆီ ၃၂ ဒသမ ၆၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ထိုင်းနယ်စပ်မှ ရေထွက်ကုန်တင်ပို့မှု ပိုမို

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ ဇူလိုင် ၂၈ ရက် မှ ဩဂုတ် ၃ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၁၂ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၄၁၃ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် က ၁၁၂၂တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၉၁ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန် လျော့နည်းခဲ့ပေမယ့် မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် ပိုမိုတင်ပို့ ခဲ့တဲ့အတွက် ယခုလို ပိုမိုရခြင်းဖြစ်ပါတယ်။ တင်ပို့မှုကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၆၇ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်းတို့ကို ၄၅ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၇၁ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ အခြားရေထွက် ပုစွန်၊ ကဏန်း၊ ကင်းမွန်၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့်တို့ကို တန် ၆၀၀ ခန့်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၇၃ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ သဲကဏန်း၊ ငါးမှုတို့ကို ၇၆၈ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## တရုတ်နိုင်ငံသို့ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့လွယ်ဂျယ်မှ ဇူလိုင်လနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ ၁၁၃ သန်း တန်ဖိုးရှိပြောင်းဖူးစေ့ ၉၈၄၈တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၉၁၄၈ တန်နဲ့ နှိုင်းယှဉ်ပါက တန် ၇၀၀ ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ၃၁၆၅၇၈ ကျပ်ရှိရာမှ ဇူလိုင်လ နောက်ဆုံးပတ်မှာ ၃၁၄၈၉၄ ကျပ်သို့ ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကား ၂၈၈ စီးဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၂၆ စီးလျော့နည်းခဲ့ကြောင်း၊ ဇူလိုင်လ တစ်လလုံး တရုတ်နိုင်ငံသို့ ပြောင်းဖူးစေ့ တန်ချိန် ၆ သောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

## Energy NYMEX 10-8-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 66.60 | -0.21 | -0.31 |
| Brent Crude Futr (USD/bbl) | 71.87 | -0.20 | -0.28 |
| Gasoline Rbob Fut (Cent/gal) | 200.52 | 0.53 | 0.27 |
| Natural Gas Futr (USD/MMBtu) | 2.94 | -0.02 | -0.64 |
| Heating Oil Futr (Cent/gal) | 211.02 | -0.17 | -0.08 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 6-August | 15.35 | 2632.68 | 2008.51 | 6122.71 | 829.00 |
| 7-August | 15.30 | 2622.76 | 2020.85 | 6096.26 | 823.00 |
| 8-August | 15.39 | 2652.29 | 2019.75 | 6156.65 | 829.00 |
| 9-August | 15.44 | 2667.06 | 2096.00 | 6187.73 | 833.00 |
| 10-August | 15.30 | 2608.65 | 2042.67 | 6144.53 | 826.00 |

## အမေရိကန်ဒေါ်လာဈေးမြင့်တက်မှု စံချိန်တင်

ဈေးနှုန်းများပြန်လည်မြင့်တက်လာနေသော ပြည်တွင်းငွေလဲဈေးကွက်သည် ဩဂုတ်လဒုတိယပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ်၁၄၇၀သို့ စံချိန်တင် ဈေးမြင့်တက်ခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင်၁၄၃၁ကျပ်မှ တစ်ဒေါ်လာလျှင် ၁၄၄၂ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ ကြောင်းသိရသည်။

အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲအရှိန်ရလာမှုကြောင့် အမေရိကန်ဒေါ်လာအညွှန်းကိန်းမြင့်တက်နေခြင်းကြောင့် ငွေလဲနှုန်းမြင့်တက်နေကြောင်း၊ ပြည်တွင်းငွေလဲနှုန်းများမှာလည်း လအနည်းငယ်အတွင်းစံချိန်တင်မြင့်တက်လာနေသော်လည်း သတိထားရန်မှာ ငွေလဲလှယ်နှုန်းသည် ရုတ်တရက် တစ်ဟုန်ထိုးမြင့်တက်လာပြီးနောက် ပြန်လည်ကျဆင်းတက်ခြင်းဖြစ်ကြောင်း၊ ဗဟိုဘဏ်မှ အမေရိကန်ဒေါ်လာငွေကြေးများကို ဈေးကွက်အတွင်းသို့ ဘဏ်များမှတစ်ဆင့်ရောင်းချလာခြင်းကြောင့် ငွေလဲလှယ်နှုန်းထား ပြန်လည်ကျဆင်းလာနိုင်ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဩဂုတ် ၆ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၄၆၃ကျပ်၊ဝယ်ဈေး ၁၄၆၀ကျပ်မှ ဩဂုတ် ၈ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၄၇၀ ကျပ်၊ ဝယ်ဈေး ၁၄၆၆ကျပ်သို့ ရောက်ရှိခဲ့ရာ ယခုနှစ်အတွင်း အမြင့်ဆုံးဈေးဖြစ်ခဲ့ပြီး ဩဂုတ် ၁၀ရက်တွင် အမေရိကန် တစ်ဒေါ်လာ ရောင်းဈေး ၁၄၆၃ကျပ်၊ ဝယ်ဈေး ၁၄၅၈ကျပ်ဖြင့် ဈေးပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေးအနည်းငယ်ပြန်တက်သော ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှုန်းသည် ဩဂုတ်လဒုတိယပတ်တွင်အနည်းငယ် ပြန်တက်လာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှစုံစမ်းသိရှိရသည်။ ဩဂုတ်လ ပထမပတ်က ကျပ် ၉၄၈၀၀၀ ဈေးရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ဩဂုတ်လ ဒုတိယပတ်အတွင်း ကျပ် ၉၄၉၀၀၀ ဝန်းကျင်သို့မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ ဒီတစ်ပတ်ပြည်တွင်းရွှေဈေးက အနည်းငယ်ပြန်တက်လာပေမယ့် ဒီလိုအတက်အကျလေးကတော့ ဈေးကွက်ထဲမှာ ရှိနေမှာပါ။ အရောင်းအဝယ်ပိုင်းကတော့ ပုံမှန်ဖြစ်နေပါတယ်။ ကောင်းတယ်လည်းမဟုတ်၊မကောင်းဘူးလည်း မဟုတ် ပုံမှန်လေးတော့ ရှိတယ်။ ကမ္ဘာ့ရွှေဈေးကတော့ကျတယ်။ ကမ္ဘာ့ကုန်သွယ်ရေးမှာလည်း တရုတ်နဲ့အမေရိကန်အပြန်အလှန်အခွန်တိုးကောက်ဖို့ ဒီတစ်ပတ်ထဲမှာ သတင်းထွက်လာတယ်။ အဲ့ဒါဆိုကုန်သွယ်ရေးတင်းမာမှုကလည်း ဆက်ပြီးရှိနေဦးမှာဆိုတော့ ကမ္ဘာ့ရွှေက အနိမ့်တန်းဖြစ်တဲ့ တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၂၀၀အောက်ကို ကျသွားမလားဆိုတဲ့ စိုးရိမ်မှုတွေရှိနေတယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်ဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဩဂုတ် ၆ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၄၈၅၀၀ရှိခဲ့ရာမှ ဩဂုတ်၈ရက်တွင် ကျပ်၉၄၉၅၀၀၀ သို့ မြင့်တက်ခဲ့ပြီး ဩဂုတ် ၁၀ရက်တွင် ကျပ် ၉၄၈၅၀၀ ဖြင့်ဈေးပိတ်သိမ်းခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဩဂုတ်၆ရက်က ရွှေတစ်အောင်စလျှင် ၁၂၁၀ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဩဂုတ် ၇ ရက်တွင် တစ်အောင်စလျှင် ၁၂၁၅ အမေရိကန် ဒေါ်လာသို့မြင့်တက်ခဲ့သော်လည်း ဩဂုတ် ၁၀ရက်တွင် ၁၂၀၈အမေရိကန်ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့ကြောင်းသိရသည်။ **သန်းထိုက်အောင်**

## TMH အစုရှယ်ယာအမြတ်ဝေစုများ ဩဂုတ်၁၀ရက်တွင် ခွဲဝေပေးမည်

TMHတယ်လီကွန်းကုမ္ပဏီ၏ မတ် ၃၁ရက်တွင် ကုန်ဆုံးခဲ့သော ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစုကျပ် ၂၀၀နှုန်းဖြင့် ဩဂုတ်၁၀ရက်မှစတင်ကာ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှသတင်းရရှိသည်။

TMHတယ်လီကွန်းကုမ္ပဏီ၏ ဩဂုတ် ၅ရက်တွင်ပြုလုပ်သော ကုမ္ပဏီနှစ်ပတ်လည် အထွေထွေအစည်းအဝေး၌ အစုရှယ်ယာ အမြတ်ဝေစုပမာဏကို အစုရှယ်ယာရှင်များက အတည်ပြုခဲ့ကြောင်း၊ ထို့ကြောင့် အစုရှယ်ယာတစ်စုလျှင်အမြတ်ဝေစုအဖြစ်ကျပ် ၂၀၀အား ဩဂုတ် ၁၀ရက်မှစတင်ကာ အစုရှယ်ယာရှင်များသို့ ထုတ်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ လိုင်စင်ရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွင် စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များအနေဖြင့် အမြတ်ဝေစုကို မိမိစာရင်းဖွင့်လှစ်ထားသော ငွေချေးသက်သေခံလက်မှတ်လက်မှတ်ကုမ္ပဏီများမှတစ်ဆင့်လက်ခံရရှိနိုင်မည်ဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားခြင်းမရှိသော အစုရှယ်ယာရှင်များအနေဖြင့် အမြတ်ဝေစုအား ကုမ္ပဏီသို့ တိုက်ရိုက်ဆက်သွယ်ကာထုတ်ယူနိုင်ကြောင်း သိရသည်။ငါးခုမြောက်စာရင်းဝင်ကုမ္ပဏီဖြစ်သည့် TMH Telecom Public Co.Ltd(တီအမ်အိတ်ချ်ဆက်သွယ်ရေးအ များပိုင်ကုမ္ပဏီ)၏ အစုရှယ်ယာများ ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်မှုကို ဇန်နဝါရီ ၂၆ရက်တွင် စတင်ခဲ့ပြီး ဩဂုတ်၁၀ရက်ရန်ကုန်စတော့အိတ်ချိန်းအရောင်းအဝယ်များအရ TMH အစုရှယ်ယာတစ်စုလျှင် ကျပ် ၂၉၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

August 10, 2018
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.37 |
| BDT | Bangladesh Taka | 84.84 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.85 |
| EUR | Euro | 0.87 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 68.97 |
| I DR | Indonesia Rupiahs | 14469.58 |
| JPY | Japan Yen | 110.97 |
| MYR | Malaysia | 4.08 |
| PKR | Pakistan Rupees | 124.05 |
| PHP | Philippines Pesos | 53.17 |
| RUB | Russia Rubles | 67.09 |
| SGD | Singapore Dollars | 1.37 |
| KRW | South Korea Won | 1129.64 |
| LKR | Sri Lanka Rupe | 160.00 |
| THB | Thailand Baht | 33.31 |
| GBP | United Kingdom Pounds | 0.78 |
| VND | VietnamDon | 23252.22 |

*Source:xe.com*

## World Gold Price

August-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 6 | 1217 | 1216 | 1216 |
| 7 | 1216 | 1212 | 1215 |
| 8 | 1217 | 1214 | 1214 |
| 9 | 1219 | 1218 | 1218 |
| 10 | 1211 | 1210 | 1210 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 6-8- 2018 | 948.00 | 948.00 |
| 7-8- 2018 | 949.50 | 949.50 |
| 9-8- 2018 | 949.50 | 949.00 |
| 10-8- 2018 | 949.50 | 949.40 |
| 11-8- 2018 | 948.50 | 947.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 6 | 6.84 | 33.27 | 84.50 | 68.68 |
| 7 | 6.83 | 33.28 | 84.27 | 68.76 |
| 8 | 6.83 | 33.22 | 84.33 | 68.66 |
| 9 | 6.82 | 33.17 | 84.30 | 68.61 |
| 10 | 6.86 | 33.31 | 84.84 | 68.97 |

# ဘိလပ်မြေ

## ဒီတစ်ပတ်ရေလမ်းမှ ဘိလပ်မြေအဝင်ပို

ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်လ ၄ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၆၈၆၇၇ တန်ဖိုးရှိဘိလပ်မြေ ၃၄၃၀ ဒသမ ၄၆၃တန် ကို ပင်လယ် ရေကြောင်းလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၃၁၆၀ ဒသမ ၁၂၆ တန်နဲ့ အီရန်နိုင်ငံမှ ၂၇၀ ဒသမ ၃၃၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံမှ စိန်တံဆိပ်ဘိလပ်မြေတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ၇၅ တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၃၅၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဇူလိုင်လ ၂၈ ရက်မှ ဩဂုတ်လ ၃ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ ၁၃၇၆ တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်ကဘိလပ်မြေ အဝင်မှာ ၄၇၅၅ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၃၃၇၀ ကျော်အဝင် လျော့ခဲ့တယ်လို့သိရပါတယ်။

## ဘိလပ်မြေဈေးကွက် အရောင်းအေး

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၀၀၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** မိုးနည်းနည်းပြတ်လာတော့ အရောင်းအဝယ်က ပုံမှန်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရပါတယ်။ ဒီတစ်ပတ် အေသုံးလုံးက ကျပ် ၁၀၀၊ အယ်လ်ဖာကကျပ် ၃၀၀၊ ခရောင်းက ကျပ် ၂၀၀ ဈေးကျပြီး ဆင်၊ အပါချီနဲ့ ဘလူးဒိုင်းမွန်းတို့က ယခင်ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

ကြံ့နှစ်ကောင်ဘိလပ်မြေက အသုံးနည်းတာကြောင့် ဈေးကွက်ထဲအဝင်မရှိတော့ဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၈၀၀၊ အေသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၅၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းပါးတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဘိလပ်မြေဈေးများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ စိန်(ထိုင်း) ဘိလပ်မြေက အသုံးမများလို့ ဆိုင်တွေမှာပစ္စည်းတင်ရောင်းမှုမရှိဘူးလို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၄၉၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း မိုးများနေတာကြောင့်အရောင်းအဝယ်က ထင်သလောက် မကောင်းသေးဘူးလို့ သိရပါတယ်။ ကမ္ဘောဇ ဘိလပ်မြေက ကျပ် ၂၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၂၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၃၈၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

# ဓာတ်မြေသြဇာ

## မြေသြဇာတန်ချိန် ၂၀၀၀၀နီးပါးဝင်

ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်လ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၂၈၀၈၇ တန်ဖိုးရှိမြေသြဇာ ၁၉၈၃၆ ဒသမ ၅၀၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၁၅၀၀၊ တရုတ်နိုင်ငံမှ ၁၄၈၄၂ ဒသမ ၂၅တန်၊ အီရန်နိုင်ငံမှ ၁၆၂၇ ဒသမ ၁၁၃တန်၊ ကိုရီးယားနိုင်ငံမှ ၁၀ ဒသမ ၅၆ တန်၊ နော်ဝေနိုင်ငံမှ ၇၃ ဒသမ ၆၈၅တန်၊ ရုရှားနိုင်ငံမှ ၅၃၁ ဒသမ ၂၂တန်၊ ထိုင်းနိုင်ငံမှ ၁ ဒသမ ၆၈တန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ တန်ချိန် ၁၀၀၀နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၅၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယားဆာလဖိတ်၊ အမိုးနီးယားကလိုရိုဒ်၊ ယူရီးယား ၄၆%၊ ကွန်ပေါင်း(၁၆း၁၆း၁၆)၊ဖလော်ရာ(၁၁း၈း၆)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း(၁၆း၁၆း၈)တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၆၆၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာမြေသြဇာတန်ချိန် ၃၁၄၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့သိရပါတယ်။

## မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဇူလိုင်လ ၂၈ ရက်မှဩဂုတ်လ ၃ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ၁၈၀၃၀တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၁၄၆၆၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၃၇၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်မှာအရောင်းအေးပြီး မကွေး၊ တောင်ကြီးနဲ့မန္တလေးမှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မိုးကာလမှာ မိုးများရင်အရောင်းပါးပြီး မိုးနည်းရင်တော့ အရောင်းနည်းနည်းလိုက်တယ်။ဒီနှစ်က မိုးကတော်တော်များတယ်။ဒါကြောင့် အရင်နှစ်တွေကလို အရောင်းအဝယ်ကမှန်းလို့မရဘူး။ဒီတစ်ပတ်မှာတော့အရောင်းအေးသလို ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတောင်-တရုတ်)ကျပ် ၂၆၅၀၀၊ ကွန်ပေါင်း(အစိမ်းရောင်) ကျပ် ၄၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်)က ကျပ် ၇၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၆၅၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၇၂၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၇၂၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၁၇၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၅၇၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၆၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၅၈၀၀၊ မြားကမ္ဘာကျပ် ၁၆၂၀၀ ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ အရောင်းအဝယ်နည်းနည်းဖြစ်တယ်လို့ သိရပါတယ်။ အာမို ၁၅ပတ်လည်က ကျပ် ၂၀၀၀၊ အာမို ၁၆း၁၆း၈ က ကျပ် ၁၀၀၀၊ အာမို ၁၀း၁၀း၅က ကျပ် ၂၀၀ဈေးမြင့်ပြီး ယူရီးယား-ပုလဲ(ပန်းဖူး)က ကျပ်၃၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်)က ကျပ် ၁၀၀ ဈေးကျခဲ့ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၆၃၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၆၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၂၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၆၅၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၆၅၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ကျပ်၁၈၂၀၀၊မြားကမ္ဘာ (၁၅း ၇း၈) ကျပ် ၂၀၀၀၀၊တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၆၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ရွှေတောင်၊ ပန်းဖူး)က ကျပ် ၄၀၀-၅၀၀၊ တီစူပါ ၄၆%က ကျပ် ၂၀၀ ဈေးကျပြီး ပန်းသီးစုံက ကျပ် ၂၀၀၊ ပိုတက်က ကျပ် ၆၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၆၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၅၈၀၀၊ တီစူပါ (၄၆%-တရုတ်) ကျပ် ၂၁၆၀၀၊ မြားသီးစုံ ကျပ် ၁၆၀၀၀၊ ပန်းသီးစုံ ကျပ် ၁၆၄၀၀၊ အာမို ၁၀း၁၀း ၅ ကျပ်၁၇၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ ပိုတက် ကျပ် ၂၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

# နို့ဆီ/နို့မှုန့်

## နို့ဆီ တန်ချိန် ၈၀၀နီးပါးနဲ့ နို့မှုန့်တန်ချိန် ၂၀၀ကျော်ဝင်

ဇူလိုင်လ ၂၈ ရက်မှ ဩဂုတ်လ ၄ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၇၄၅၄၅ တန်ဖိုးရှိ နို့ဆီ ၇၈၅ ဒသမ ၀၁၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ၄၃၇ ဒသမ ၇၅၉ တန်နဲ့ မလေးရှားနိုင်ငံမှ ၃၄၇ ဒသမ ၂၅၆တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာအိုကေနို့ဆီနဲ့ **Hawk** နို့ဆီတို့ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၂၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၇၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့သိရပါတယ်။

အမေရိကန်ဒေါ်လာ ၆၉၃၅၃၆ တန်ဖိုးရှိ နို့မှုန့် ၂၀၄ ဒသမ ၈၀ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၂၉၄ တန်ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၉၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာနို့ဆီရော နို့မှုန့်ပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၇ မှ ၃/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၇ မှ ၃/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | - | (-) | - |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၇၆၊၀၀ | ၁၈၀၊၀၀ | (-) | ၄၊၀၀ |
| ၅။ | တာချီလိတ် | ၁၀၅၀၊၀၀ | ၃၆၅၀၊၀၀ | (-) | ၂၆၀၀၊၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၂၅၊၀၀ | ၂၅၊၀၀ | | - |
| ၈။ | မြိတ် | ၁၂၅၊၀၀ | ၉၀၀၊၀၀ | (-) | ၇၇၅၊၀၀ |
| | စုစုပေါင်း | ၁၃၇၆၊၀၀ | ၄၇၅၅၊၀၀ | (-) | ၃၃၇၉၊၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၇ မှ ၃/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၇ မှ ၂၇/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၀၅၉၊၈၅ | ၇၂၂၃၊၀၀ | (+) | ၆၈၃၆၊၈၅ |
| ၂။ | လွယ်ဂျယ် | ၄၇၁ ၆၀ | ၇၄၆၊၀၀ | (-) | ၂၇၄၊၄၀ |
| ၃။ | ချင်းရွှေဟော် | ၂၀၆၉၊၂၅ | ၂၇၅၈၊၁၅ | (-) | ၆၈၈၊၉၀ |
| ၄။ | ကန်ပိုက်တီ | ၈၃၆၊၀၀ | ၅၁၂၊၀၀ | (+) | ၃၂၄၊၀၀ |
| ၅။ | မြဝတီ | - | ၁၂၇၅၊၇၅ | (-) | ၁၂၇၅၊၇၅ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | ၂၅၀၊၀၀ | (-) | ၂၅၀၊၀၀ |
| ၈။ | ရိုဒ် | ၆၀၀၊၀၀ | ၁၉၀၀၊၀၀ | (-) | ၁၃၀၀၊၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၈၀၃၆၊၇၀ | ၁၄၆၆၄၊၉၀ | (+) | ၃၃၇၁၊၈၀ |

ခင်မိုးသူ

# နှမ်း/မြေပဲဆန်

## ချင်းရွှေဟော်မှ နှမ်းပို့မိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇူလိုင်လ နောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၆ဧသန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၁၅၈၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းနက်၆၈၇ တန်ကျော်၊ နှမ်းဖြူ ၁၈၉ တန်၊ နှမ်းညို ၆၂၄ တန်ကျော်နဲ့ နှမ်းညို( အခွံချွတ် )၈၇တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၆၇၇ တန်ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၉၁၁ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၈ သန်းတန်ဖိုးရှိ နှမ်းနက်တန် ၃၀ နဲ့ နှမ်းဖြူ ၁ တန် စုစုပေါင်း ၃၁ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကလည်း နှမ်းနက် ၃၁ တန် တင်ပို့ခဲ့လို့ မူဆယ်မှ နှမ်းတင်ပို့မှု ပုံမှန်ရှိနေပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင်လနောက်ဆုံးပတ်အတွင်း နှမ်းဖြူတစ်တန် ၁၈၈၉၃၆၂ ကျပ်၊ နှမ်းနက်တစ်တန် ၁၉၉၅၇၄၅ ကျပ်ဈေးရှိကြောင်း၊ ဇူလိုင်လအတွင်း တရုတ်နိုင်ငံသို့နှမ်းတန်ချိန် ၇၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း စခန်းများရဲ့စာရင်းများအရ သိရပါတယ်။

မော်မော်အောင်

## နှမ်းလက်ကျန်နည်းလာလို့ နှမ်းဈေးမြင့်

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် နှမ်းဈေးများဆက်လက် မြင့်တက်နေတာတွေ့ရပါတယ်။ ယခုအချိန်အထိ နှမ်းဈေးကွက်သို့ ဝင်ရောက်မှုမရှိသေးလို့ လှောင်နှမ်းလက်ကျန်အနည်းငယ်နဲ့သာ ရောင်းဝယ်မှုရှိတဲ့အတွက် ဈေးမြင့်လာတာတွေ့ရပါတယ်။ နှမ်းနီကို ဆီကြိတ်ရန်အတွက် ဆီစက်သမားများက အဝယ်ရှိသော်လည်း ဈေးကွက်တွင်နှမ်းမရှိလို့ နယ်ဘက်ဆင်းပြီး ဝယ်ယူရသဖြင့် နှမ်းဆီဈေးမြင့်လာတာတွေ့ရပါတယ်။

နှမ်းနက်နှင့် စမုံနက်နှမ်းမှာလက်ကျန်လှောင်နှမ်းများကြောင့် တစ်နေ့လျှင်အိတ်တစ်ရာလောက်သာ ရောင်းဝယ်မှုရှိတာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းနီနှင့် နှမ်းနက်ဈေးမှ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀ဖြင့် ဈေးတူနေပြီး ယခင်တစ်ပတ်ကထက်ကျပ် ၁၀၀၀၀ဈေးပိုလာတာတွေ့ရပါတယ်။ စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ကျပ် ၁၀၀၀၀ဈေးမြင့်လာတာတွေ့ရပါတယ်။ နှမ်းများဈေးမြင့်သလို နှမ်းဆီဈေးမှာလည်း တစ်ပိဿာလျှင် ကျပ် ၆၂၀၀ အထိ ဈေးမြင့်လာတာတွေ့ရပါတယ်။

ဝေဝေမင်း(ပြည်)

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးငြိမ်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ မြေပဲဆန်ဝင်ရောက်မှုမရှိသေးလို့ဈေးကွက်တွင် မြေပဲဆန်ရှားလာတာတွေ့ရပါတယ်။ ဈေးကွက်တွင် မြေပဲဆန်လက်ကျန်ရှားလာလို့ အခြားမြို့များမှ ဝယ်ယူကြိတ်ခွဲနေတာတွေ့ရပါတယ်။ မြေပဲဆီဆန်ကို ဆီကြိတ်ရန်အတွက် မန္တလေးဘက်မှတစ်နေ့လျှင် အိတ် ၅၀၀ခန့်ဝယ်ယူပြီးကြိတ် ခွဲနေရသဖြင့် မြေပဲဆီဈေးမှာလည်း မြင့်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ်မြေပဲဆန်ဈေးမှာ ဆီဆန် (အနီ)တစ်ပိဿာလျှင် ကျပ် ၂၄၀၀နှင့် (အဖြူ)တစ်ပိဿာလျှင် ကျပ် ၂၃၀၀ဖြစ်ပြီး လုံးဆန်ဈေးမှာ(အဖြူ)တစ်ပိဿာလျှင် ကျပ် ၂၆၀၀၊ လုံးဆန်(အနီ)တစ်ပိဿာလျှင် ကျပ် ၂၈၀၀ဖြင့်ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ မြေပဲဆန်ဈေးငြိမ်ပေမဲ့ ဆီဈေးမှာအနည်းငယ်မြင့်တက်လာလို့တစ်ပိဿာလျှင် ကျပ် ၅၅၀၀ဖြင့် ဈေးကွက်အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။

ဝေဝေမင်း(ပြည်)

# စားအုန်းဆီ

## တက်ရိပ်ပြနေတဲ့ စားအုန်းဆီဈေး

ယခင်အပတ်က ဈေးအနည်းငယ်တက်ခဲ့သော မလေးရှား စားအုန်းဆီဈေးအခြေအနေသည် အနည်းငယ်ဆက်လက် မြင့်တက်ခဲ့ကြောင်း သိရသည်။ စားအုန်းဆီဈေးအပြောင်း အလဲများမှုသည် အခြားစားသုံးဆီများ၏ဈေးအပေါ် သက်ရောက်မှုရှိနေခဲ့သည်။

ဩဂုတ်လ ၆ ရက်တွင် ဘာဆာမလေးရှားကုန်စည်ဒိုင်၏ အောက်တိုဘာလအတွက် စားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးမှာ တစ်တန်လျှင် ၂၂၀၆ ရင်းဂစ်ဖြစ်ခဲ့ပြီး ငွေလဲလှယ်နှုန်းထားမှာ သုည ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ဩဂုတ်လ ၇ ရက်တွင်မူ ကြိုရောင်းကြိုဝယ်ဈေးအတွက် ငွေလဲလှယ်နှုန်းထားသည် ၁ဒသမ ၃ရာခိုင်နှုန်းဆက်လက်မြင့်တက်ခဲ့ပြီး စားအုန်းဆီတစ်တန်လျှင် ၂၂၃၅ ရင်းဂစ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါဈေးသို့ မရောက်မီဈေးမှာ ၂၂၃၇ ရင်းဂစ်အထိ မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၁ ရက်နောက်ပိုင်းတွင် အမြင့်ဆုံးဈေးဖြစ်ခဲ့သည်။ ဩဂုတ် ၁၀ ရက်တွင်မူ စားအုန်းဆီတစ်တန်လျှင် ၂၂၄၆ ရင်းဂစ်သို့ ရောက်ရှိခဲ့သည်။

လတ်တလောစားအုန်းဆီဈေးကွက်သည် မြင့်တက်နေပြီး ယခုတစ်ပတ်သည် တစ်လတာကာလအတွင်း အမြင့်ဆုံးဖြစ်ခဲ့ကာ ၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်နေသည်ဟု စတားအွန်လိုင်းမှ ဖော်ပြထားသည်။

ပဲပုပ်ဆီဈေးမှာလည်း ကျဆင်းနေပြီး စားအုန်းဆီဈေးကို သက်ရောက်မှုရှိနေကြောင်းကိုလည်း သိရသည်။ ဩဂုတ် ၁၀ ရက်တွင် အမေရိကန်နိုင်ငံ၊ ချီကာဂိုဘုတ်အဖွဲ့၏ ဒီဇင်ဘာလအတွက် ပဲပုပ်ဆီ စာချုပ်ဈေးမှာ သုည ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းနေပြီး ထိုနေ့ဈေးပိတ်သိမ်းချိန်တွင် သုည ဒသမ ၀၃ သို့ အနည်းငယ်ပြန်တက်ခဲ့သည်။ တရုတ်နိုင်ငံ ဒါလီယံ ကုန်စည်ဒိုင်၏ ဒီဇင်ဘာလအတွက် ပဲပုပ်ဆီ စာချုပ်ဈေးသည် လည်း သုည ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဖန်နဝါရီအတွက် စားအုန်းဆီစာချုပ်ဈေးသည် သုည ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာသည်။



မလေးရှားနိုင်ငံသည် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ၂၀ ဒသမ ၃ မီလီယံ ထုတ်လုပ်ရန် MPOC က ခန့်မှန်းထားသည်။ ၂၀၁၇ ခုနှစ်တွင် ဆီအုန်းအထွက်နှုန်းကောင်းခဲ့သောကြောင့် ၁၉ ဒသမ ၉၂ မီလီယံ တန်ထွက်ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ၁၇ ဒသမ ၆၅ တန်တင်ပို့ရန် ခန့်မှန်းထားကြောင်း MPOC က ထုတ်ပြန်ထားသည်။

ခင်လေးယု

## ပြည်တွင်းဆီဈေးနှုန်းများ (၁၀-၈-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၆၀၀၀ | △ | ၅၈၀၀ | ၅၈၀၀ | □ | ၁၇၅၀ | ၂၀၀၀ | △ |
| မန္တလေး | ၅၂၀၀ | ၅၂၀၀ | □ | ၅၂၀၀ | ၅၂၀၀ | □ | ၁၉၀၀ | ၂၂၀၀ | △ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၆၀၀ | ၅၈၀၀ | △ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၅၅၀၀ | ၅၂၀၀ | ▽ | ၅၇၀၀ | ၅၈၀၀ | △ | ၁၈၀၀ | ၁၉၀၀ | △ |
| မုံရွာ | ၄၈၀၀ | ၅၁၀၀ | △ | ၄၈၀၀ | ၅၁၀၀ | △ | ၁၇၀၀ | ၂၀၀၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၀-၈-၂၀၁၈ US$/Ton

| အမျိုးအစား | ဇူလိုင်ပဉ္စမပတ် | ဩဂုတ်ပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | - | ၅၄၅.၀၀ | - |
| RBD P.Olein | ၅၄၉.၅၀ | ၅၅၆.၀၀ | ▽ |
| RBD P.Stearin | ၅၅၁.၀၀ | ၅၅၁.၀၀ | □ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၀-၈-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၉၄.၁၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၄၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၉၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၄၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၆၆.၈၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၄.၃၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၉၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၂၇.၈၆ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၀-၈-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 600 ဒေါ်လာနှင့် USD ဈေး ၁၄၄၂ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၀-၈-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၄၄၂ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# D nae Herbal Healthy Products (သို့) ပြည်တွင်းထုတ် D nae သဘာဝထုတ်ကုန်များအကြောင်း တစေ့တစောင်း



၂၀၁၈ ခုနှစ်၊ ဩဂုတ်လ(၂) ရက်နေ့တွင် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)၊ နေပြည်တော်တွင် ဒုတိယသမ္မတ(၁) ဦးဆောင်၍အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ (၂ / ၂၀၁၈)ကြိမ်မြောက်အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ ၎င်းအစည်းအဝေးနှင့်အတူပြည်တွင်း SMEထုတ်ကုန်များကိုလည်း ခင်းကျင်းပြသခဲ့ပါတယ်။ အဆိုပါပြပွဲတွင်United Myanmar &Asia Co.,Ltdမှ ထုတ်လုပ်သည့် D nae Herbal Healthy Producအများကိုလည်း ပါဝင်ပြသခဲ့တာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံ၏အဖိုးတန်သဘာဝကုန်ကြမ်းများကို အသုံးပြု၍ ထုတ်လုပ်ထားသော D naeသဘာဝလူသုံးကုန်ပစ္စည်းများနှင့်ပတ်သက်၍United Myanmar &Asia Co.,Ltdမှ တာဝန်ရှိသူတစ်ဦးနှင့် မေးမြန်းဆွေးနွေးခဲ့မှုများအား ရေးသားတင်ပြလိုက်ရပါသည်။

**မေး။ ။ အစ်မရဲ့အမည်နဲ့ တာဝန်ယူထားတဲ့အပိုင်းလေးသိပါရစေ။**

ဖြေ။ ။ ကျွန်မကတော့ United Myanmar &Asia Co.,Ltd မှ CEO မငြိမ်းငြိမ်းအိ ဖြစ်ပါတယ်။

**မေး။ ။ လုပ်ငန်းအမည်နှင့် တည်နေရာလေးသိပါရစေ။**

ဖြေ။ ။ ကျွန်မတို့ United Myanmar &Asia Co.,Ltd မှ nae အမည်နဲ့ သဘာဝလူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ပါတယ်။ ထုတ်လုပ်မှုအနေနဲ့ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်ဒေသမှာ ထုတ်လုပ်တာဖြစ်ပြီးတော့ ဖြန့်ဖြူးမှုအပိုင်းကိုတော့ ရန်ကုန်မှာလုပ်ပါတယ်။

**မေး။ ။ အစ်မတို့လုပ်ငန်းကို ဘယ်အချိန်ကစပြီး တည်ထောင်ခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ကျွန်မတို့ရဲ့လုပ်ငန်းကို ၂၀၁၇ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှာ စတင်လုပ်ဆောင်ခဲ့တာဖြစ်တဲ့အတွက် အခုဆိုရင် တစ်နှစ်ကျော် ရှိသွားပါပြီ။

**မေး။ ။ အစ်မတို့ကုမ္ပဏီမှထုတ်လုပ်တဲ့ကုန်ပစ္စည်းများကိုသိပါရစေ။**

ဖြေ။ ။ ကျွန်မတို့ကုမ္ပဏီကနေ သဘာဝကုန်ကြမ်းစစ်စစ်များကို အသုံးပြုပြီးတော့ လူသုံးကုန်ပစ္စည်းအမျိုးမျိုးကိုထုတ်လုပ်လျက်ရှိပါတယ်။အဆိုပါပစ္စည်းများကတော့ သဘာဝရေချိုးဆပ်ပြာရည်၊ သဘာဝခေါင်းလျှော်ရည်အမျိုး မျိုး၊ဘက်စုံသုံးဆပ်ပြာရည်၊လက်ဆေးဆပ်ပြာရည်၊ရေမလိုလက်သန့်ဆေးရည်၊ သဘာဝချိုင်းခွေးနံ့ပျောက် Spary၊Body Lotionစတဲ့ သဘာဝလူသုံးကုန်ပစ္စည်းများဖြစ်ပါတယ်။

**မေး။ ။ ကုန်ကြမ်းများကိုဘယ်လိုရရှိပါသလဲ။ ဘယ်လိုကုန်ကြမ်းတွေကို အသုံးပြုလဲဆိုတာနဲ့ဘယ်ကနေဝယ်ယူရပါသလဲ။**

ဖြေ။ ။ ကျွန်မတို့နိုင်ငံဟာ သဘာဝထွက်ကုန်များပေါများတဲ့အတွက် လိုအပ်တဲ့ကုန်ကြမ်းတွေကို လွယ်လွယ်ကူကူနဲ့လိုသလောက်ရရှိပါတယ်။ ဥပမာအားဖြင့် နှင်းဆီကို မတ္တရာနယ်မှရရှိပါတယ်၊ ရှားစောင်းလက်ပက်ကိုတော့ ပခုက္ကူနှင့် တောင်သာနယ်တဝိုက်မှရရှိပြီး မန်ကျည်းသီးကိုတော့ အင်းတော်မြို့နယ်မှ ရရှိပါတယ်။ ကုန်ကြမ်းများကို လွယ်ကူပေါများစွာရရှိပါတယ်။

**မေး။ ။ ထုတ်လုပ်နိုင်မှုအခြေအနေလေးလည်း သိပါရစေ။**

ဖြေ။ ။ ကျွန်မတို့ကုမ္ပဏီအနေနဲ့ ထုတ်လုပ်နိုင်မှုကို ပြောရမယ်ဆိုရင် တစ်နှစ်တာအနေနဲ့ ပစ္စည်းအမျိုးမျိုး ဘူးပေါင်း (၆၀၀၀၀) ကျော် ထုတ်လုပ်နိုင်ခဲ့ပါတယ်။

**မေး။ ။ အစ်မတို့ရဲ့ထုတ်ကုန်ပစ္စည်းတွေကို ဘယ်ဒေသတွေမှာ ဖြန့်ဖြူးပါသလဲ။ ဘယ်လိုဖြန့်ဖြူးနေတယ်ဆိုတာသိပါရစေ။**

ဖြေ။ ။ ကျွန်မတို့ရဲ D nae ထုတ်ကုန်တွေကို တိုင်းဒေသကြီး၊ပြည်နယ်တွေရဲ့မြို့ကြီးတွေမှာအရောင်းကိုယ်စားလှယ်တွေထားရှိပြီးတော့ ဖြန့်ဖြူးရောင်းချသလို အွန်လိုင်းရှော့ပင်တွေကလည်း ရောင်းချလျက်ရှိပါတယ်။ နောက်ပိုင်းမှာ မြန်မာပြည်ဒေသအနှံ့ဖြန့်ဖြူးရောင်းချနိုင်အောင် ဆောင်ရွက်သွားဖို့ရှိပါတယ်။

**မေး။ ။ ယနေ့ တရုတ်၊ ထိုင်းနိုင်ငံတို့မှ ဝင်ရောက်လာတဲ့ လူသုံးကုန်ပစ္စည်းတွေနဲ့ ဈေးကွက်ယှဉ်ပြိုင်တဲ့အခါ အစ်မတို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေနဲ့ပတ်သက်ပြီး ဘယ်လိုအားသာချက်တွေရှိတယ်ဆိုတာ သိပါရစေ။ ပြီးတော့ D naeထုတ်ကုန်တွေဟာ နိုင်ငံခြားထုတ်ကုန်တွေနဲ့ယှဉ်တဲ့အခါဘယ်လိုအားသာချက်တွေရှိပါသလဲ။**

ဖြေ။ ။ ပြည်ပနိုင်ငံများမှာဆိုရင် မြန်မာနိုင်ငံလောက် သဘာဝကုန်ကြမ်းတွေမပေါများတဲ့အတွက် သူတို့ဆီက ထုတ်လုပ်တဲ့ပစ္စည်းတွေမှာသဘာဝကုန်ကြမ်းပါဝင်မှုနည်းပါးပြီးဈေးနှုန်းမြင့်မားကြပါတယ်။ ကျွန်မတို့နိုင်ငံမှာဆိုရင်တော့ သဘာဝကုန်ကြမ်းတွေကို လွယ်လွယ်ကူကူနဲ့ ပေါပေါများများရရှိပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ကုန်ပစ္စည်းတွေကို ထုတ်လုပ်တဲ့အခါ သဘာဝကုန်ကြမ်းများကိုသာ ၁၀၀% အသုံးပြုထားတာဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိဘဲ လူမျိုးဘာသာမရွေး နေရာဒေသမရွေး အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ တမာနှင့် ရှားစောင်းလက်ပက်ပင်ဟာဆိုရင် အပူပိုင်းနိုင်ငံများတွင်သာ ပေါက်ရောက်တဲ့အတွက် ကိုရီးယားနှင့် ဂျပန်နိုင်ငံကဲ့သို့ အအေးပိုင်းနိုင်ငံတွေမှာ ပေါက်ရောက်မှုမရှိကြပါဘူး။ မြန်မာနိုင်ငံမှာတော့ ပေါများစွာပေါက်ရောက်တဲ့အတွက် သဘာဝပစ္စည်းစစ်စစ်ကိုသာ အသုံးပြုထားတာဖြစ်လို့ ဈေးကွက်ကိုယှဉ်ပြိုင်တဲ့အခါ သဘာဝရဲ့အားသာချက်တွေနဲ့သာ သုံးစွဲသူတွေကို စိတ်ဝင်စားအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ထုတ်ကုန်တွေကို မြန်မာပြည်မှာရှိတဲ့ သဘာဝသစ်သီးသစ်ဖုတွေ၊ သဘာဝကုန်ကြမ်းတွေကို အသုံးပြုပြီး ဂျပန်နည်းပညာနဲ့ ပေါင်းစပ်ထုတ်လုပ်ထားတဲ့အတွက် သုံးစွဲသူတွေအနေနဲ့ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါတယ်။ ကျွန်မတို့ထုတ်ကုန်တွေထဲက သဘာဝရေချိုးဆပ်ပြာရည်ဟာဆိုရင် ပြည်တွင်းမှာလွယ်ကူစွာရရှိတဲ့ မန်ကျည်းသီး၊ ရှားစောင်းလက်ပက်၊ သနပ်ခါး၊ နွားနို့၊ နှင်းဆီ၊ ရွှေစသည့် ကုန်ကြမ်းများကို အသုံးပြုပြီး ထုတ်လုပ်ထားပါတယ်။ ဒ့ါအပြင် ကြိတ်မှန်ရွက်၊ ဒန်း၊ ဇီးဖြူသီး၊ ကင်ပွန်း၊ သံပုရာ၊ လက်ဖက်စိမ်း စသည့်သဘာဝပစ္စည်းများကို အသုံးပြုကာ သဘာဝခေါင်းလျှော်ရည်များကို ထုတ်လုပ်ထားပါတယ်။ နောက်ပြီးတော့ သဘာဝချိုင်းခွေးနံ့ပျောက် Spary ကိုလည်း ကျောက်ချဉ်၊ ရှားစောင်းလက်ပက်၊ နှင်းဆီတို့ကို အသုံးပြုပြီးထုတ်လုပ်ထားပါတယ်။ ဓါတုပစ္စည်းထည့်သွင်းအသုံးပြုထားခြင်းမရှိပါဘူး။ ဒါကြောင့် ဈေးနှုန်းသက်သာစွာနှင့် သဘာဝပစ္စည်းစစ်စစ်များကိုယုံကြည်စိတ်ချစွာနှင့် အသုံးပြုနိုင်ပါတယ်။ အရည်အသွေးတူ နိုင်ငံခြားပစ္စည်းများနဲ့နှိုင်းယှဉ်ပါကလည်း ဈေးနှုန်းထက်ဝက်ကနေ ထက်ဝက်အောက်ထိ သက်သာပါတယ်။မြန်မာတွေရဲ့ ဆိုရိုးစကားတစ်ခုဖြစ်တဲ့ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏ဆိုသကဲ့သို့ သဘာဝသစ်ပင်များကို အကျိုးရှိရှိအသုံးချပြီး သုံးစွဲသူမိဘပြည်သူများ အဆင်ပြေစွာအသုံးပြုနိုင်အောင် ထုတ်လုပ်နေတာပဲဖြစ်ပါတယ်။

**မေး။ ။ အစ်မတို့အနေနဲ့ D naeထုတ်ကုန်များကိုပြည်ပနိုင်ငံများမှာ ပြပွဲသွားရောက်ပြသခဲ့ခြင်းရှိပါသလား။ ပြီးတော့ ရရှိခဲ့တဲ့ဆုများကိုသိပါရစေ။**

ဖြေ။ ။ ဟုတ်ကဲ့ပါရှင့် ကျွန်မတို့ကုမ္ပဏီရဲ့ D nae ထုတ်ကုန်များကို (၂၂. ၄. ၂၀၁၈)ရက်နေ့မှာ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့မှာ ကျင်းပတဲ့ အာဆီယံ-အိန္ဒိယ Expoကုန်စည်ပြပွဲမှာ သွားရောက်ပြသခဲ့ပါတယ်။ အဆိုပါပြပွဲမှာဆိုရင် ပြပွဲလာရောက်သူအများအပြားရဲ့စိတ်ဝင်စားခြင်းကိုခံခဲ့ရပါတယ်။

**မေး။ ။ ထုတ်ကုန်ပစ္စည်းတွေနဲ့ပတ်သက်ပြီး ရရှိခဲ့တဲ့ဆုများကို သိပါရစေခင်ဗျ။**

ဖြေ။ ။ Channel-7 မှာပြုလုပ်တဲ့ Brain Child Programme မှာ Winner ဆုနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာကျင်းပတဲ့ အငယ်စား၊အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း(MSMEs) များရဲ့ တတိယအကြိမ်ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှာ ဒုတိယဆုရရှိခဲ့ပါတယ်။

**မေး။ ။ D nae ထုတ်ကုန်များကို ပြည်ပသို့တင်ပို့မှုရှိပါသလား။**

ဖြေ။ ။ ပြည်ပကိုတော့ လောလောဆယ်တင်ပို့မှု မရှိသေးပါဘူး။ ဒါပေမယ့် အာဆီယံ-အိန္ဒိယ Expoကုန်စည်ပြပွဲမှာ အိန္ဒိယက ကမ်းလှမ်းမှာယူခဲ့တဲ့အတွက် နမူနာတင်ပို့မှုတွေတော့ရှိပါတယ်။ နောက်ပိုင်းမှာ ပြည်ပသို့ တင်ပို့နိုင်အောင်လည်း ဆောင်ရွက်သွားဖို့ရှိပါတယ်။ လေ့လာမှုတွေအရဆိုရင် ဂျပန်မှာဈေးကွက်ကောင်းကောင်းရှိပါတယ်။ သူတို့ရဲ့ စံသတ်မှတ်ချက်တွေနဲ့ကိုက်ညီဖို့လည်းလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ပြည်ပကို တင်ပို့နိုင်ဖို့ဆိုရင် သဘာဝအော်ဂဲနစ်စစ်စစ်ဖြစ်ကြောင်းကိုလည်း Organic Farmရှိဖို့နဲ့ Organic Farm ဖြစ်ကြောင်း သက်သေခံလက်မှတ်ရဖို့ လိုအပ်ပါတယ်။ တင်ပို့မည့်နိုင်ငံက သတ်မှတ်ချက်တွေနဲ့အညီ ထုတ်လုပ်နိုင်ဖို့လည်း လိုပါတယ်။ကျွန်မတို့အနေနဲ့လည်း ပြည်ပသို့ တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

**အောင်ဆန်းလင်း(DOCA)**

**မေး။ ။ အစ်မတို့ရဲ့ D nae ထုတ်ကုန်တွေကို ကြိုက်နှစ်သက်လို့ ဆက်သွယ်ဝယ်ယူချင်တယ်ဆိုရင် ဘယ်လိုဆက်သွယ်ရမလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ ဟုတ်ကဲ့ပါရှင့် ကျွန်မတို့ရဲ့ D nae ထုတ်ကုန်တွေကို ကြိုက်နှစ်သက်လို့ ဆက်သွယ်ဝယ်ယူချင်တယ်ဆိုရင် No.173,1st floor, 25th street, Middle Block, Kyauktadar Township, Yongon ကိုလည်းကောင်း၊www.facebook.com/dnae myanmar page တွင်လည်းကောင်း ဝင်ရောက်လေ့လာစုံစမ်းနိုင်ပါတယ်ရှင့်။

**မေး။ ။ D nae ထုတ်ကုန်များနှင့် ပတ်သက်ပြီးဘာများဖြည့်စွက်ပြောကြားလိုပါသလဲ။**

ဖြေ။ ။ ကျွန်မတို့ ပြည်သူတွေက ပြည်တွင်းထွက်ကုန်တွေထက် ပြည်ပကသွင်းတဲ့ပစ္စည်းတွေကို ပိုပြီးအထင်ကြီးနှစ်သက်တတ်ကြပါတယ်။ ကျွန်မအနေနဲ့ပြောချင်တာကပြည်ပထွက်ကုန်တွေထက် ပိုမိုအရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းပါသက်သာတဲ့ ပြည်တွင်းထုတ်ကုန်တွေလည်းရှိတယ်ဆိုတာ ပြည်သူတွေသိစေချင်ပါတယ်။ သေချာပေါက်ပြောနိုင်တာက ကျွန်မတို့ရဲ့ D naeထုတ်ကုန်တွေက နိုင်ငံတကာစံချိန်မီတယ်၊ သဘာဝကုန်ကြမ်းတွေအသုံးပြုထားတဲ့အတွက် ဘေးထွက်ဆိုးကျိုးမရှိဘူး၊ ဈေးနှုန်းအားဖြင့်လည်း သင့်တင့်မှုရှိပါတယ်လို့အာမခံပေးနိုင်ပါတယ်။

**မေး။ ။ ခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျ။**

ဖြေ။ ။ ဟုတ်ကဲ့ပါ ကျွန်မတို့ရဲ့ D nae ထုတ်ကုန်တွေနဲ့ပတ်သက်ပြီး စိတ်ဝင်တစားမေးမြန်းပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ရှင့်။

ယနေ့အချိန်တွင် ပြည်တွင်းသုံးစွဲသူများသည် ပြည်တွင်းဖြစ်ထုတ်ကုန်များကို နှစ်သက်သဘောကျမှု အားနည်းနေပြီး ပြည်ပမှဝင်ရောက်လာသည့်ပစ္စည်းများကိုသာ နှစ်သက်သဘောကျစွာဝယ်ယူသုံးစွဲလေ့ရှိကြပါသည်။ ထို့ကြောင့် ပြည်တွင်းသဘာဝထုတ်ကုန်များသည် ပြည်ပကုန်ပစ္စည်းများကို ယှဉ်ပြိုင်ထိုးဖောက်နိုင်ရန် ခက်ခဲလှပေသည်။ ဒါကြောင့် သဘာဝ၏အားသာချက်များနှင့်သာ ပြည်ပထုတ်ကုန်များကို ယှဉ်ပြိုင်နိုင်ရန်လုပ်ဆောင်ကြရပေသည်။ အခြားသောနိုင်ငံများနှင့်ယှဉ်ပါက မြန်မာနိုင်ငံသည် အဖိုးတန်သဘာဝသီးနှံထွက်ကုန်များ ပေါကြွယ်ဝသဖြင့် ထိုအဖိုးတန်သဘာဝထွက်ကုန်များကို အသုံးပြုကာ တန်ဖိုးမြှင့်ထုတ်ကုန်များ လူသုံးကုန်များ ထုတ်လုပ်ပြီး စီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ယခုအခါတွင် D nae (ဒီနေ့) သဘာဝထုတ်ကုန်ပစ္စည်းများကဲ့သို့ ပြည်တွင်းတန်ဖိုးမြှင့်ထုတ်ကုန်များကို များစွာထုတ်လုပ်လျက်ရှိနေပြီး ပြည်တွင်းပြည်ပဈေးကွက်များသို့ တွင်ကျယ်စွာ ထိုးဖောက်နိုင်အောင် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သို့မှသာ မြန်မာနိုင်ငံ၏ ပြည်တွင်း အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး မြန်မာပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

စာမျက်နှာ (၈) လေးလအတွင်း ပြည်ပကုန်သွယ်မှု ...... မှအဆက်

အမေရိကန်ဒေါ်လာ ငွေလဲနှုန်း ဈေးတက်ခြင်းကြောင့် ပို့ကုန်ကဏ္ဍတွင် ပို့ကုန်တင်ပို့သူများအနေဖြင့် အကျိုးအမြတ် အသာစီး ပိုမိုရရှိနိုင်တဲ့အတွက် မိမိတို့ရဲ့ပို့ကုန်များကို အရည်အသွေးမြှင့်၍ ပိုမို ထုတ်လုပ်ခြင်း၊ ပို့ကုန်အမယ်သစ်များ ရှာဖွေ၍ ပို့ကုန်တိုးမြှင့် တင်ပို့ခြင်းဖြင့် ပို့ကုန်ကဏ္ဍ၌ အသာစီးရနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ဆန်နှင့် ပဲအမျိုးမျိုး အပါအဝင် မြန်မာ့ပို့ကုန်များအား နိုင်ငံတကာဈေးကွက်၌ ပိုမိုကျယ် ပြန့်စွာ တိုးချဲ့တင်ပို့နိုင်ရေးအတွက် ထုတ်လုပ်မှုနည်းပညာအပိုင်း၊ အရည်အသွေးအပိုင်း၊ ထုပ်ပိုးမှုအပိုင်းစတာတွေမှာ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြ ရမှာဖြစ်ပြီး၊ ဈေးကွက်သစ်များ ရရှိရေးအတွက်လည်း အစိုးရ / ပုဂ္ဂလိကပိုင်းမှ တာဝန်ရှိသူအားလုံးက ဟန်ချက်ညီညီကြိုးပမ်းဆောင် ရွက်ကြရမှာ ဖြစ်ပါတယ်။

ကုန်သွယ်မှုပမာဏ တိုးတက်စေရေးအတွက် ကုန်သွယ်ရေး ဦးစီးဌာနအနေဖြင့်လည်း ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျော့ပေးခြင်း၊ ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်တဲ့ (negative list) ကုန်ပစ္စည်းအမယ် HS code လိုင်းများအား ဖြေလျော့ပေးခြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ် အရှင်များအား သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ပသို့ တရားဝင် တင်ပို့ခွင့်ပြုခြင်း၊ ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်ထားတဲ့ အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကိုလည်း စည်းကမ်းသတ်မှတ်ချက်နဲ့အညီ တင်ပို့တင်သွင်းခွင့်ပြုခြင်း၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများ၊ နိုင်ငံခြား ကုမ္ပဏီများအား ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံး စက်ကိရိယာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကိုလည်း ကုန်သွယ်ခွင့်ပြုခြင်း၊ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်း ဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ/လက်ကား ရောင်းချခွင့်ပြုခြင်းများကို ဖြေလျော့ ဆောင်ရွက်ပေးခဲ့ပါတယ်။

လိုင်စင်လျှောက်ထားရန်လိုအပ်တဲ့ ကုန်ပစ္စည်းအမယ်များ (Negative List) ကိုလည်း HS Code လိုင်း ပို့ကုန် ၃၃၄၅ လိုင်းနဲ့ သွင်းကုန် ၄၈၁၈ လိုင်းအထိ လျှော့ချသတ်မှတ်ပေးခဲ့ပါတယ်။ ဒါ့အပြင် ကုန်စည် HS Code လိုင်း ၁၂၄ လိုင်းကိုလည်း ရုံးဌာနကို လာရောက်ရန်မလိုဘဲ အွန်လိုင်းကနေ လျှောက်ထားထုတ်ယူနိုင် အောင် ဆောင်ရွက်ပေးခဲ့ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုများ အတွက် MPU စနစ်ဖြင့် ပေးသွင်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်ပေးခြင်း များကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ရုံးချုပ်/နယ်စပ် ပို့ကုန်သွင်းကုန်လိုင်စင် ပါမစ်များကိုပါ လျှောက် ထားထုတ်ယူနိုင်ရေး၊ ပို့ကုန်သွင်းကုန် ကုမ္ပဏီမှတ်ပုံတင်လျှောက် ထား ထုတ်ယူမှု၊ ပင်ရင်းသက်သေခံလက်မှတ် ထုတ်ပေးမှုစနစ်၊ EU သို့တင်ပို့သော ကုန်စည်များအတွက် တင်ပို့သူ မှတ်ပုံတင်စနစ် (Register Exporter System) စတဲ့လုပ်ငန်းစဉ်တွေ အားလုံးကိုပါ ဌာနသို့ လာ ရောက်ရန်မလိုဘဲ အီလက်ထရောနစ် အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက် ပေးနိုင်အောင် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

ယခုလို ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်လာခြင်းဟာ အစိုးရ သစ်လက်ထက်တွင် မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံအား တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် "ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုး တက်ရေးကော်မတီ "ကို ဖွဲ့စည်းခဲ့ပြီး အဆိုပါကော်မတီတွင် ဒုတိယ သမ္မတမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ပါဝင်ပြီး အခြားဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီး များ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ ပါဝင် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအား ဖွဲ့စည်းပြီး သည့် အချိန်မှစ၍ ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ တွေ့ဆုံပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ တာကြောင့် ယခုကဲ့သို့အောင်မြင်တိုးတက်မြင့်မားလာတာ ဖြစ်ပါတယ်။ ဒုတိယသမ္မတ(၁)ဦးစီးသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် လစဉ်ပုံမှန်တွေ့ဆုံ ညှိနှိုင်းပေါင်းစပ်မှုများ ဆောင် ရွက်ပေးခဲ့တာ (၁၈) ကြိမ်မြောက်အထိ ရောက်ရှိခဲ့ပြီး ကုန်သည်လုပ် ငန်းရှင် အသင်းအဖွဲ့များ၏ တင်ပြချက်ပေါင်း ၂၅၀ ခန့်ကိုလည်း ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခဲ့ပြီး ဖြစ်ပါတယ်။ ထိုကဲ့သို့ တွေ့ဆုံ ဆွေးနွေးမှုများဟာ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံ တော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက် အကူဖြစ်စေပါတယ်။

ဘဏ္ဍာနှစ်အလိုက် ကုန်သွယ်မှုပမာဏတိုးမြှင့်ရေး ကြိုးပမ်း ဆောင်ရွက် လျက်ရှိသလို တစ်ဖက်တွင်လည်း ကုန်သွယ်မှုလိုငွေ အား ဘဏ္ဍာနှစ်အလိုက် လျှော့ချနိုင်ရေး ရည်မှန်းဆောင်ရွက် လျက် ရှိပါတယ်။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှာ နိုင်ငံတော်တည် ဆောက်ဆဲ ကာလတစ်ခုဖြစ်သည့်အတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ် နှံသူများကို ဖိတ်ခေါ်နေသည့် ကာလဖြစ်ပါတယ်။ ဝင်ရောက်လာ သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ လိုအပ်သည့် ကုန်ပစ္စည်းများ တင်သွင်းမှု များပြားနေခြင်းကြောင့် ကုန်သွယ်ရေးလိုငွေ ဖြစ်ပေါ် နေဆဲဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှု လိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၁ ဘီလီယံရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံထိ လျှော့ချနိုင်ခဲ့ပါတယ်။ ယခုနှစ် ၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ် ၃ ရက်အထိ) ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၅ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံရှိသည့်အတွက် ယခင်နှစ် ကာလတူထက် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၅ ဘီလီယံ လျော့နည်းသွားတာကို တွေ့ရှိရပါတယ်။ ကုန် သွယ်မှုလိုငွေဖြစ်ပေါ်ရတဲ့ အကြောင်းကတော့ နိုင်ငံအနေနဲ့ တည်ဆောက်ဆဲ ကာလတစ်ခုဖြစ်သဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ အတွက် လိုအပ်တဲ့ကုန်ပစ္စည်းများကို တင်သွင်းရခြင်းဖြစ်ပြီး အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် သွင်းလာတဲ့ ကုန်ပစ္စည်းတွေဟာ တစ်ဘက်မှာ ငွေသား စီးထွက်မှုမရှိတဲ့ Draw back၊ Capital in Kind၊ Loan in Kind တွေအနေနဲ့ ဝင်လာတာဖြစ်ပါတယ်။

ယခု Trade Deficit မှာ နိုင်ငံတော်၏ ပြည်ပပို့ကုန်သွင်းကုန် ကုန်ပစ္စည်းများ ( Trade in Goods) ၏ ကိန်းဂဏန်း အချက်အလက် များကိုသာ တွက်ချက်ထားခြင်းဖြစ်ပြီး (Trade in Services ) အဖြစ် ရရှိသည့်ဝင်ငွေများ ( ဥပမာ - နိုင်ငံခြားသား ခရီးသည်များ ဝင်ထွက် သွားလာမှုများမှ ရရှိသည့် ဝင်ငွေ၊ ပြည်ပတွင်သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများ၏ ဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေး၊ ဝန်ဆောင် မှုများမှ ရရှိသောဝင်ငွေများ ) ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။

ကုန်သွယ်မှုလိုငွေပြမှုများ လျော့နည်းစေရန်နှင့် ကုန်သွယ် မှုပိုငွေ ဖြစ်ပေါ်လာစေဖို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေး ဝန်ကြီးဌာန အနေဖြင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရန် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ချမှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများ ဖြေလျော့ခြင်း၊ ပုဂ္ဂလိကကဏ္ဍအား အားပေး ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး အားပေးခြင်း၊ GSP ကဲ့သို့ ပို့ကုန်ဆိုင်ရာ အခွန်သက်သာခွင့်ရရှိပြီး လုပ်ငန်းရှင်များ ပို့ကုန် ဈေးကွက်တိုးချဲ့ တင်ပို့နိုင်ရေးကိစ္စများကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုဟာ ယခု နှစ် ပထမလေးလတာ ကာလသည် မိုးရာသီ၌ ရေကြီးရေလျှံခြင်း စတဲ့ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ရသည့် အချိန်ကာလ ဖြစ်သော်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အနေနှင့် ကုန်သွယ်ဖက်နိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်၊ မိမိနိုင်ငံ ၏ စိုက်ပျိုးထုတ်လုပ်ထွက်ရှိမှု အခြေအနေ၊ ကုန်သွယ်ဘက်နိုင်ငံများ အချင်းချင်း စေ့စပ်ညှိနှိုင်းဆောင်ရွက်မှု အခြေအနေနှင့် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကများ ပေါင်းစပ် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ခြင်းကြောင့် ယခုကဲ့သို့ ကုန်သွယ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါကြောင်း သုံးသပ်တင်ပြ လိုက်ရပါတယ်။

## ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ(၆/ ၂၀၁၈)ပါ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ကုန်သွယ်မှုမူဝါဒဌာနခွဲ**

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများ**

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် မှတ်ပုံတင်ရမည့်သူများ**

၁။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သည် ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့ခြင်း၊ ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုထားသည့် လုပ်ငန်းမှတ်ပုံတင်တစ်ခု ဖြစ်ပါသည်။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကို ၁၉၄၇ ခုနှစ်၊ ပို့ကုန်သွင်းကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေအရ ၁၉၅၄ ခုနှစ်၊ ပို့ကုန်သွင်းကုန်လုပ်ငန်း လုပ်ကိုင်သူများ မှတ်ပုံတင်ခြင်း အမိန့်ဖြင့် ခွင့်ပြုထုတ်ပေးခြင်း ဖြစ်ပါသည်။

၂။ အောက်ဖော်ပြပါ အဖွဲ့အစည်းများသည် ပို့ကုန်သွင်းကုန်လုပ်ငန်း ဆောင်ရွက်ရန် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ဦးစီးဌာနတွင် လျှောက်ထားနိုင်သည်-

(က) ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ(၂၀၁၇) တို့အရ မှတ်ပုံတင်ထားသော-

(၁) မြန်မာနိုင်ငံသားတစ်ဦးပိုင် (သို့မဟုတ်)အများပိုင်ကုမ္ပဏီများ

(၂) နိုင်ငံခြားသားပိုင်ကုမ္ပဏီ (သို့မဟုတ်)ကုမ္ပဏီရုံးခွဲများ

(၃) ဖက်စပ်ကုမ္ပဏီများ

(ခ) သမဝါယမအသင်းဥပဒေအရ တည်ထောင်ထားသော သမဝါယမအသင်း လီမိတက်များ

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်ရရှိသူများ**

၃။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၁-၁-၁၉၉၁) ရက်စွဲပါ အမိန့်အမှတ် (၁/၉၁) အရ အောက်ဖော်ပြပါ အဖွဲ့အစည်းများအား ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင် ခြင်းမှ ကင်းလွတ်ခွင့်ပြုထားပါသည်-

(က) အစိုးရဌာနများ၊

(ခ) နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၊

**(ဆက်လက်ဖော်ပြပါမည်)**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်နှင့် သကြား ပြည်တွင်းဈေးနှုန်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီ ဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဩဂုတ်လ ပထမပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၀ နိုင်ငံရှိ၍ Argentina နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၄ ဒသမ ၄၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၅၆ နိုင်ငံရှိပြီး မြန်မာ၊ တရုတ်၊ ဂျပန်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံ စသည့်နိုင်ငံများ ပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်း ပြောင်းလဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၁၆ နိုင်ငံရှိ၍ ကနေဒါ၊ အီတလီ၊ ဘရာဇီး၊ ထိုင်း ၊ နယ်သာလန်နှင့် ဩစတြေးလျနိုင်ငံတို့ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၁၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရ ပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဩဂုတ် ၆ ရက်နေ့ Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဓာတ်ဆီ ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံ သည် ၄ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယား နိုင်ငံသည် သုညဒသမ ၂၀ ရာခိုင်နှုန်းထိ ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူနှင့် ဗီယက်နမ် နိုင်ငံများသည် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေ၍ ထိုင်းနိုင်ငံသည် တစ်ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဩဂုတ် ၆ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဩဂုတ်လ ပထမပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၄ နိုင်ငံရှိခဲ့၍ Argentina နိုင်ငံသည် ယခင်တစ်ပတ် ဈေးနှုန်းထက် ၄ ဒသမ ၆၀ ရာခိုင်နှုန်းထိ အမြင့်မား ဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ပါကစ္စတန်၊ ရုရှား၊ ထိုင်ဝမ်နှင့် ဗီယက်နမ် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံ ၅၇ နိုင်ငံရှိပြီး ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၂၁ နိုင်ငံရှိ၍ ကနေဒါ၊ အီတလီ၊ စပိန်၊ ဘရာဇီး၊ ဩစတြေးလျ၊ နော်ဝေနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုညဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ဒသမ ၉၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံသည် ၄ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံသည် သုညဒသမ ၅၀ ရာခိုင်နှုန်းထိ ဈေးတက်ခဲ့ကာ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေ၍ ထိုင်းနိုင်ငံ သည် ၁ ဒသမ ၄၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၆ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၀ | ၀.၅၉ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၉ | ၀.၇၆ |
| ၃ | ထိုင်း | လီတာ | ၁.၁၁ | ၀.၈၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၂ | ၀.၇၅ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၀ | ၁.၂၃ |
| ၆ | မလေးရှား | လီတာ | ၀.၅၄ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၇ | ၀.၈၅ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၃ | ၀.၈၉ |
| ၉ | လာအို | လီတာ | ၁.၂၃ | ၀.၉၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၈ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇ နှင့် ဒီဇယ်ဆီတစ် လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁၉ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၂၁ နိုင်ငံမြောက်တွင် ရှိနေ

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့် လည်းကောင်း ၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ဖြင့် လည်းကောင်း၊ ပေါင်းဆန် ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၃၃၀ ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ နှင့် အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၇၅ ဖြင့် လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ကြည့်ပါက ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့တွင် ဧည့်မထ ၅မှတ်၊ ဧည့်မထ ၂၅ မှတ်၊ ဆန်ဈေးနှုန်းများ အနည်းငယ် ဈေးတက်သွားခဲ့ပြီး ထိုင်းပေါင်းဆန် ဈေးနှုန်းမှာ ဈေးအနည်းငယ် ကျဆင်းခဲ့ပါသည်။ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံ ဆန်ဈေးနှုန်းများမှာမူ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဆန်ဈေးနှုန်း အနည်းငယ် ကျဆင်းခဲ့သည်ကို လေ့လာတွေ့ ရှိရပါသည်။

ထိုင်းနိုင်ငံ၊ ဆန်ကုန်သည်ကြီးများအသင်းမှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် ဒုတိယ ခြောက်လပတ်အတွက် ကြိုတင်ခန့်မှန်းနိုင်ရန် ပထမခြောက်လပတ်အတွင်း ထိုင်းနိုင်ငံ၏ ပြည်ပသို့ ဆန်တင်ပို့မှုအခြေအနေကို သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းအနေဖြင့် ယခုနှစ်ပြည်ပသို့ ဆန်တင်ပို့နိုင်မှုတွင် ယခင်က တန်ချိန် ၉ဒသမ၅ သန်း တင်ပို့နိုင်လိမ့်မည်ဟု ကြိုတင်ခန့်မှန်းထားခဲ့သော်လည်း ယခုအခါ တန်ချိန် ၁၁ သန်းထိ တိုးတက်တင်ပို့နိုင်ရန်အတွက် လျာထားကြောင်း သိရှိရပါသည်။ ၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့ သည့် ကမ္ဘာ့ဆန်စပါးညီလာခံတွင် ထိုင်းဟွန်မလီဆန်သည် ကမ္ဘာ့ အကောင်းဆုံးဆန်အဖြစ် သတ်မှတ်ချီးမြှင့်ခြင်းခံခဲ့ရပြီး ယခုအခါ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဂျပန်နှင့် အာဖရိကနိုင်ငံများမှ ဆန်ဝယ်ယူမှု ဝယ်လိုအားလည်း မြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။ ထို့ပြင်ထိုင်းဆန်များအပေါ် ဆက်တိုက် ဝယ်လိုအား များပြားလာခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက် လာခြင်းနှင့် ဘတ်ငွေတန်ဖိုး ကျဆင်းလာခြင်းတို့သည် ဆန်တင်ပို့ ရောင်းချခြင်းအား လျော့နည်းလာစေနိုင်သည်ကိုလည်း လေ့လာသိရှိရပါသည်။

ယခုနှစ်အစပိုင်းတွင် ပျမ်းမျှ အမေရိကန်တစ်ဒေါ်လာလျှင် ထိုင်းဘတ်ငွေ ၃၁ ဘတ်ဖြစ်ခဲ့ပြီး လက်ရှိကုန်သွယ်မှုတွင် အမေရိကန်တစ်ဒေါ်လာလျှင် ထိုင်းဘတ် ငွေ ၃၃ ဘတ်ရှိနေပြီးထိုင်းနိုင်ငံအနေဖြင့် ကမ္ဘာ့ဈေးကွက်တွင် ဈေးနှုန်း သတ်မှတ်ချက် ယှဉ်ပြိုင်မှုများ ပိုမိုကြုံတွေ့နေရဆဲဖြစ်သည်ကို သိရှိရပါသည်။ ဆက်လက်၍ Thai Rice Exporters Association ၏ ဥက္ကဋ္ဌမှ ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံသည် ဆန်တန်ချိန် ၁ သန်းမှ ၂ သန်းအထိ ထပ်မံဝယ်ယူရန်ရှိပြီး ဖိလစ်ပိုင်နိုင်ငံမှ ဆန်တန်ချိန် ၅ သိန်း ထပ်မံဝယ်ယူတင်သွင်းနိုင်မည်ဟု မျှော်မှန်းထားပါကြောင်း၊ ထို့ပြင် အာဖရိကနိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှလည်း ထိုင်းနိုင်ငံ၏ဆန်ကို အဓိက ဝယ်ယူမည်ဟု မျှော်မှန်းထားပြီး နိုင်ငံအတွင်းရှိ နယ်မြေဒေသများတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်နေမှုသည် နှစ်စဉ်ဆန်ထုတ်လုပ်မှုနှင့် ဈေးနှုန်းများ အပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုမရှိသေးခြင်းမှာ အဆိုပါ ရေလွှမ်းခြင်းခံရသော နယ်မြေများသည် စပါးစိုက်ပျိုးသော အဓိကနယ်မြေမဟုတ်သည့် အတွက်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ လက်ရှိ အစိုးရတွင် စားသုံးရန်မသင့်သည့် သိုလှောင်ထားသည့် ဆန်တန်ချိန် ခုနစ်သောင်းကျန်ရှိနေပြီး ၎င်းတို့ထဲမှ တိရစ္ဆာန် အစာအတွက် ဆန်တန်ချိန် နှစ်သောင်း ရောင်းချမည်ဖြစ်ပြီး စက်မှု လုပ်ငန်းသုံးအတွက် ဆန်တန်ချိန်ငါးသောင်းကျန်ရှိနေမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။



မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၂ ကျပ်နှုန်းရှိပြီး ဧည့်မထဆန်တစ်အိတ်လျှင် ၂၄၅၀၄ ကျပ်ခန့်ပေါက်ဈေးရှိသဖြင့် ယခင် တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲမှု မရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဩဂုတ် ၉ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ယွမ်လျှင် ၂၁၅ ကျပ် နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ်တစ်အိတ်လျှင် ၂၄၉၄၀ ကျပ် မှ ၂၅၁၅၅ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ်တက်သွားကြောင်း သိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ခုနှစ် ဩဂုတ်လ ပထမပတ်အတွင်း ကမ္ဘာ့ဆန် အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုညဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း၊ ဘရာဇီး သုညဒသမ ၇၀၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၅၀ သန်း၊ ကျူးဘား သုည ဒသမ ၅၄၀ သန်း၊ EU ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၁၀၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုညဒသမ ၆၈၅ သန်း၊ မလေးရှား ၁ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၁၅၀ သန်း၊ ကင်ညာ သုညဒသမ ၇၅၀ သန်း၊ မက္ကဆီကို သုညဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုညဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၃ သန်း၊ ဆော်ဒီအာရေးဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊

# ဗီယက်နမ်သို့ ကားတင်သွင်းရန် အခွင့်အလမ်း 3th JTC တွင် ကမ်းလှမ်းမည်

ထိုင်း-ဗီယက်နမ်နှစ်နိုင်ငံအကြား တတိယအကြိမ် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးအား ကျင်းပပြုလုပ်မည်ဖြစ်ပြီး အဆိုပါ အစည်းအဝေးသို့ ထိုင်းနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီး Mr.Sontirat Sontijirawong တက်ရောက်ရန်ရှိကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ၎င်းတို့၏မော်တော်ကားတင်ပို့မှုအတွက် ဗီယက်နမ်အား ဆွဲဆောင်သွားရန်နှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုအား ၂၀၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံအထိ တိုးမြှင့်ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံမှ ကားများတင်ပို့ရာတွင် ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်မှုမဟုတ်သော အတားအဆီးများမှာ ထိုင်းနိုင်ငံအတွက် လေးနက်သောပြဿနာဖြစ်နေခြင်းကြောင့် ထိုင်းပို့ကုန်လုပ်ငန်းရှင်များအတွက် ကားတင်ပို့မှုကို ဆိုင်းငံ့ထားကြောင်း၊ အဆိုပါ တတိယအကြိမ် JTC အစည်းအဝေးကိုဩဂုတ်လ ၂ရက်မှ၃ရက်အထိ ဟန္နိုင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ အစည်းအဝေးအပြင် နှစ်နိုင်ငံမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်သည့် Business Matching ကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဗီယက်နမ်အစိုးရသည် ၎င်းတို့၏ မော်တော်ကားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လွယ်ကူချောမွေ့စေရန်အတွက် အမိန့်ကြေညာစာအမှတ် No.116 ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ အမိန့်ကြေညာချက်မှာ မော်တော်ကားများအတွက် ထုတ်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ တင်သွင်းခြင်းနှင့် အာမခံမှုဆိုင်ရာ စသည့်ကိစ္စရပ်များကို ရည်ရွယ်ကြောင်း သိရှိရပါသည်။

အဆိုပါကြေညာချက်မှာ ဇန်နဝါရီလမှစ၍သက်ဝင်ခဲ့ပြီး ကုမ္ပဏီများကိုသာစတင်ကျင့်သုံးခဲ့ကြောင်း၊ တစ်ဦးချင်းလုပ်ငန်းဆောင်ရွက်သူများ မပါရှိသေးကြောင်း၊ ကားတင်သွင်းမှု လုပ်ငန်းလိုင်စင်များကိုလည်း ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း၊ အဆိုပါကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ ငှားရမ်းခြင်း (သို့မဟုတ်) အရောင်းကိုယ်စားလှယ်များဖြင့် ဆောင်ရွက်ခြင်းဖြစ်စေ မော်တော်ယာဉ်အာမခံနှင့် ပြင်ဆင်ထိန်းသိမ်းမှုအတွက် ထောက်ပံ့ရမည်ဖြစ်ကြောင်း သိရှိရပါသည်။ အထူးသဖြင့် အဆိုပါကြေညာချက်မှာ ကားတင်သွင်း သူများအတွက် လိုအပ်သည့် ဗီယက်နမ်သို့ ကားနှင့်ကားအပိုပစ္စည်းများ တင်သွင်းရန်အတွက် နိုင်ငံခြားသားလုပ်ငန်းရှင်များ၏ ကိုယ်စားဆောင်ရွက်ခွင့်ပြုကြောင်း လက်မှတ်(သို့) စာရွက်စာတမ်းများရရှိရန် တင်းကြပ်ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ထို့အပြင် ဗီယက်နမ်မှ အသေးစားကား တင်သွင်းသူများအား နိုင်ငံတကာကားထုတ်လုပ်သူများမှ တရားမဝင် စာချုပ်များဖြင့် အရောင်းအဝယ်ပြုလုပ်ရန် ဆွဲဆောင်မှုမဖြစ်ပေါ်စေရေး အပေါ် လုပ်ထုံးလုပ်နည်းဖြင့် တင်းကြပ်ခြင်းဖြစ်ကြောင်း၊ ဗီယက်နမ်သို့တင်သွင်းသည့် မည်သည့်အသုံးပြုပြီးကားမျိုးမဆို ဗီယက်နမ်၏ သတ်မှတ်စံချိန်စံညွှန်းများနှင့်အတူ မှတ်ပုံတင်ကြရမည်ဖြစ်ကြောင်း သိရှိရပါသည်။

အသုံးပြုပြီးယာဉ်များအား အရည်အသွေးစီမံခန့်ခွဲမှုအေဂျင်စီမှ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး တင်သွင်းသူများအနေဖြင့်လည်း တရားဝင်မှတ်ပုံတင်ထားသည့် လက်မှတ်များ၊ တင်ပို့သည့်နိုင်ငံခြားကုမ္ပဏီ၏ခိုင်လုံသည့် တင်ပို့ခွင့်ပြုရက်စွဲ (သို့)ဥပဒေနှင့်ညီမျှသည့်တရားဝင်စာရွက်စာတမ်းများကို တင်ပြရမည်ဟုပါဝင်ကြောင်း သိရှိရပါသည်။ အသုံးပြုပြီးကားများတင်သွင်းရာတွင် ကားငယ်များတင်သွင်းပါက လွန်ခဲ့သည်(၂)နှစ် (သို့) ၅၀၀၀၀ ကီလိုမီတာအသုံးပြုထားသည့် အာမခံရှိရမည်ဖြစ်ပြီး အခြားကားများအား(၁)နှစ်(သို့)၂၀၀၀၀ကီလိုမီတာ အသုံးပြုထားသည့် အာမခံပါရှိရန်လိုအပ်ကြောင်း သိရှိရပါသည်။

ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mrs Oramonမှအဆိုပါ တင်းကြပ်သောစီမံမှုမှာ ခွဲခြားဆက်ဆံမှု အလေ့အကျင့်ကဲ့သို့ ဖြစ်နေကြောင်း၊ ဗီယက်နမ်၏ ကားတင်သွင်းမှုလျော့ကျရန် ထိန်းချုပ်သည့် အဆိုပါ ကြေညာချက်အသစ်သည် ပို့ကုန်လုပ်ငန်းရှင်များအတွက် ကုန်ကျစရိတ်များပြားခြင်း၊ တင်ပို့မှုနှောင့်နှေးခြင်း စသည့်ရလဒ်များဖြစ်စေသည့်အပြင် WTOသဘောတူညီချက်ကိုလည်းဆန့်ကျင်သကဲ့သို့ဖြစ်နေပါကြောင်းပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အာဆီယံနိုင်ငံများအတွင်း ဗီယမ်နမ်သည် ထိုင်းနိုင်ငံ၏ဒုတိယအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ကမ္ဘာတွင် (၅)ခုမြောက်အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ လွန်ခဲ့သည့် (၅)နှစ်တာကာလအတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏမှာ ပျမ်းမျှအမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၄ ဘီလီယံရှိခဲ့ရာ နှစ်စဉ် ၉ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏမှာအမေရိကန်ဒေါ်လာ ၁၆ ဒသမ ၆၄ ဘီလီယံရှိခဲ့ပြီး အဓိက ကုန်သွယ်မှုပြုခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ စက်သုံးဆီချောများ၊ လက်ဆတ်သစ်သီးများ၊ အေးခဲပြီးနှင့် အခြောက်ခံထားသည့် သစ်သီးများ၊ ကားနှင့်ကားအပိုပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများဖြစ်ပြီး ဗီယက်နမ်မှ အဓိကတင်သွင်းသည့်ပစ္စည်းများမှာ လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများ၊ရေနံစိမ်း၊စက်ပစ္စည်းနှင့်အပိုပစ္စည်းများ၊ စတီးပစ္စည်းများနှင့် ကားအပိုပစ္စည်းများဖြစ်ကြောင်း သိရှိရပါသည်။

တတိယအကြိမ် JTC အစည်းအဝေးတွင် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်တို့အကြား နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ လယ်ယာကဏ္ဍနှင့် အသိပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ချိတ်ဆက်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း Mr Sontirat မှ ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

**Source : Bangkok Post သတင်းစာ**

**သန်းသန်းနိုင်**

# ထိုင်း၏ စိုက်ပျိုးရေးထွက် သစ်သီးဝလံများအား ဆန်းသစ်ပြောင်းလဲမှုပြုခြင်းကို နိုင်ငံခြားသားများ အံ့သြ

နိုင်ငံခြားရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောကြားချက်အရ ဇူလိုင် ၁၂ ရက်မှ ၁၅ ရက်အတွင်း မွန်းထောင်းထာနီမြို့၌ BIOFACH Southeast Asia 2018 နှင့် Natural EXPO Southeast Asia 2018 ကုန်စည် ပြပွဲကို API (Agricultural Product Innovation) မှ ကြီးမှူးကျင်းပခဲ့ကြောင်း၊ အဆင့်မီဆန်းသစ်ပြောင်းလဲသော သဘာဝ စိုက်ပျိုးရေးထွက်ကုန်များမှ ထုတ်လုပ်သည့်ပစ္စည်းအမျိုးအစားအသီးသီးကို ပြသခဲ့ပါကြောင်း၊ အဆိုပါပစ္စည်းများတွင် ဆံပင်နှင့်ဦးရေကို အာဟာရဖြည့်ပေးသည့် ဆန်မှထုတ်လုပ်သောထုတ်ကုန်များ၊ မလိနီဆန်မွှေးမှ ထုတ်လုပ်သော အသားအရေ အာဟာရဖြည့်ပေးသည့် ထုတ်ကုန်များ၊ သဘာဝသစ်မြစ်မှထုတ်လုပ်သော နှုတ်ခမ်းနီ၊ ဟင်းရွက်ကို ဆေးတောင့်ကဲ့သို့ ထုတ်လုပ်ထားသော အာဟာရထုတ်ကုန်၊ ဆန်နို့၊ ရိုက်ဘယ်ရီဆန်ဖြင့် ထုတ်လုပ်သောနို့ရည်၊ အခြောက်ခံထားသောသစ်သီး၊ အာဟာရပြည့်သောသီးနှံဖြင့် ပြုလုပ်သော စွပ်ပြုတ် စသည်တို့ပါဝင်သဖြင့် ကုန်စည်ပြပွဲသို့ တက်ရောက်ကြသည့်ပြည်တွင်းပြည်ပစီးပွားရှင်များ၏ စိတ်ဝင်စားမှုကို လက်ခံရရှိခဲ့ကြောင်း ဖော်ပြပါ ရှိပါသည်။

ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးမှရသော ဆန်းသစ်သည့် ကုန်ပစ္စည်းများသည် ကျန်းမားရေးလိုက်စားသူများ၏ လိုအင်ဆန္ဒကို အပြည့်ဝဆုံးဖြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်း၊ စိတ်ဝင်စားမှုအများဆုံးရရှိသောကုန်ပစ္စည်းမှာ နိုင်ငံခြားအဆင့်မီသဘာဝထုတ်ကုန်များဖြစ်သည့် ရိုက်ဘယ်ရီမှထုတ်သော အချိုရည်၊ ဆန်နို့၊ ဟင်းရွက်မှထုတ်လုပ်သောဆေးတောင့်များ၊ သဘာဝသစ်သီးဖြင့်ပြုလုပ်သော နှုတ်ခမ်းနီစသည်တို့ဖြစ်ကြောင်း၊ ယခုဈေးကွက် လိုအပ်ချက်နှင့် ကိုက်ညီသော လှပ သည့် ထုပ်ပိုးမှုပုံစံများကြောင့် နိုင်ငံခြားသားများ၏ စိတ်ဝင်စားမှုကိုရရှိခဲ့ကြောင်း ဖော်ပြပါရှိပါသည်။

နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးဌာန၏ ပြောကြားချက်အရ ယခုအကြိမ် ကုန်စည်ပြပွဲပြုလုပ်ခြင်းသည် အလွန်အကျိုးရှိသည်ဟု စီးပွားရေးလုပ်ငန်းရှင်များမှ လက်ခံကြကြောင်း၊ အာရှ၌ အကြီးဆုံးသဘာဝကုန်စည်ပြပွဲဖြစ်ပြီး သွင်းကုန်လုပ်ငန်းရှင်များအလွန်စိတ်ဝင်စားကြကြောင်း၊ API မှ ဆန်းသစ်ပြောင်းလဲသော သဘာဝစိုက်ပျိုးရေးမှ ထုတ်သည့်ကုန်ပစ္စည်းများ၊ ကုန်စည်ပြပွဲ၏ အကျိုးဆက်အဖြစ်လုပ်ငန်းရှင်များအနေဖြင့် သုံးစွဲသူများ၏ လိုအပ်ချက်များကို ပိုမိုသိရှိစေပြီး တိုးတက်မှုအတွက် ဆက်လက်လုပ်ဆောင်ရန် လမ်းညွှန်ပြသမှုဖြစ်ခဲ့ပါကြောင်း၊ ထိုင်းထုတ်ကုန်များအား ကမ္ဘာ့အဆင့်မီစေသည့်အပြင် ရောင်းချမည့် ဈေးကွက်များလည်း ပိုမိုကျယ်ပြန့်စေပါကြောင်းဖော်ပြပါ ရှိပါသည်။

Source : **ထိုင်းရတ်သတင်းစာ**

**သန်းသန်းနိုင်**

# တရုတ်နိုင်ငံအနေဖြင့် စင်္ကြံသစ်များနှင့်အတူ လွတ်လပ်သောကုန်သွယ်ရေး၊ တံခါးဖွင့်စီးပွားရေးကို ထောက်ခံအားပေးကြောင်း တရုတ်သမ္မတပြောကြား

တရုတ်နိုင်ငံသမ္မတရှီကျင့်ပင်သည် ဇူလိုင် ၂၅ ရက်တွင် ပြုလုပ်သည့် BRICS စီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနား၌ မိန့်ခွန်း ပြောကြားရာတွင် တရုတ်နိုင်ငံအနေဖြင့် ဈေးကွက်တံခါးဖွင့်ခြင်းနှင့် လွတ်လပ်သော အပြည့်အဝ ထောက်ခံအားပေးကြောင်း ပြောကြားခဲ့သည်။

ယခုနှစ် နိုဝင်ဘာလတွင် ပထမဆုံး တရုတ်နိုင်ငံတကာပို့ကုန်သွင်းကုန်ပြပွဲ ( China International Import Expo) ကို တရုတ်နိုင်ငံရှန်ဟိုင်းမြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာကြီးအတွက် တရုတ်ဈေးကွက်ကို ဝင်ရောက်နိုင်ရန် စင်္ကြံသစ်တစ်ခုကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ရှီက ဆိုသည်။

အဆိုပါပြပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၃၀ နှင့် နယ်ပယ်ဒေသများမှကုမ္ပဏီပေါင်း ၂၈၀၀ကျော် ပါဝင်ပြသသွားကြလိမ့်မည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအတွင်းအပြင်မှ ဝယ်လက်ပေါင်း ၁၅၀၀၀၀ ကျော်လာရောက် လိမ့်မည်ဖြစ်ကြောင်း ရှီက ဖိုရမ်၌ ပြောကြားခဲ့သည်။

"အဲဒီပြပွဲကို တက်ရောက်ကြဖို့ အခြား BRICS အဖွဲ့ဝင်နိုင်ငံတွေနဲ့ အာဖရိကနိုင်ငံတွေက ခေါင်းဆောင်တွေကို ဖိတ်ခေါ်ချင်ပါတယ်"ဟု ရှီက ဆိုသည်။

တရုတ်နိုင်ငံအနေဖြင့် သက်ဆိုင်ရာနိုင်ငံများ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး အခွင့်အလမ်းသစ်များကို ဖန်တီးပေးရန်နှင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ ဖြိုးတိုးတက်ရေးအစီအစဉ် ၂၀၃၀ ပြည့်နှစ်ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရန် ခေတ်သစ်ပိုးလမ်းမကြီးဖော်ဆောင်မှုဖြင့် ဆက်လက်တွန်းအားပေးသွားမည်ဖြစ်ကြောင်း တရုတ်သမ္မတက ဆိုသည်။

ခေတ်သစ်ပိုးလမ်းမကြီးဖော်ဆောင်မှုသည် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးတွဲပါဝင်ဆောင်ရွက်ခြင်းဖြင့် အကျိုးအမြတ်များကို မျှဝေခံစားနိုင်ရန် အခြေခံစည်းမျဉ်းစည်းကမ်းလမ်းညွှန်ချက်များကို တရုတ်နိုင်ငံ၌ မူလဘူတ အစပြုခဲ့သည်ဆိုသော်လည်း တစ်ကမ္ဘာလုံးပိုင်ဆိုင်သည့်အရာဖြစ်ကြောင်း ရှီက ဆိုသည်။

BRICS အဖွဲ့ ဝင်နိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် အခြားဈေးကွက်ပေါ် ထွန်းဆဲနှင့် ဖွံ့ ဖြိုးဆဲနိုင်ငံများသည် အဆိုပါ ခေတ်သစ်ပိုးလမ်းမကြီးအစပြုဖော်ဆောင်မှုတွင် ခိုင်မာသော မိတ်ဖက်များအဖြစ် ပါဝင်နိုင်လိမ့်မည်ဖြစ်ကာ အကျိုးအမြတ်များကို ၎င်းနိုင်ငံများနှင့် ပြည်သူပြည်သားများက ပိုမိုခံစားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**Border News\Kanpitee**

**စိုင်းလှိုင်သူ (ပျဉ်းမနား)**

# ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ပို့ကုန်သွင်းကုန်ရုံး (ကျိုင်းတုံ)၌ ကုန်သွယ်မှုပမာဏ လျာထားချက်ကို ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့

ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ) ၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ပို့ကုန်အနေဖြင့် ရော်ဘာ တန်ချိန် ၈ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်း တင်ပို့ခဲ့ပြီး၊ သွင်းကုန်အနေဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ လျှပ်စစ်မီးသီးနှင့် မီးချောင်းများ၊ ဆပ်ပြာ၊ ချုပ်ပြီးအထည်များ၊ မျက်မှန်နှင့် မျက်မှန်ဖြင့်သက်ဆိုင်သော ပစ္စည်းကိရိယာများ၊ အခြားပစ္စည်းများ တင်သွင်းခဲ့ပါသည်။ အများဆုံး တင်သွင်းခဲ့သည့်ပစ္စည်းများမှာ ဓာတ်မြေဩဇာ တန် ၅၀၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၅ သန်းနှင့် ပြောင်းဖူးခြွေစက် (Corn Harvester) ၁၁၀၀ ခု၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၂ သန်း တို့ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်၊ ဇူလိုင်လအတွက် ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၅ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၅ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၀ သန်းလျာထားခဲ့ရာ ပို့ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်း၊ သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၈၀ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၁ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ လျာထားချက်အပေါ် လုပ်ငန်းဆောင်ရွက်မှုမှာ ၂၄၂ ဒသမ ၅၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရပါသည်။

**မြတ်ခိုင်(ကျိုင်းတုံ)**

# တစ်ဖက်နိုင်ငံထွက် အာလူးအိတ်များ ယာဉ်သုံးစီးပေါ်မှဖမ်းဆီးရမိ

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးစခန်းအနေဖြင့် တရားမဝင်ကုန်သွယ်မှု လျှော့နည်းရေးနှင့် ကုန်သွယ်မှုပမာဏ ပြည့်မီရေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက် ၁၇း၃၀ချိန်ခန့်တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်အောင် ဦးစီးအဖွဲ့သည် သတင်းအရ မူဆယ်-လားရှိုး ပြည်ထောင်စုလမ်းမကြီး ကျိန်စမ်းကျော့လမ်းခွဲတွင် စောင့်ဆိုင်းနေစဉ် မူဆယ်ဘက်မှ မောင်းနှင်လာသော ယာဉ်အမှတ် YGN 9E-4419 (Fuso)၊ ယာဉ်အမှတ် SGG 6L-1122(Hino Ranger) နှင့် ယာဉ်အမှတ် MDY 7K-7521 (Mitsubishi Canter) (၆)ဘီး ယာဉ် သုံးစီးအား တားဆီး၍ ကုန်သွယ်ရေးဇုန်အတွင်း မျက်မြင်စစ်ဆေးခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါ တားဆီးယာဉ်များပေါ်၌ တရုတ်နိုင်ငံမှ ထွက်ရှိသည့် အာလူး ၈၈၂ အိတ်အား တင်ဆောင်ထားသည်ကို တွေ့ရှိရပြီး စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း၊ ပါရှိခြင်း မရှိသည့်အတွက် အဆိုပါ ယာဉ်သုံးစီးနှင့် ယာဉ်ပေါ်ပါ အာလူး ၈၈၂ အိတ်အား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် OSS အကောက်ခွန်ဦးစီးဌာနမှ တစ်ဆင့် မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရှိရပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် OSS ပူးပေါင်းအဖွဲ့မှ ယခင် ဇူလိုင် ၁၅ ရက် ၂၂း၁၅ ချိန်တွင် ယာဉ်နှစ်စီးပေါ်၌ တရုတ်နိုင်ငံထွက် အာလူးအိတ် ၄၀၀ ပါ Kg ၈၀၀၀ နှင့် ဇူလိုင် ၂၇ ရက် ၂၀း၃၀ချိန်တွင် ၆ဘီးယာဉ်သုံးစီးပေါ်မှ တရုတ်နိုင်ငံထွက် အာလူး ၆၈၃ အိတ်တို့ကို စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာပါရှိခြင်း၊ တင်ပြနိုင်ခြင်းမရှိဘဲ တင်ဆောင်လာခဲ့ကြောင်း စစ်ဆေးတွေ့ရှိ ရတဲ့အတွက် ၎င်းယာဉ်များပေါ်တွင် တင်ဆောင်လာသော တရုတ်နိုင်ငံထုတ် အာလူးအိတ်များကို တားဆီးထိန်းသိမ်းထားပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းအပ်နှံခဲ့တယ်လို့ သိရှိရပါတယ်။

တစ်ဖက်တရုတ်နိုင်ငံမှ ထွက်ရှိသည့်အာလူးများကို ရှမ်းပြည်နယ်အတွင်းသို့ နည်းလမ်းမျိုးစုံဖြင့် တင်သွင်း ဆောင်ရွက်နေကြသည့်အတွက် မိမိဒေသအတွင်း အာလူးစိုက်တောင်သူများ နစ်နာမှုမရှိစေရန်နှင့် ဆုံးရှုံးမှုမရှိနိုင်စေရေးအတွက် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ရှောင်တခင်စစ်ဆေးခြင်း၊ သတင်းအရ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်နယ်တရားမဝင် ကုန်သွယ်မှုများ တားဆီးအရေးယူနိုင်ရေး အထူးအဖွဲ့ဖြင့်လည်း တားဆီးစစ်ဆေးနေတယ်လို့ သတင်းရရှိပါတယ်။

**မအေးလေး(နယ်ရုံး)**

# တမူး-မိုရေး နယ်စပ်မှာ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်/ထွက် ဂိတ်ဖွင့်ပွဲကျင်းပ




တမူး-မိုရေး နယ်စပ်မှာ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ဂိတ်ဖွင့်ပွဲ (Opening Ceremory Of International Border of Myanmar-India) အခမ်းအနားကို တမူးနယ်စပ်ဂိတ် နှစ်နိုင်ငံချစ်ကြည်ရေး တံတားအနီး မြန်မာဘက် အခြမ်း မုခ်ဦးမှာ ဩဂုတ် ၈ ရက်က ကျင်းပပြုလုပ်ခဲ့တာဖြစ်ပါတယ်။ မြန်မာ-အိန္ဒိယ နယ်စပ်ဂိတ်များ စိစစ်ဆောင်ရွက်မှု စတင်သည့် အထိမ်းအမှတ်အခမ်းအနား(Soft Opening)ဖွင့်ပွဲမှာ မြန်မာဘက်မှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်၊ တမူးခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ အိန္ဒိယဘက်မှ Mr. Nandan Singh Bhaisora၊ မန္တလေးမြို့၊ အိန္ဒိယကောင်စစ်ဝန်ချုပ်တို့မှ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပါတယ်။ အခမ်းအနားဖွင့်လှစ်ပြီးနောက် နှစ်နိုင်ငံကိုယ်စားလှယ်များနဲ့ဧည့်သည်တော်များဟာ နယ်စပ် ဝင်/ထွက်ဂိတ် လုပ်ငန်းစဉ်များ လုပ်ဆောင်နေမှုအား လှည့်လည်ကြည့်ရှုခဲ့ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား တည်ရှိနေသော ချစ်ကြည်ရင်းနှီးမှုကိုအလေးထားလျက် နှစ်နိုင်ငံသားဝင်/ထွက်မှုကိုလွယ်ကူချောမွေ့စေရန်နှင့် နယ်စပ်ဒေသ စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်တို့အတွက် နှစ်နိုင်ငံကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ် (Agreement on Land Border Crossing)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဆူရှမာဆွာရာ့ဂျ်တို့သည် မေ ၁၁ ရက်တွင် နေပြည်တော်၌ ချုပ်ဆိုခဲ့ပါတယ်။ စာချုပ်ဝင်နှစ်နိုင်ငံ၏ ပြည်သူများနယ်စပ်ဒေသ ဖြတ်သန်းသွားလာနိုင်ရေး၊ တတိယနိုင်ငံသားများ မြန်မာ-အိန္ဒိယ နယ်စပ်အား အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ရေးနှင့် သက်ဆိုင်သောလူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်ကြောင်း၊ ယနေ့ ကျင်းပပြုလုပ်တဲ့ (Soft Opening) ဖွင့်ပွဲဟာ တမူး-မိုးရေးနယ်စပ်ရှိ မြန်မာဘက်ခြမ်းမှာ ဖွင့်လှစ်မည့်အဆင့်မီ ဘက်ပေါင်းစုံ စစ်ဆေးရေးဂိတ်ရဲ့ ရှေ့ပြေးဆောင်ရွက်မှုလည်း ဖြစ်ကြောင်း သိရှိရပါတယ်။

မြန်မာ-အိန္ဒိယ နယ်စပ်တစ်လျှောက် မြန်မာဘက်မှ တမူး၊ အိန္ဒိယဘက်မှ မိုရေးနှင့် မြန်မာဘက်မှ ရိခေါဒါရ်၊ အိန္ဒိယဘက်မှ ဇိုခေါသာနေရာများအား စာချုပ်ဝင်နှစ်နိုင်ငံ၏ လူဝင်/လူထွက်နေရာများအဖြစ် သတ်မှတ်ထားပါတယ်။ ဝင်ထွက်ခွင့်ပြုမဲ့နည်းလမ်းတွေကတော့ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် ဝင်/ထွက်ခွင့်ပြုခြင်း၊ နိုင်ငံကူးလက်မှတ်ဖြင့် ဝင်/ထွက်ခွင့်ပြုခြင်း နည်းလမ်းများဖြင့်ဆောင်ရွက်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံသား နယ်စပ်ခရိုင်မြို့များ၌ အမြဲတမ်းနေထိုင်သူများကိုသာ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် ထုတ်ပေးမည်ဖြစ်ကြောင်း၊ နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်စာအုပ်သက်တမ်းမှာ (၁)နှစ်ဖြစ်ကြောင်းနှင့် သက်တမ်းတိုးခွင့်မပြုကြောင်း၊ စာအုပ်ဖိုးကို ဓာတ်ပုံအပါအဝင် ကျပ် ၅၀၀ ကောက်ခံ၍ ရုံးချုပ်သို့ပေးသွင်းရန်ဖြစ်ကြောင်း၊ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် တစ်ကြိမ်ထွက်ခွာတိုင်း ကျပ် ၃၀၀ စီ ကောက်ခံ၍ နိုင်ငံတော်သို့ သတ်မှတ်ငွေစာရင်းခေါင်းစဉ်ဖြင့်ပေးသွင်းရန်ဖြစ်ကြောင်း၊ ပြန်လည်ဝင်ရောက်ခြင်းအတွက် ငွေကောက်ခံခြင်းမပြုကြောင်း သိရှိရပါတယ်။

ဝင်ထွက်ခွင့်ပြုမည့် လက်မှတ်အမျိုးအစားတွေကတော့ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass)၊ နိုင်ငံကူးလက်မှတ် (Passport)၊မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identify)၊ ခရီးသွားအထောက်အထား လက်မှတ်(Travel Documents)တို့ဖြစ်ကြောင်း သိရှိရပါတယ်။နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass)ဖြင့် မြန်မာနိုင်ငံသားများအား နယ်စပ်ဝင်/ထွက်ပေါက်တည်ရှိရာ နယ်စပ်ဒေသခရိုင်အတွင်းထိ ဝင်/ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ တစ်ကြိမ်ဝင်/ထွက်ခွင့်အတွက် (၁၃)ညအိပ် ၁၄ ရက် ခွင့်ပြုမည်ဖြစ်ကြောင်း၊ အလားတူပင် အိန္ဒိယနိုင်ငံသားများအားလည်း သက်ဆိုင်ရာ နယ်စပ်ဒေသအာဏာပိုင်မှ ထုတ်ပေးသော BP ဖြင့် နယ်စပ်ဖြတ်သန်းခငွေကောက်ခံ၍ နယ်စပ်ဒေသခရိုင်အတွင်း ဝင်/ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ တစ်ကြိမ် ဝင်/ထွက်ခြင်းအတွက် ၁၃ ညအိပ် ၁၄ ရက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသအတွင်း ဝင်/ထွက်ခွင့်ပြုရာမှာ Border Line မှ ၁၆ ကီလိုမီတာအကွာအဝေးအတွင်း ခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရပါတယ်။

နိုင်ငံကူးလက်မှတ်၊ အခြားခရီးသွားစာရွက်အထောက်အထားများပါရှိသော နိုင်ငံသားများနှင့် တတိယနိုင်ငံသားများအား ပြည်ဝင်ဗီဇာပါရှိပါက နယ်စပ်ဝင်/ထွက်ပေါက်များမှ ဝင်/ထွက်ခွင့်ပြု၍ မည်သည့်အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်မှမဆို ပြန်လည်ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ပြည်ဝင်ဗီဇာအမျိုးအစားအလိုက် သတ်မှတ်ထားသည့် နေထိုင်ခွင့် ကာလအထိ နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ဆက်လက်နေထိုင်ခွင့် ကာလတိုးမြှင့်လိုပါက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူ အိန္ဒိယနိုင်ငံသားများအား ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ဆိုက်ရောက်ဗီဇာနှင့် e-Visa စနစ်ခွင့်ပြုနိုင်ရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်မည်ဖြစ်ပြီး၊ စတင်ခွင့်ပြုပေးနိုင်မည့်ရက်အား သီးခြား ထုတ်ပြန်မည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။


**မိုးဇော်ဦး(တမူး)**

# ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သည့် မန္တလေး-လားရှိုး-မူဆယ် ကုန်သယ်ခန့်နှုန်းထား

၂၀၁၈ ဇူလိုင်လအတွင်း မန္တလေး- လားရှိုး-မူဆယ် ကုန်သယ်ခန့်နှုန်းထားများမှာပို့ကုန်တွင် ပြောင်းနဲ့ဆန်တစ်ပိဿာ သယ်ယူခ ၆၆ ကျပ်၊ ပဲတီစိမ်း နဲ့ နှမ်းတစ်ပိဿာ သယ်ယူခ ၆၅ ကျပ်၊ ရော်ဘာ တစ်ပိဿာကျပ် ၇၀ ဖြင့် ဇူလိုင် တစ်လလုံး ပြောင်းလဲမှုမရှိဘဲ သွင်းကုန်မြေဆီ သယ်ယူခမှာလည်း ၃၀-၃၅ ကျပ်ဖြင့် ပြောင်းလဲမှုမရှိတာ တွေ့ရပါတယ်။

မူဆယ်မှတစ်ဆင့် တရုတ် နိုင်ငံသို့ ဆန်၊ ဆန်ကွဲ၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ကုန်၊ ကျွဲ၊ နွား(အရှင်)၊ အမဲသား၊ နာနတ်၊၊ သကြား၊ ကြက်သွန်နီ၊ နနွင်း၊ ပျားရည်၊ ကော်ဖီစေ့၊ သီဟိုဠ်စေ့၊ လက်ဖက်ခြောက်နဲ့ပရဆေးကုန်ကြမ်းများ ပုံမှန်တင်ပို့ပြီး တရုတ်နိုင်ငံမှလည်း ဓါတ်မြေဩဇာ၊ ဘိလပ်မြေ၊ စက်နှင့် စက်ပစ္စည်း၊ လယ်ထွန်စက်၊ ဓါတုဗေဒပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းများ၊ ချည်ထည် များနဲ့ မီးဖိုချောင်သုံးပစ္စည်းများ တင်သွင်းခဲ့ပါတယ်။ ဇူလိုင်လအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပစ္စည်းအတင်အချ ပြုလုပ်ရန် ခက်ခဲခြင်း၊ ယာဉ်သွားလာမှု ခက်ခဲခြင်းတို့ကြောင့် ပို့ကုန်တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**


New Golden Gate (1991)
COMPANY LIMITED
Export & Import
No.46, 19th Street, Latha Township, Yangon, Myanmar.
Tel : + 951 382320, + 951 382331 Fax : + 951 382331 E-Mail: newgoldengate1991@gmail.com
website: www.agribizmm.com.


ဖြိုး
ခန်းဆီး၊ လိုက်ကာ၊
မွေ့ရာ နှင့် ခြင်ထောင်အမျိုးမျိုး
အမှတ် (၁၇၃)၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ ကျိုက်လတ်လမ်းထိပ်(အ.ထ.က-၄)အနီး
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း (၀၁) -၅၃၂၃၇၆
၀၉-၅၁၉၇၄၂၀၊ ၀၉-၇၃၀၈၆၃၆၄၊ ၀၉၄၅၄၁၉၈၂၈၂


MMK
Construction Group
Myanmar Modular Konstruction
Showroom : No.(891), Byamaso Rd, (6)Qtr, South Okkalapa, Township, Yangon.
Office : No.(793), Thayaykhittayar (22)Street, (5)Qtr, South Okkalapa Township, Yangon, Myanmar. Tel : 09-777737955, 09-762833847
Email : aungtutu1@gmail.com, aungmyatthu.a1@gmail.com
FB Page : www.facebook.com/ Modular-construction-for-you-473634566167425/
www.facebook.com/yesmyanmaronlineshop/Modular construction for you



MMM
Car Sales Center
Email:mmmcarsalecenter@gmail.com
www.facebook.com/MMM car sales centre
min min maung Services Co.,Ltd
အမှတ် (၁၉/၂၀), ဗဟိုလမ်းမကြီး၊ နာနတ်တောဂုန်းကျော်နှင့် လှည်းတန်းဂုန်းကျော်ကြား၊ (၇) ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph:09 7979 85859, 09 863 8585

# Pentens®

Green Waterproofing, Leader in Asia

## WATERPROOFING, EPOXY & SILICONE SEALANT

Add : No.(202), Yangon Industrial Zone, Sin Phone Kyaung Street, Yangon, Myanmar. Tel 959 421175268, 09-421033597.
E-mail : pentensmyanmarbranch@gmail.com, Website : www.pentens.com.my







### PRODUCTS & SYSTEMS

- WATERPROOFING SYSTEMS
- INDUSTRIAL FLOORING SYSTEMS
- STRUCTURAL REPAIR SYSTEMS
- GROUT AND MORTAR SYSTEMS
- JOINT SEALING SYSTEMS
- SURFACE TREATMENT SYSTEMS
- SURFACE COATING SYSTEMS
- ADHESIVE SYSTEMS
- ADMIXTURE SYSTEMS
- DECORATING SYSTEMS




Products
- ❖ Acetic Cure Silicone Sealant
- ❖ Neutral Cure Silicone Sealant
- ❖ Acrylic Sealant


# ZURI COMPANY LIMITED

## PLASTIC BOTTLE MANUFACTURING

ခေတ်မီစက်ကြီးများဖြင့် ပလတ်စတစ်ဘူး အမျိုးမျိုးမှာယူရရှိနိုင်ပါသည်။



*No.216/222, 8B, 8C & 8D Corner Of Bo Myat Htun Road & Mahabandoola Road, Bo Myat Htun Housing, Pazundaung Township, Yangon*
*Tel : 01-202578, 01-202579 Fax : 01 - 293875*



















ဆက်ရန် ➤➤➤

# အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် Made in Myanmar ထွက်ကုန်များ ဈေးကွက်ထိုးဖောက်နိုင်ရေး

**မောင်လွင်ပြင်**

ဖွံ့ဖြိုးဆဲ မြန်မာနိုင်ငံအတွက် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ဖို့လိုနေသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအားကောင်းလာရေးသည် နိုင်ငံအတွင်း အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများက စတင်ရသည်။ အခြေခံရသည်ကို အများနားလည်သိရှိပြီးဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံသည် နိုင်ငံအတွင်း အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ၊စီးပွားရေးလုပ်ငန်းများအရှိန်ကောင်းပြီး ရှင်သန်ကြီးထွားလာရေးအတွက် အားပေးထောက်ပံ့ကူညီပေးနေသည်။ ယင်းသို့ အစိုးရပိုင်းက အားပေးကူညီပေးနေခြင်းသည် ထုတ်ကုန်များတိုးတက်ထွက်ရှိလာရေးအတွက်ဖြစ်သည်။

ထုတ်ကုန်များ တိုးတက်ထွက်ရှိပါမှ ပြည်တွင်း ပြည်ပ ကုန်သွယ်ရောင်းဝယ်ရေးအားကောင်းလာမည်။ ပြည်တွင်းပြည်ပ ကုန်သွယ်ရောင်းဝယ်စီးဆင်းမှု အားကောင်းလာလျှင် နိုင်ငံ၏ စီးပွားရေးအကွက်အကွင်း ပိုမိုသွက်လက် မြန်ဆန်လာမည်။ ကုန်သွယ်ရောင်းဝယ်မှုများ စဉ်ဆက်မပြတ် အားကောင်းနေမည်ဆိုလျှင် ကုန်သွယ်ရေး လိုငွေပြမှုများ လျော့ချ ပပျောက်သွားမည်ဖြစ်ပြီး ပိုငွေပြသည့် အခြေအနေသို့ ရောက်ရှိလာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေး၊ အထူးလိုအပ်နေသည့် ကာလသို့ ရောက်ရှိနေသည်။ ပို့ကုန်ဟုဆိုရာတွင်လည်း ပို့ကုန်အမျိုးအမည်သစ်များ တိုးချဲ့နိုင်ရေး ဆောင်ရွက်ဖို့လိုမည်။ အထူးသဖြင့် Made in Myanmar ပို့ကုန်အသစ်များ ကမ္ဘာအနှံ့ ဖြန့်ချိနိုင်ရေး ဆောင်ရွက်ရမည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုအရှိန်အဟုန်မြှင့်ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုအခါ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ဗဟိုကော်မတီ၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်လည်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကိုလည်း တစ်ဆက်တည်း ဖွဲ့စည်းထားသည်။ လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌသည် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဖြစ်သည်။ ဒုတိယဥက္ကဋ္ဌသည် စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးခင်မောင်ချိုဖြစ်သည်။ လုပ်ငန်းကော်မတီဝင်များအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေက လုပ်ငန်းကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်တွင် ကျင်းပခဲ့ကြောင်း၊ အစည်းအဝေး ဆုံးဖြတ်ချက်အရ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့နှင့် SME Agency အဖွဲ့တို့ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ယင်းအဖွဲ့ သုံးဖွဲ့ ဟန်ချက်ညီညီဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ဖို့ လိုမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်တွင် ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်အရ ဒေသဆိုင်ရာ SME Agency အဖွဲ့များကို နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး ပြည်နယ်တို့တွင် ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ယင်းအဖွဲ့များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊

> **မြန်မာနိုင်ငံရှိ MSMEs များ၏ ၆၅ ရာခိုင်နှုန်းသည် လယ်ယာထွက်ကုန်များကို Value Added ပြုလုပ်ပြီး စားသောက်ကုန်များအဖြစ် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ MSMEs များ၏ ထုတ်ကုန်များကို စနစ်တကျ စစ်ဆေးမည့် စမ်းသပ်ကိရိယာများ မရှိသည့်အပြင် FDA လက်မှတ်မရှိသည့်အတွက် ဈေးကွက်က ယုံကြည် လက်ခံရန် အားနည်းနေသည်ကို တွေ့ရသဖြင့် .....**

စသည့်ပုဂ္ဂိုလ်များဖြစ်ကြသည်။ ယင်းလုပ်ငန်းကော်မတီ၏ (၂/၂၀၁၈) အစည်းအဝေးကို ဩဂုတ် ၂ ရက်တွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြားချက်များသည် မြန်မာနိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် သိသင့်သိထိုက်သောအချက်များနှင့် အရေးကြီးသောအချက်များ မှတ်ယူထားရမည့် အချက်များဖြစ်၍ အများပြည်သူ သိစိမ့်သောငှာ ပြန်လည်တင်ပြချင်သည်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဝန်ကြီးများက စိတ်အားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေသည်ကိုတွေ့ရ၍ ဝမ်းသာအားရဖြစ်ရကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ( Micro, Small and Medium , Enterprises-MSMEs) များ ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးပြီး အမှန်တကယ်လိုအပ်ချက်များကို ဝိုင်းဝန်းဖြည့်ဆည်းပေးမည်ဆိုပါက MSMEs များ၏ ယှဉ်ပြိုင်နိုင်စွမ်းအားများ အမှန်တိုးတက်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံရှိ MSMEs များ၏ ၆၅ ရာခိုင်နှုန်းသည် လယ်ယာထွက်ကုန်များကို Value Added ပြုလုပ်ပြီး စားသောက်ကုန်များအဖြစ် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ MSMEs များ၏ ထုတ်ကုန်များကို စနစ်တကျ စစ်ဆေးမည့် စမ်းသပ်ကိရိယာများ မရှိသည့်အပြင် FDA လက်မှတ်မရှိသည့်အတွက် ဈေးကွက်က ယုံကြည်လက်ခံရန် အားနည်းနေသည်ကို တွေ့ရသဖြင့် ဝန်ကြီးဌာနများတွင်ရှိသည့် Laboratory Test Center များတွင် စစ်ဆေးခွင့်ပေးခြင်း၊ ထုတ်ကုန်အရည်အသွေး ပြည့်မီမှု Certificate ထုတ်ပေးခြင်းနှင့် SME Logo တရားဝင်ထုတ်ပေးပြီး အသုံးပြုစေခြင်း နည်းလမ်းများကို လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီပါက ထည့်သွင်းစဉ်းစား စေလိုကြောင်း၊ သို့မှသာ နိုင်ငံတကာက အသိအမှတ်ပြု MSMEs များ ဖြစ်လာပြီး စားသုံးသူများ၏ ယုံကြည်မှုရှိလာမည်ဖြစ်ကာ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ကြောင်းများကိုလည်း ပြောကြားခဲ့ပါသေးသည်။ ထို့ပြင် ပြည်တွင်း စူပါမားကက်များ၊ ဒေသတွင်း အရောင်းခန်းမများ၌ နေရာစီစဉ်ပြီးရောင်းချခွင့်ပေးခြင်းများ ဆောင်ရွက်စေလိုကြောင်း၊ ဒေသအလိုက် အားပေးမြှင့်တင်ခြင်းဖြင့် ကျေးလက်ဒေသတွင် အသေးစား အလတ်စားလုပ်ငန်းများများပြားလာမည်ဖြစ်ကြောင်းနှင့် အရည်အသွေးပြည့်မီသည့် Made in Myanmar ထုတ်ကုန်များကို လေဆိပ်များ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် စူပါမားကက်များ၌ ကောင်တာများ ဖွင့်လှစ်ရောင်းချနိုင်ရေးကို မိမိဒေသ၏အခြေခံအဆောက်အဦ အခြေအနေအရ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ အာဆီယံနိုင်ငံများတွင်လည်း အစည်းအဝေး ပွဲကြီးများနှင့် ပွဲလမ်းသဘင်များ၌ ယင်းနိုင်ငံ၏ MSMEs များ၏ ထုတ်ကုန်များအား ပြသသည်ကို တွေ့ရကြောင်းများကိုလည်း ပြောကြားခဲ့ပါသေးသည်။

ထို့ပြင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် Action Plan များ ရေးဆွဲကာ ယင်း Action Plan များကို ပစ်မှတ်ထား၍ ဒေသတွင်း MSMEs များကို ထိထိရောက်ရောက် ပံ့ပိုးပေးရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးတွင် အဓိက ကျောရိုးသဖွယ်ဖြစ်သည့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဈေးကွက်ရရှိရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့်တီထွင်ဆန်းသစ်ရေး စသည့် အချက်များကို တိုးတက်အောင်မြင်စေရန် ဝိုင်းဝန်းညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေး ပွင့်ပွင့်လင်းလင်း ဆွေးနွေး အကြံပေးကြရန်တို့ကိုလည်း မှာကြားခဲ့သေးသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် မန္တလေးမြို့တွင် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး ဒေသထွက်ကုန်ပြပွဲပြိုင်ပွဲ၊ မကွေးမြို့တွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး ဒေသထွက်ကုန်ပြပွဲ ပြိုင်ပွဲ၊ ပုသိမ်မြို့တွင် ဧရာဝတီတိုင်းဒေသကြီး ဒေသထွက်ကုန် ပြပွဲ ပြိုင်ပွဲနှင့် တောင်ကြီးမြို့တွင် ရှမ်းပြည် နယ်နှင့် ကယားပြည်နယ် ဒေသထွက်ကုန်ပြပွဲပြိုင်ပွဲများ ကျင်းပခဲ့ရာ လေးကြိမ်ရှိခဲ့ပြီဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဒေသထွက်ကုန် ပြပွဲပြိုင်ပွဲများ ဆက်လက်ကျင်းပသွားရန် အစီအစဉ်များရှိနေသည်ဟု သိရသည်။ ဆက်လက်ကျင်းပရာတွင် တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုကောင်းမွန်ပြီး စည်ကားသိုက်မြိုက်ရေးအတွက် ထိရောက်စွာ ပံ့ပိုးကူညီနိုင်ရေးနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရေးတို့ကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းကိုလည်း ဒုတိယသမ္မတ ဦးမြင့်ဆွေက မှာကြားထားသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုဩဂုတ်လအတွင်း ကျင်းပမည့် MSMEs များ၏ လုပ်ငန်းများ၏ဒေသထွက်ကုန်ပြပွဲပြိုင်ပွဲတွင် ပုဂ္ဂလိကဘဏ်များအား ဖိတ်ကြားရန် စီစဉ်ထားပြီး ယင်းဘဏ်များအနေဖြင့် ဒေသတွင်း MSMEs လုပ်ငန်းများ၏ အခြေအနေကို ကွင်းဆင်းလေ့လာကြည့်ပြီး အောင်မြင်တိုးတက်ရန် အလားအလာရှိသည့်လုပ်ငန်းများကို ငွေချေးပေးနိုင်ရေး စီမံထားသည်ဟုလည်း သိရှိရသည်။ ဤသို့ဖြင့် အသေးစား အလတ်စား လုပ်ငန်းလုပ်ကိုင်သူနှင့် ငွေချေးမည့်သူတို့ တွေ့ဆုံနိုင်ကြလျှင် ထွက်ကုန်များ ပိုမို ပီပြင်လာပြီး ဈေးကွက်လည်း တိုးချဲ့လာနိုင်မည်ဟု ယုံကြည်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **(စာရေးသူ၏ အာဘော်သာဖြစ်သည်)**



# ဇူလိုင်လအတွင်း ရော်ဘာတင်ပို့မှုလျော့ကျ



မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၂၈ ရက်မှ ဩဂုတ်၃ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ဒသမ ၂၅၀ သန်းတန်ဖိုးရှိရော်ဘာ ၁၀၇၃ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်မှ RSS-1 အမျိုးအစား ၃၅၄တန် RSS-3 အမျိုးအစား တန်ချိန် ၄၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-5 အမျိုးအစား တန်ချိန် ၃၀၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ RSS အမျိုးအစား ၁၀ တန်နဲ့ Crepe Rubber ၉ တန် တင်ပို့ခဲ့ကြောင်းနဲ့ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက သုံးတန်ခန့်ပိုမိုတင်ခဲ့တဲ့အတွက် ပုံမှန်အပို့ရှိတယ်လို့ ဆိုရပါမယ်။ ဇူလိုင်လ တစ်လလုံးအတွင်းမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၅ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၅၃၂၂ တန်ခန့် တင်ပို့ခဲ့ကြောင်းနဲ့ ယခင်လတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၆၃၉ တန် အပို့လျော့ကျခဲ့ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS-3 တစ်တန်လျှင် ကျပ် ၁၆ ဒသမ ၅၅၃ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ပါက တစ်တန်ကို ၈၈၅၂ ကျပ်ဈေးကျကြောင်း မူဆယ် ကုန်စည်ဒိုင်ရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ဒသမ ၃၅၂ သန်းတန်ဖိုးရှိ ရော်ဘာ ၁၀၄၉ တန်ကို ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံနဲ့ မလေးရှားနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ဂျပန်နိုင်ငံသို့ MSR -20 အမျိုးအစား ၁၁၇တန်၊ တရုတ်နိုင်ငံသို့ Synthetic Rubber ၈၀၆တန်၊ မလေးရှားနိုင်ငံသို့ MSR-20 အမျိုးအစား ၁၀၅တန်နဲ့ RSS-3 အမျိုးအစား ၂၁ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၃၁၃တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ဇူလိုင်လ တစ်လလုံးအတွင်းမှာ ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၅၇ သန်းတန်ဖိုးရှိ ရော်ဘာ ၄၃၆၅ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇွန်လ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၂၅၈၄ တန်လျော့ကျခဲ့ကြောင်း သိရှိရပါတယ်။

ဇူလိုင်လအတွင်း ရော်ဘာတင်ပို့မှုမှာ ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ ၉၆၈၇ တန် တင်ပို့ခဲ့ပြီး ယခင်လ တင်ပို့မှုထက် လျော့ကျခဲ့တာတွေ့ရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ထားဝယ်မြို့ မြို့မစည်ပင်သာယာဈေးနှင့် မြို့ပေါ်ရှိဈေးဆိုင်များတွင် တားမြစ်အလှကုန်နှင့် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများ ရောင်းချမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ ပါဝင်သည့် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီမှ ဩဂုတ် ၈ ရက်နှင့် ၁၀ ရက်များတွင် ထားဝယ်မြို့၊ မြို့မစည်ပင်သာယာဈေးနှင့် မြို့ပေါ်ရှိ အလှကုန်နှင့် စားသောက်ကုန်ပစ္စည်း အရောင်းဆိုင်များတွင် သုံးစွဲရန်မသင့်တားမြစ်ထားသော အလှကုန်နှင့် စားသုံးရန်မသင့် ကြေညာထားသော အစားအသောက်များ ရောင်းချမှု ရှိ/မရှိကို ဈေးဆိုင်ပေါင်း ၃၁ ဆိုင်သို့ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် မြို့မစည်ပင်သာယာဈေး၌ ကျန်းမာရေးဝန်ကြီးဌာနမှ အများပြည်သူသုံးစွဲရန်မသင့် ကြေညာထားသော Win Surfi Qian Li နှင့် RUIQIAN စသည့် အမှတ်တံဆိပ်ပါအလှကုန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိခဲ့ရာ ဆိုင်ရှင်များအား နောက်နောင်ရောင်းချခြင်းမပြုရန်နှင့် ရောင်းချခြင်းပြုပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ခံဝန်ကတိလက်မှတ်ရေးထိုးစေခဲ့သည်ဟု သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# ရန်ကုန်လိုင်စင်စောင့်မျှော်နေကြပြီး ဈေးမာဖြင့်ဈေးကွက်အေးနေ

ဩဂုတ်လဆန်းပိုင်းနှင့် လလယ်ပိုင်းခန့် ရန်ကုန်မြို့ ကားဈေးကွက် အခြေအနေမှာ ယခင်လများကဲ့သို့ပင် ကားအရောင်းအဝယ်များ ဈေးကွက်အေးနေပြီး ထပ်မံပေါ်ထွက်လာမည့် မူဝါဒများ၊ ညွှန်ကြားချက်များ စောင့်နေသည့်အခြေအနေဖြစ်နေကြောင်း သိရ သည်။

လတ်တလော ရန်ကုန်ကားဈေး ကွက်၏ အခြေအနေမှာ ရန်ကုန်တိုင်း ဒေသကြီးအတွက်သာ သီးခြား သတ်မှတ် ပေးမည့် ရန်ကုန် ကိုတာခွဲတမ်း(YVQC)စနစ်အား အများစုမှ မျှော်လင့်နေကြသည့်သဘော တွေ့ရှိရပြီး ထိုအခြေအနေနှင့်လိုက်၍ ကား အရောင်းအဝယ်များမှာလည်း အေးစက်နေကြောင်း၊ ပြည်ပမှလာ ရောက်ရင်းနှီး မြှုပ်နှံထားသည့် Brand New ကားအရောင်းပြခန်းများမှာ အရောင်းအဝယ်အေးနေပြီး ပြည်တွင်းကား အရောင်းစင်တာများမှာလည်း စလစ်ကပ်ကားနှင့် အခြားကားများ ပြည်တွင်းတွင် တပ်ဆင်ထုတ်လုပ်သည့် ( စူဇူကီး၊ နစ်ဆန်း) စသည့် ကားကုမ္ပဏီထုတ် ယာဉ်ငယ်များသာ သိန်း ၂၇၀ မှ သိန်း ၃၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ရှိကြောင်း လှိုင် ယာဉ်ရောင်းဝယ်ရေးစခန်းမှ ယာဉ်ဝင်/ရောင်း ကိုမြင့်ကျော်က ပြောသည်။

ကားဈေးကွက်အတွင်း အထက်ပါ အခြေအနေအတိုင်းဖြစ်ပေါ်ပြီး ဈေးတန်းများအေးသည်ထက်အေးနေသော်လည်း ဈေးတန်းကျပြီး ဈေးအေး ခြင်း မဟုတ်ဘဲ ဈေးကွက်အမြင့်ဖြင့် ကားဈေးကွက် အေးနေကြောင်း၊ ရန်ကုန် လိုင်စင်ရယူလိုသဖြင့် စောင့်ဆိုင်းနေရသည်များလည်းရှိပြီး ဇွန်လမှစ၍ စတင်စောင့်ဆိုင်းခဲ့ကြသော်လည်း ဩဂုတ်လလယ်ပိုင်းအထိ ရန်ကုန်လိုင်စင် သတ်မှတ်ချက်ထုတ်ပြန်ပေးရန် အချိန်အတိ အကျထပ်မံမသိရှိသေးသောကြောင့် လည်းကောင်း၊ ယခုနှစ်ထဲတွင် လုပ်ဖြစ်မည်ကို ယုံကြည်ပြီး စောင့်ဆိုင်းနေကြသဖြင့်လည်းကောင်း၊ အရောင်းစင်တာများနှင့် အရောင်းပြခန်းများပါ အရောင်းအဝယ် အေးနေရခြင်းဖြစ်ကြောင်း ၎င်းတို့မှ ပြောသည်။

ယခုကာလမှာလည်း မိုးရာသီဖြစ်နေပြီး မိုးများသဖြင့် ဒေသအသီးသီးတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နေကာ နယ်ဝယ်လက်များ အဆင်းနည်းလာသဖြင့်လည်း အကြောင်းတစ်ရပ်ဖြစ်ကြောင်း၊ သို့ရာတွင် ဈေးကွက်ထဲတွင် လတ်တလော အသုံးပြုရန် လိုအပ်သူများနှင့် အကွာရာနိမ့်ကားများ သိန်း ၁၅၀ မှ ၂၀၀ ဝန်းကျင်ကားများ အလိုက်ပေး၍ အလဲအထပ်လုပ်သူများအနေဖြင့် အနည်းငယ် အလုပ်ဖြစ်ကြောင်း၊ ပြည်တွင်းတပ်ဆင်သည့် ဆူဇူကီး ၊ နစ်ဆန်း ဆလွန်းအချို့မှာ မနှစ်က ထုတ်လုပ်ရောင်းချထားသည့်အကွာရာများ အရောင်းအဝယ်ဖြစ်နေပြီး သိန်း ၂၀၀ ပတ်ချာလည်ဖြင့်လည်းကောင်း၊ ယာဉ်ဟောင်း အပ်နှံစလစ် ဈေးတန်းမှာလည်း ရန်ကုန်ကိုတာ အစီအစဉ်မလာသေးသဖြင့် ဈေးပြန်တက်လာပြီး အမည်ပေါက် သိန်း ၁၃၀ ခန့်ဖြစ်နေကြောင်း ဝါရင့် ယာဉ်ဝယ်ရောင်းများမှ ပြောသည်။

**SN**

# ကလေးမြို့နယ်၏ ပြည်ပသို့နွားအရှင်တင်ပို့မှု အခြေအနေ

ကလေးမြို့တွင် ယခုလက်ရှိ နိုင်ငံခြားသို့ နွားတင်ပို့မှုတွင် JT Kalay Company Limited နှင့် Wai Hlan Oo Company Limited တို့က ကလေးမှ မူဆယ်သို့ နွားများတင်ပို့ရန် ယာယီစုဆောင်းနေဆဲဖြစ်ကာ JT Kalay Company Limited မှ ၂၀၁၈ ဇွန်လအတွင်း တရုတ်နိုင်ငံသို့ နွားအကောင် ၁၀၀ တင်ပို့ ရောင်းချပြီးဖြစ်ကြောင်း၊ လက်ရှိတွင် နွားများကို စုဆောင်းလျက်ရှိရာ မျှောစာရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မျှောစာကျပါက ကုမ္ပဏီ (၂) ခုတွင် နွားများတင်ပို့မည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ နွားတင်ပို့မှုနှင့်ပတ်သက်၍ မိမိနိုင်ငံအတွက် နွားအကောင်၁၀၀ တင်ပို့လျှင် သိန်း၅၀ခန့် အခွန်ငွေရရှိပြီး နွားများစုဆောင်းဝယ်ယူချိန်တွင် နွားခြံတစ်ခြံတွင် လူဦးရေ ၁၀ ဦးခန့် စရိတ်ငြိမ်း လုပ်အားခ တစ်ဦးလျှင် ကျပ် ၆၀၀၀ နှုန်းဖြင့် ပေးချေရသည့်အတွက် နွားခြံနှစ်ခြံတွင် လူဦးရေ ၂၀ ဦး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပါကြောင်း ကုမ္ပဏီတာဝန်ရှိသူ၏ ပြောပြချက်အရ သိရှိရပါသည်။

တောင်သူများအနေဖြင့်လည်း မိမိ၏ ခိုင်းနွားများကို ရောင်းချခြင်းများ မဟုတ်ကြောင်း၊ ပိုလျှံသည့် နွားများကိုသာ ရောင်းချကြပါကြောင်း နွားရောင်းဝယ်သူများထံမှ မေးမြန်းသိရှိရပါသည်။ ကလေးမြို့တွင် လက်ရှိမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏စာရင်းအရ ကျွဲ ၊ နွားများ မွေးမြူထားရှိမှု အခြေအနေများမှာ ကျွဲ ၇၀၀၀ ကောင်၊ နွား ၇၀၀၀၀ ကောင်ဝန်းကျင် မြေပြင်အနေအထားတွင် မွေးမြူထားရှိပါကြောင်း လေ့လာသိရှိရပါသည်။

နွားများကို ဝယ်ယူစုဆောင်းရာတွင် ကလေးနယ်တစ်ဝိုက်ဖြစ်သည့် ကလေး၊ နတ်ချောင်း၊ ထောက်ကြန့်၊ ကျောင်းတိုက် ကျေးရွာများတွင် ဝယ်ယူစုဆောင်း ပါကြောင်း၊ ဝယ်ယူ စုဆောင်းမှု ကာလမှာနှစ်လမှ လေးလကြာမြင့်ပြီး ဝယ်ယူ ဈေးနှုန်းမှာ နွား ငါးနှစ်သားမှ ၁၃ နှစ်သားအထိ တစ်ကောင်လျှင် ၁၁ သိန်း မှ ၁၃ သိန်းထိပေး၍ ဝယ်ယူရပြီး တရုတ်နိုင်ငံသို့ရောင်းဈေးနှုန်းမှာ တစ်ကောင်လျှင် ယွမ် ၈၀၀၀ - ၉၀၀၀ -၁၀၀၀၀ ရောင်းချရပါကြောင်း နွားရောင်းဝယ်သူများထံမှ မေးမြန်းသိရှိရပါသည်။

ကလေးမြို့၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနအနေဖြင့် မွေးမြူရေးတောင်သူများ လိုအပ်သော နို့စားနွား (Friesian)၊ အသားစားနွား (Brahmin) ခိုင်းနွားများဖြစ်သော ပြာစိမ်းနှင့် ရွှေနီမျိုးစပ်များကို မေထုံမဲ့ သားစပ်ခြင်းဖြင့် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြောကြားချက်အရ သိရှိရပါသည်။

**စန္ဒာမွန် (ကလေး)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၂) | ယာယီ | ၂၇၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ရက်တစ်( ၂၀၁၁ ) | ယာယီ | ၁၉၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ကလူဂါ (၂၀၀၃ ) | G | ၃၆၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဝှရှ် (၂၀၁၁) | L | ၃၆၅ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | အာလ်ဖတ် (၂၀၀၅ ) | L | ၄၅၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဝန်းဂတ် | H | ၅၅၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဆွစ်ဖ် (၂၀၁၁) | M | ၁၇၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား (၂၀) နှစ် | - | ၁၂၃ သိန်း | |

# ကုန်သွယ်ရေးဦးစီးဌာန ရန်ကုန်ပို့ကုန်သွင်းကုန်ရုံးတွင် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က "Make in Myanmar Strategy" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံးတွင် ဖွင့်လှစ်ထားရှိသော ကုန်သွယ်မှု သင်တန်းကျောင်း (Trade Training Institute - TTI) သည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း များကို သင်ကြားပို့ချပေးလျက်ရှိပါသည်။ သင်တန်းကာလအတွင်း ကျွမ်းကျင်ပညာရှင်များအား ဖိတ်ကြားပြီး စီးပွားရေး ဟောပြောဆွေးနွေးပွဲ (Business Talk Program) ကို စီစဉ် ကျင်းပပေးလျက်ရှိရာ လက်ရှိတက်ရောက်လျက်ရှိသော သင်တန်းသား၊ သင်တန်းသူများအတွက် ရည်ရွယ်ပြီး ဩဂုတ်လ ၂၅ ရက် (စနေနေ့) နံနက် ၉း၃၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရန်ကုန်မြို့၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ရန်ကုန် ပို့ကုန်သွင်းကုန်ရုံး၏ ပဉ္စမထပ်ညီလာခံခန်းမတွင် Business Talk ကျင်းပမည် ဖြစ်ပါသည်။

အဆိုပါဆွေးနွေးပွဲတွင်ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က "Make in Myanmar Strategy" ဟူသောခေါင်းစဉ်ဖြင့် ဟောပြောဆွေး နွေးမည်ဖြစ်သဖြင့် Business Talk သို့ လက်ရှိသင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းတက်ရောက် အောင်မြင်ပြီးခဲ့သူများအပြင် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်းနှင့် သိရှိလိုသည်များကို ဖုန်း ၀၁-၂၅၀၈၇၁၊ ၀၉-၅၀၉၆၁၃၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**သိန်းမြင့်ဝေ**

# မြန်မာ့သိုးဆိတ်အရှင်ဈေးကွက်အတွက် လိုအပ်နေသောကွက်လပ်လေးတစ်ခု



နယူးဇီလန်နိုင်ငံတွင် ၁၈၈၀ ခုနှစ် မေလမှစတင်၍ သိုးနှင့်နွားများ လေလံတင် ရောင်းချနိုင်သော နေရာတစ်ခုဖြစ်သည့် Fielding Stockyard ကို သိုးနှင့်နွား ရောင်းချသည့် ကုမ္ပဏီလေးခုက ဦးဆောင်၍ သိုးနှင့် နွားတောင်သူများနှင့် ပေါင်းစပ် လုပ်ကိုင်ခဲ့ကြသည်မှာ ယခုဆိုရင်ဖြင့် နှစ်ပေါင်း ၁၃၈ နှစ် သက်တမ်းရှိသော ကမ္ဘာ့အကြီးဆုံး လေလံ ဈေးကွက်ကြီးတစ်ခုအဖြစ် ခိုင်မာစွာ ရပ်တည်နေပါတယ်။ လေလံပွဲသို့ လာရောက်လည်ပတ်လိုသူများ အနေဖြင့် Feilding and District Information centre တွင် ကြိုတင် ဘွတ်ကင်စာရင်းသွင်းရပါတယ်။ လေလံပွဲကို အပတ်စဉ် သောကြာနေ့တိုင်း နံနက် ၁၁ နာရီမှ စတင် လေလံခေါ်ယူ ရောင်းချလျက် ရှိပါတယ်။ ၁၉၀၇ ခုနှစ်မှာ Manawatu Auctioneers' Association ကို စတင် ဖွဲ့စည်းပြီး မှတ်တမ်းမှတ်ရာများဖြင့် လေလံပွဲကို စနစ်တကျ ဆောင်ရွက်ခဲ့ရာအဆိုပါ လေလံဈေးကွက် အကျယ်အဝန်းမှာ ၃၁သမ ၇ ဟက်တာ ကျယ်ဝန်းပြီး သိုးခြံပေါင်း ၃၅၀ ခြံနှင့် နွားခြံပေါင်း ၁၄၀ ခြံ ပါဝင်ကာ နှစ်စဉ် သိုးကောင်ရေ လေးသိန်းခွဲနှင့် နွားကောင်ရေ ငါးသောင်းခန့် ရောင်းချလျက် ရှိပါတယ်။

လေလံဈေးကွက် ရှိနေခြင်း၏ အားသာချက်အနေနဲ့ လေလံပွဲတွင် သိုးနှင့်နွား တောင်သူများ ကိုယ်တိုင် ပါဝင်ရောင်းချနိုင်ပြီး တောင်သူများ မွေးမြူရေးနည်း စနစ်များနှင့် မျိုးကောင်း မျိုးသန့် ဖလှယ်နိုင်သောနေရာ တစ်ခုဖြစ်လာပါတယ်။ အသားနှင့်ဆီသွပ်ဗူး ထုတ်လုပ်သည့် စက်ရုံများ၊ ပြန်လည် မွေးမြူလိုသူများနှင့် အသားရောင်းချ ဆိုင်များ အားထားရာ နေရာတစ်ခု အဖြစ်လည်း ဆိုနိုင်ပါတယ်။ ထို့အပြင် သိုးနှင့် နွား ဆက်စပ်လုပ်ကိုင်သော လုပ်ငန်းရှင် မှန်းချက်တူသူများ တစ်နေရာတည်းတွင် တွေ့ဆုံ၍ ပြည်တွင်း/ပြည်ပ ဈေးကွက် ချိတ်ဆက် ဆောင်ရွက်နေသော လေလံဈေးကွက်တစ်ခု ဖြစ်ပါတယ်။

အလားတူစွာပင် မြန်မာနိုင်ငံတွင်လည်း သိုးနှင့် ဆိတ်အရှင်များ ပြည်ပသို့ တိုးမြှင့်တင်ပို့ ရောင်းချနိုင်ရေးအတွက် စတင်မဟာဗျူဟာဖော်ဆောင်နေပြီဖြစ်ပါတယ်။ ပြည်တွင်းမွေးမြူရေး ဈေးကွက်နှင့် အသား ဈေးကွက်များကို ရောင်းချရာတွင် ပိုမိုအကျိုးရှိ ဖြစ်ထွန်းစေရေးနှင့် တောင်သူများ အချင်းအချင်း မျိုးကောင်းမျိုးသန့် ဖလှယ်နိုင်ရေးတို့အတွက် သိုးဆိတ်ကုမ္ပဏီများနှင့် တောင်သူများ ဦးဆောင်၍ သိုးဆိတ်လေလံ ဈေးကွက်တစ်ရပ် ထူထောင်သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါတယ်။

**မြတ်မြတ်စိုးမိုး (Myantrade)**

# Honor မှ စမတ်ဖုန်းအသစ်နှစ်မျိုးဖြစ်သော စွမ်းဆောင်ရည်မြင့်မားသည့် Honor7s နှင့်၏ 9 Lite တို့ဖြင့် မိတ်ဆက်

ဈေးကွက်ဦးဆောင်သူ စမတ်ဖုန်း E-brand ဖြစ်သော Honor သည် ၎င်း၏ နောက်ဆုံးပေါ် စမတ်ဖုန်းများဖြစ်သော Honor 9 Lite နှင့် Honor 7s တို့အား ဩဂုတ် ၉ ရက်က အလုံလမ်း Club Pioneer တွင် မိတ်ဆက်ပေးခဲ့ပါသည်။ ဇွန်လ အစောပိုင်းတွင် ဈေးကွက်အတွင်းသို့ မိတ်ဆက်ပေးခဲ့သည့် Honor7A နှင့် 7C တို့၏ အောင် မြင်မှုနောက်ပိုင်း အဆိုပါဖုန်းများကို မိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။

Honor 9 Liteသည် အလွန်ပါးလွှာပြီး သွယ်လျစတိုင်ကျသည့် ပုံစံဖြင့် ထူးခြားနေမည်ဖြစ်ပြီး ရှေ့နောက် နှစ်ဖက်လုံး၌ Dual -Lens 13 mp+2mp ကင်မရာများ ပါရှိသည်။ နောက်ဆုံးပေါ် EMUI 8.0 update ပါဝင်သည်။ Face Unlock လုပ်ဆောင်ချက်နှင့် ကျောဘက်တွင်လုံခြုံပြီး ပိုမိုကောင်းမွန်သော လက်ဗွေ ရာဖတ်ရှုကိရိယာများ ပါရှိသည်။ ကိုယ်ထည်မှာ သတ္တု ကိုယ်ထည်အပြည့်ဒီဇိုင်းဖြစ်ပြီး 18: 9qaspect ratio နှင့် 5.56 လက်မ Full Hd+ ဖန်သားပြင်ပါရှိမှာဖြစ်ပြီး ဗွီဒီယိုကြည့်ရှုခြင်း၊ ဂိမ်းကစားခြင်းများအတွက် အသင့်တော်ဆုံးဖြစ်သည်။

Honor 7s တွင်မူ PDAF အလျင်အမြန် Focus နည်းပညာပါဝင်ပြီး 13MP နောက်ကင်မရာနှင့် အလင်းရောင် နည်းပါးသည့်နေရာတွင် အသုံးပြုနိုင်သည့် LED Selfie Light ပါဝင်သည့် 5mp ရှေ့ကင်မရာ ပါဝင်သည်။ ၎င်း၏အားကောင်းသည့် အသံရိစီဗာကြောင့် ပတ်ဝန်းကျင် ဆူညံသည့် အနေအထားတွင်ပင် ရှင်းလင်းပြတ်သားစွာ ဖုန်းခေါ် ဆိုနိုင်မည်ဖြစ်သည်။

Honor 9 Liteနှင့် Honor7s တို့သည် မြန်မာငွေ ကျပ် ၁၉၉၀၀၀ နှင့် ကျပ် ၁၂၃၀၀၀ အသီးသီး တန်ဖိုးရှိကြပြီး အဆိုပါ သင့်လျော်သည့်တန်ဖိုးတွင် အံ့ဩဖွယ်ရာ လုပ်ဆောင်ချက်များပါ ရှိပါသည်။

Honor 9 Lite နှင့် Honor 7s တို့ကို စတင်မိတ်ဆက် ရောင်းချပေးခြင်းသည် မြန်မာနိုင်ငံရှိSelifie ချစ်သူများအကြား အောင်မြင်မှုတစ်ခု ဖြစ်လာစေရန် ယုံကြည်ပါသည်ဟု Honor Myanmar ၏ ဥက္ကဋ္ဌ ဖြစ်သူ Baj Jing က ဆိုသည်။

Honor စမတ်ဖုန်းများကို ရန်ကုန်တွင် ဝယ်ယူလေ့လာချင်သူများအနေဖြင့် အမှတ် ၁၃၉၊ လသာလမ်း(အထက်)ရှိ Honor Showroom တွင် သွားရောက်လေ့လာဝယ်ယူနိုင်ပြီး အသေးစိတ်ထပ်မံ သိရှိလိုပါက Http://www. hihonor.com/mm သို့ ဝင်ရောက် ကြည့်ရှုနိုင်သလို https://www.facebook .com/honor.myanmar မှ တစ်ဆင့်လည်း ဝင်ရောက် လေ့လာနိုင်တယ်လို့ သတင်းရရှိပါသည်။

**ခင်မိုးသူ**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း


### ၁၃-၈-၂၀၁၈ မှ ၁၉-၈-၂၀၁၈ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး

### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေး အရှိန်ကောင်းလာတတ်သည်။ လောကီကိစ္စအတွက် လောကုတ္တရာအသိအမြင်နှင့် ယှဉ်တွဲဆောင်ရွက်ပါက အဆင်ပြေအောင်မြင်တတ်သည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ လုပ်ငန်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးတွင် အပင်ပန်းခံ၍ ကြိုးစား ရလိမ့်မည်။ အချစ်ရေးတွင် ချစ်သူအပေါ် ကြင်နာလိုသောစိတ်များ ဖြစ်ပေါ်နေ တတ်မည်။ အိမ်ထောင် ဖက်နှင့်အတူ ပျော်ရွှင်ကြည်နူးမှုများ ရရှိနေတတ်ပါသည်။ ကျန်းမာရေးတွင် အစာမကြေရောဂါ၊ အိပ်ရေးပျက်မှုများကြောင့် ခေါင်းမူး၊ ခေါင်းကိုက်ဖြစ်တတ်သည်။ **ယတြာ။ ။ မည်သူ့ကိုမဆို သစ်ကြားသီးကျွေးပါ**



**တနင်္လာသားသမီးများအတွက်** လူအပေါင်း ဆက်ဆံရေးတွင် အဆင်ပြေစွာ ပေါင်းသင်းဆက်ဆံနိုင်သော်လည်း စီးပွားရေး ဝန်းကျင်တွင် ပေါင်းသင်းဆက်ဆံမှု အနည်းငယ် အခက်အခဲ ရှိနေတတ်သည်။ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ အကျိုးပေးကောင်းတတ်ပါသည်။ ပညာရေးတွင် ဦးနှောက်အတွေးအခေါ် ဉာဏ်ပညာ ထက်မြက်နေမှု ရှိနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်မှု ရှိနေမည်။ ကျန်းမာရေးအနေဖြင့် သွေးတိုးခြင်း၊ ရင်ကြပ်ခြင်း၊ ဖျားနာခြင်းတို့ ရှိနေတတ်ပါသည်။ **ယတြာ။ ။ သကြားသာကူလှူပါ**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးကြိုးစားမှုကြောင့် တိုးတက်အောင်မြင်နေမည်။ စီးပွားရေးလုပ်ငန်းသည်လည်း ဖြည်းဖြည်းမှန်မှန် မြတ်စွန်းမှုများ ရရှိနေတတ်ပါသည်။ အုတ်၊ သဲ၊ ကျောက်၊ ဆောက်လုပ်ရေးပစ္စည်းများ အကျိုးပေးပါသည်။ သင်ယူလိုသော ပညာများ သင်ကြားရလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အချစ်ကို ရှေ့တန်းမတင်ဘဲ သံယောဇဉ်နှင့် မေတ္တာတရားကို မျှော်လင့်နေမိတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် နှလုံးနှင့်ပတ်သက်သော ရောဂါ၊ နှလုံးမြန်ခြင်းနှင့် နှလုံးအားမကောင်းခြင်းတို့ ဖြစ်တတ်ပါသည်။

**ယတြာ။ ။ ကလေးသူငယ်များအား မုန့်ကျွေးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးကိစ္စ မိသားစု ချင်း စကားများရတတ်သည်။ မိတ်ဆွေများ၊ လူမျိုးခြားများ နှင့် သဟဇာတဖြစ်မည်။ စီးပွားရေးတွင် သဘာဝဓာတ်ငွေ့နှင့် စက်သုံးဆီလုပ်ငန်း၊ မင်းအစိုးရနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရတတ်သည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ရန်ရှာခြင်း၊ အထင်လွဲခြင်း ခံရတတ်သည်။ ကံကောင်းသလိုလိုရှိသော်လည်း တကယ်အဆင်ပြေခြင်း မရှိတတ်ပါ။ ကျန်းမာရေးအနေဖြင့် ခန္ဓာကိုယ်အောက်ပိုင်းတွင် ရောဂါဖြစ်တတ်ပါသည်။

**ယတြာ။ ။ သံဃာတော်နှင့် သီလရှင်များအား ပိဋကတ်သုံးပုံ ကပ်လှူပါ။**




**ကြာသပတေးသားသမီးများအတွက်** ပင်ပန်းခံ၍ သစ်ဆန်းသော နည်းပညာရပ်များကို သုံးစွဲခြင်းဖြင့် ငွေကြေးမြတ်စွန်းမှု ပိုမိုရရှိနေတတ်ပါသည်။ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ အကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေးတွင် ဆရာသမားတို့၏ အားပေးမှုကြောင့် အောင်မြင်မှုရနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ပျော်ရွှင်ကြည်နူးမှုများ ရရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ဝမ်းချုပ်ခြင်းဝေဒနာကြောင့် လိပ်ခေါင်းရောဂါ၊ အူကျခြင်းတို့ ဖြစ်တတ်သည်။ **ယတြာ။ ။ ဆန်နှင့် နှမ်း တို့ဖြင့် ပြုလုပ်ထားသော မုန့်လှူပါ။**



**သောကြာသားသမီးများအတွက်** စိတ်တိုခြင်း၊ စိတ်မြန်တတ်ခြင်း၊ မြန်မြန်ဆန်ဆန် ဆုံးဖြတ်ချက်ချတတ်ခြင်းတို့သည် စီးပွားရေးလုပ်ငန်းတို့တွင် အနှောင့်အယှက်ဖြစ်တတ်သလို အထင်အမြင်လွဲမှားမှုလည်း ဖြစ်တတ်ပါသည်။ စီးပွားရေးတွင် ဇိမ်ခံပစ္စည်းများ၊ ယာဉ်ကားနှင့် အကျိုးဆောင်လုပ်ငန်းများ ဖြစ်ထွန်းမှု အားကောင်းပါသည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်မှုရှိနေတတ်သည်။ ကျန်းမာရေးတွင် အအေးမိခြင်းဝေဒနာ ခံစားရတတ်ပါသည်။

**ယတြာ။ ။ စက္ကူပန်းလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်း၏ အောင်မြင်တိုးတက်မှုသည် ပုံမှန်အနေအထား ဖြစ်နေတတ်သည်။ ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့်ပတ်သက်သော စီးပွားရေးအောင်မြင်မှု ရရှိနေမည်။ ပညာရေး ကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် အဆုတ် ရောင်၊ အဆုတ်ပွရောဂါဖြစ်တတ်ပါသည်။ စီးပွားရေးကို ဦးတည်၍ နေ့မအား ညမအား ကြိုးစားမှုများ၊ ရှာဖွေမှုများ ပြုနေရသောကြောင့် ကျန်းမာရေးကို မေ့လျော့နေမိတတ်ပါသည်။ **ယတြာ။ ။ ထန်းသီးမုန့်လှူပါ။**

## ပြည်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (၄/၂၀၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပြည်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၄/၂၀၁၈)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်ခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၆ ရက်တွင် ကျင်းပခဲ့ရာ ပြည်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ အဖွဲ့ ဝင်များနှင့်အတူ ပြည်ခရိုင်ရုံးဝန်ထမ်းများအပါအဝင် စုစုပေါင်း ၁၇ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဖြစ်သော စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူး ဦးဌေးမြင့်က ယခင် (၃/၂၀၁၈) အစည်းအဝေး ဆုံးဖြတ်ချက် အရ ပြည်မြို့၊ ခေတ္တရာမြို့သစ်ဈေးတွင် ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရေး အတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှုများကို အဖွဲ့၏ ယခု ကျင်းပသည့် အစည်းအဝေး ဆုံးဖြတ်ချက်တွင် မှတ်တမ်းတင် အတည်ပြု နိုင်ရေးဆွေးနွေး ပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနသို့ဆက်သွယ် ရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် MPT, Telenor နှင့် Ooredoo တို့သည် စားသုံးသူ၏ သဘောတူညီချက်ရယူမှု မရှိဘဲ Message များ ပေးပို့နေခြင်းအား တားဆီးပေးရန် တိုင်ကြားမှုအပေါ် ဆက်သွယ်ညှိနှိုင်းဖြေရှင်းပေး နိုင်ခဲ့မှုများကို အသေးစိတ် ရှင်းလင်းဆွေးနွေးကာအဖွဲ့မှ မှတ်တမ်းတင် အတည်ပြုနိုင်ရေး ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ ဆက်လက်၍ တစ်လတစ်ကြိမ် အဖွဲ့စုံဖြင့် စည်ပင်ဈေးများသို့ ရှေ့လာမည့်လများတွင် ဆက်လက် စစ်ဆေးသွားကြရမည်ဖြစ်သည့်အတွက် လိုအပ်သည်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလို ကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာပူးပေါင်း အဖွဲ့ဝင်များမှ အဖွဲ့၏လုပ်ငန်းဆောင်ရွက်ချက်များ အောင်မြင်မှုရှိစေရေး၊ စားသုံးသူ ပြည်သူများဘေးကင်းလုံခြုံစိတ်ချမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းများကို တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှသာ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမိုအကောင်အထည်ပေါ်လာမှာ ဖြစ်ကြောင်း၊ ဒါကြောင့်ကွင်း ဆင်းစစ်ဆေးမှုများကို အင်တိုက်အားတိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များအား သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ဝင်းလှဲ့ဝါ(ပြည်)**

## တမူးမြို့နယ်၏ အုန်းသီးရောင်းဝယ်မှုနှင့် ဈေးနှုန်းဈေးကွက်



တမူးမြို့သို့ မင်းကင်းမြို့နယ်၊ ကလေးမြို့နယ်၏ ကျေးရွာများဖြစ်သည့် နတ်ချောင်း၊ ထိုမာ၊ သာစည် ကျေးရွာများမှ ရန်ကုန်မြို့ထွက် အုန်းသီးများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ အုန်းသီးများကို အိန္ဒိယနိုင်ငံသို့ တင်ပို့လျက်ရှိပြီး အိန္ဒိယနိုင်ငံ၌ အောက်တိုဘာ ၂၇၊ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် အုန်းသီးမျှော်ပွဲတော်အတွက် ကြိုတင် ဝယ်ယူစုဆောင်းနေပြီဖြစ်ကြောင်း သိရသည်။ ယခုကာလတွင် အုန်းသီးဝင်ရောက်မှု အစဖြစ်သောကြောင့် တစ်ရက်လျှင် အုန်းသီးအလုံးရေ ၅၀၀၀ ခန့်ဝင်ရောက်လျက်ရှိပါကြောင်း၊ ဈေးနှုန်း ဈေးကွက်အနေဖြင့်ဒေသတွင်း အုန်းသီး တစ်လုံးလျှင် ကျပ် ၅၀၀ ဝန်းကျင်နှင့် ရန်ကုန်မှ ထွက်ရှိသော အုန်းသီးတစ်လုံးလျှင် ကျပ် ၁၂၀၀ ဝန်းကျင် ရောင်းဝယ်လျက်ရှိပါသည်။ ဒေသထွက် အုန်းသီးနှင့် ရန်ကုန်ဒေသထွက် အုန်းသီးဈေးနှုန်း ကွာခြားရခြင်းမှာ အုန်းသီးအရွယ်အစား ကွာခြားမှုနှင့် အုန်းသီးအတွင်းသားမာကြောပြီး အဆံထူခြင်းတို့ကြောင့် ဖြစ်ကြောင်း တမူးမြို့နယ်အတွင်း အုန်းသီးရောင်းဝယ်သူများထံမှ သိရပါသည်။

**စွမ်းရည် (တမူး)**

## ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၏ (၁၇/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ၁၇/၂၀၁၈ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကိုဩဂုတ် ၇ ရက်တွင် ယင်းမာပင် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး တိုင်းစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါအစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လှိုင်က စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ရာတွင် ဆောင်ရွက်နိုင်သည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေများဖြင့် အဆင့်ဆင့်အရေးယူဆောင်ရွက်ခြင်းများနှင့် စားသုံးသူပြည်သူများအား ဘေးဥပဒ်ကင်းရှင်းရေးဆိုင်ရာ လုံခြုံနိုင်စေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပြီး ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က လျာထားချက်ပြည့်မီကျော်လွန်ပြီးဖြစ်၍ အဖွဲ့ဝင်များအနေဖြင့် ကွင်းဆင်းရာတွင် မိမိသက်ဆိုင်ရာ လုပ်ငန်းများ အပေါ် ထိရောက်စွာ အကာအကွယ်ပေးနိုင်မည့် ဆောင်ရွက်ချက်မျိုးဖြစ်စေရန်နှင့် တကယ်လုပ်ဆောင်ချက်များပေါ်လွင်အောင် ဆောင်ရွက်သွားကြရန်၊ စားသုံးရန် မသင့်သိမ်းဆည်းပစ္စည်းများကိုလည်း ဩဂုတ် ၁၀ ရက်တွင် မီးရှို့ ဖျက်ဆီးရန် စည်ပင်ဈေး၊ ကျောင်းဈေးများတွင် မှုမမှန်စားသုံးရန် မသင့်တွေ့ရှိပါက သိမ်းဆည်းသွားရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သတင်းရရှိသည်။

**ခိုင်မို့မို့(မြင်းမူ)**



# သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်လေ့လာ

TM (MDY)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် ပုဂ္ဂလိကကဏ္ဍမှ ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းလုပ်ကိုင်နေသူများ ကုန်သွယ်မှုနှင့် ပတ်သက်သည့် အသိပညာ ဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရန်နှင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးလုပ်ငန်းရှင်အသစ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ပို့ကုန် သွင်းကုန်ရုံး(မန္တလေး)တွင် ကုန်သွယ်မှုအခြေခံသင်တန်းများဖွင့်လှစ်၍ ကုန်သွယ်မှုဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိရာ သင်တန်းအမှတ်စဉ်(၇)အား ၂၀၁၈ ခုနှစ် ဇွန် ၁ ရက်မှ စက်တင်ဘာ ၃ ရက်နေ့အထိ)ရက် သတ္တပတ် (၁၄) ပတ်ကြာ ဖွင့်လှစ်လျက်ရှိပြီး အဆိုပါသင်တန်းသို့ စီးပွားရေးလုပ်ငန်းရှင် (၅၀) ဦး တက်ရောက်လျက်ရှိပါသည်။

အဆိုပါ သင်တန်းသား/သူများအား ကုန်သွယ်မှုနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများ ရရှိစေရန်အတွက် လေ့လာရေးခရီးစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်နေ့တွင် ရန်ကုန်မြို့သို့ လေ့လာရေးခရီးသွားရောက်ခဲ့ပါသည်။ လေ့လာရေးခရီးတွင် ရန်ကုန်မြို့ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာနသို့ သွားရောက်လေ့လာခဲ့ရာ အကောက်ခွန်ဦးစီးဌာနမှ ဧည့်ခန်းမတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမျိုးအောင်မှ MACCS စနစ်နှင့်ပတ်သက်၍ ပဏာမရှင်းလင်းပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဦးစည်သူကျော်ကယခင်က အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းများ ရှင်းလင်းထုတ်ယူမှု လုပ်ငန်းစဉ်များကို Manual စနစ်ဖြင့် ဆောင်ရွက်ရသည့်အတွက် အချိန်ကြန့်ကြာခြင်း၊ ကုန်ကျစရိတ်များပြားခြင်း၊ ကုန်သွယ်မှု ကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်စွာရရှိနိုင်မှု အားနည်းခြင်းစသည့် အားနည်းချက်များရှိပါကြောင်း၊ ယခုအခါ ဂျပန်နိုင်ငံ၏ အကူအညီ အထောက်အပံ့ရယူပြီး MACCS ( Myanmar Automatic Cargo Clearance System) စနစ်ကို ကျင့်သုံးဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ MACCS စနစ်သည် ၂၄ နာရီ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့်အတွက် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစ၍ Daily Exchange Rate စနစ်မှ Weekly Exchange Rate စနစ်သို့ ပြောင်းလဲကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ MACCS စနစ်သည် ဂျပန်အကောက်ခွန်ဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ ဂျပန် IT နည်းပညာရှင်များနှင့် မြန်မာ အကောက်ခွန်ဦးစီးဌာနမှ IT နည်းပညာရှင်ဝန်ထမ်းများ ပူးပေါင်းရေးဆွဲထားသော စနစ်ဖြစ်ပါကြောင်း ၊ ဂျပန်နိုင်ငံတွင် လက်ရှိကျင့်သုံးအောင်မြင်လျက်ရှိသော NACCS(Nippon Automated Cargo and Consolidated System) စနစ်ကို အခြေခံ၍ မြန်မာနိုင်ငံတွင် မြန်မာ့ကုန်ပစ္စည်း အလိုအလျောက် ရှင်းလင်းရေးစနစ် (Myanmar Automatic Cargo Clearance System - MACCS) နှင့် မြန်မာ့အကောက်ခွန်သတင်းအချက်အလက်စနစ် (Myanmar Customs Intelligence System- MCIS) ကို ရေးဆွဲအသုံးပြုခြင်းဖြစ်ပါကြောင်း၊ MACCS စနစ်ကို ၂၀၁၃ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် စတင်အသုံးပြုခဲ့ကြောင်း၊ MACCS စနစ်ကို ဌာနခွဲ(၆)ခု ဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် ၁၃ နေရာ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြဝတီကုန်သွယ်ရေးဇုန်၌ ၂၀၁၈ ခုနှစ် ဇွန် ၅ ရက်တွင် စတင်အသုံးပြုနေပြီဖြစ်ပြီး ကျန်ရှိနေသည့် နယ်စပ်စခန်းများကိုပါ ဆက်လက်တိုးချဲ့အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ MACCS စနစ်သည် နိုင်ငံတကာ စံချိန်စံညွှန်းတစ်ခုဖြစ်သည့် Risk Management စနစ်ကို ကျင့်သုံးဆောင်ရွက်ထားသည့် စနစ်တစ်ခု ဖြစ်ပါကြောင်း၊ MCIS စနစ်မှ Selectivity Criteria များအပေါ် အခြေခံ၍ Channel (၃)ခု (Green Channel, Yellow Channel, Red Channel) သတ်မှတ်ထားပါကြောင်း၊ Green Channel ဖြစ်ပါက အကောက်ခွန်ဦးစီးဌာနမှ စာရွက်စာတမ်းစစ်ဆေးမှုနှင့် ကုန်ပစ္စည်းဖွင့်ဖောက်စစ်ဆေးမှု (၂) ရပ်လုံးအား လုံးဝမပြုလုပ်တော့ဘဲ ထုတ်ယူခွင့်ပြုပါကြောင်း၊ Yellow Channel ဖြစ်ပါက ကုန်ပစ္စည်းကို ဖွင့်ဖောက်စစ်ဆေးရန်အဆင့်ထိ မလိုအပ်ဘဲ စာရွက်စာတမ်းစစ်ဆေးမှုသာ လိုအပ်သောအဆင့်ဖြစ်ပါကြောင်း၊ Red Channel ဖြစ်ပါက High Risk Level ဖြစ်သဖြင့် စာရွက် စာတမ်းစစ်ဆေးမှုအပြင် ကုန်ပစ္စည်းကိုပါ မျက်မြင်ဖွင့်ဖောက်စစ်ဆေးရန်လိုအပ်သည့်အပြင် X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးခြင်းလည်း အကျုံးဝင်ပါကြောင်း၊ MACCS စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် (စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီး ဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာ့စီးပွားရေးဘဏ်-၅) စသည့် OGAs (၇)ခု တို့နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ OGAs များနှင့် ချိတ်ဆက်ဆောင်ရွက် ရာတွင်လိုင်စင်၊ ပါမစ်ကိစ္စရပ်များအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် Online မှတစ်ဆင့် သတ်မှတ်ထားသည့် Server များနှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည့် အခြေအနေတို့အား Power Point များဖြင့် ဆွေးနွေးပြောကြားခဲ့ပါသည်။ ဆက်လက်၍ MACCS စနစ်နှင့်ပတ်သက်၍ အသုံးပြုသူများ၏ အခက်အခဲ များအား ကူညီဖြေရှင်းဆောင်ရွက်နိုင်ရန် Help Desk Section ထားရှိကြောင်းနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ် မှာ (၀၁-၃၇၉၄၂၉) ဖြစ်ပြီး အဆိုပါဌာနကို အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)တွင် ဖွင့်လှစ်ထားကြောင်း၊ အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သည့် (www. Myanmarcustoms.gov.mm), MACCS Website (www.maccs.gov.mm) MACCS ဌာနခွဲ၏ Facebook Account ဖြစ်သည့် Maccs Mcis တွင် စုံစမ်းမေးမြန်းအကြံပြုနိုင်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် သင်တန်းသား/သူများမှ MACCS စနစ်၏ လုပ်ငန်းစဉ်များအကြောင်း၊ သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများမှ ပြန်လည်ဖြေကြားခဲ့ပြီးနောက် အကောက်ခွန်ဦးစီးဌာနရှိ ဌာနစိတ်များသို့ လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ သက်ဆိုင်ရာဌာနစိတ် တာဝန်ခံများမှ ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ Myanmar International Terminals Thilawa Limited- MITT သို့ သွားရောက်လေ့လာခဲ့ရာ ရုံးဧည့်ခန်းမတွင် ဦးကျော်ဆွေလှ (Administration Manager)မှ ရှင်းလင်းပြောကြားရာတွင် MITT ကို စင်ကာပူအခြေစိုက် HUTCHISONPORTS မှ ၁၀၀ % ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပါကြောင်း၊ MITT ကို ၁၉၉၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဝန်ဆောင်မှု လုပ်ငန်းများကို ၁၉၉၈ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ သီလဝါဆိပ်ကမ်းအနေဖြင့် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ဆိပ်ကမ်းပေါင်း ၅၂ ခုဖြင့် ချိတ်ဆက်ထားပါကြောင်း၊ ဆိပ်ကမ်းသို့ ကုန်သင်္ဘောများဆိုက်ကပ်မှုနှင့် ကုန်ပစ္စည်းတင်ချမှုအခြေအနေများ၊ နိုင်ငံခြားခရီးသွားသင်္ဘော ဆိုက်ကပ်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့အား Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသား/သူများအား ဆိပ်ကမ်း၌ ကွန်တိန်နာ အတင်အချဆောင်ရွက်နေမှုတို့အား လိုက်လံရှင်းလင်းပြသခဲ့ပါသည်။

ဆက်လက်၍ သင်တန်းသား/သူများသည် Thailawa Special Economic Zone Management Committee One Stop Service Center သို့ သွားရောက်လေ့လာခဲ့ရာ Myanmar Japan Thilawa Development Ltd (MJTD)ရှိ ဧည့်ခန်းမတွင် Sale & Marketing Staff Officer ဒေါ်ခင်ရတနာဖြိုးက သီလဝါအထူးစီးပွားရေးဇုန်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ခုနှစ် ဩဂုတ်လတွင် Zone A Area- 405ha တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ Zone B Area-178ha ကို ၂၀၁၉ ခုနှစ် ဩဂုတ်လတွင်ပြီးစီးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အများဆုံးမှာ ဂျပန်နိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးမှာ ထိုင်းနိုင်ငံဖြစ်ပါကြောင်း၊ အလုပ်သမားအများစုမှာ သန်လျင်နှင့် ကျောက်တန်းဒေသခံများ ဖြစ်ပါကြောင်း၊ Skill Worker အနေဖြင့် နိုင်ငံခြားအလုပ်သမား ၅ရာခိုင်နှုန်းသာ အသုံးပြုထားသည့်အတွက် ဒေသခံများအလုပ်ကိုင်အခွင့်အလမ်းများရရှိပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်းနှင့် SEZ(OSS) တွင် ဌာန ၁၃ ခုဖြင့် ဖွဲ့စည်းထားသည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန်အတွင်း မော်တော်ယာဉ်ဖြင့် လိုက်လံလှည့်လည်ရှင်းလင်း ပြသခဲ့ပါသည်။

ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)အနေဖြင့် ယခုဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည့် ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၇)သို့ တက်ရောက်နေသည့် သင်တန်းသား/သူများအား သင်တန်းမှပို့ချခဲ့သည့် စာတွေ့ဘာသာရပ်များအပြင် ယခုကဲ့သို့ လေ့လာရေးခရီးစဉ်များတွင်ရရှိခဲ့သည့် မြေပြင်လက်တွေ့ အခြေအနေများနှင့်ပေါင်းစပ်ပြီး မန္တလေးတိုင်းဒေသကြီး၏ စီးပွားရေးကဏ္ဍများအား အခြားအိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သင်တန်းသား/သူများအနေဖြင့် အကောက်ခွန်ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် MACCS စနစ်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(သီလဝါ)နှင့် မြန်မာနိုင်ငံ၏ အအောင်မြင်ဆုံး စီးပွားရေးဇုန်ဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန်သို့သွားရောက်၍ လေ့လာခွင့်ရရှိသည့်အတွက် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေမှုများကို လက်တွေ့ လေ့လာသိရှိရသည့်အတွက် ကုန်သွယ်မှုဗဟုသုတများ စွာရရှိခဲ့ပါကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

# လူငယ်လုပ်ငန်းရှင်များမွေးထုတ်ပေးရန် Myanmar Business Model Competition 2018 ပြုလုပ်မည်

မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသည့် စီးပွားရေးတိုးတက် ပြောင်းလဲမှုနှင့်အညီ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည့် စီးပွားရေးလုပ်ငန်း ရှင်များအား စနစ်တကျမွေးထုတ်ပေးနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းသစ်များ ဖော်ထုတ်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က Myanmar Business Model Competition 2018 ပြိုင်ပွဲကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ဩဂုတ် ၆ ရက်တွင် သတင်းထုတ်ပြန် သည်။

အဆိုပါပြိုင်ပွဲကို အဖွဲ့လိုက်ပါဝင် ယှဉ်ပြိုင်ရမည်ဖြစ်ကာ တစ်ဖွဲ့လျှင် အသက် ၃၂ နှစ်အောက်လူငယ်အဖွဲ့ဝင် နှစ်ဦးမှ သုံးဦးထိ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ ဆုရအဖွဲ့များထဲမှ အကောင်းဆုံးအဖွဲ့ နှစ်ဖွဲ့အား ၂၀၁၉ ခုနှစ် မတ်လတွင်ပြုလုပ်မည့် Mekong Business Challenge 2019 သို့ မြန်မာနိုင်ငံကိုယ်စားပြုအဖွဲ့များအဖြစ် ထပ်မံစေလွှတ်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

Myanmar Business Model Competition 2018 ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဩဂုတ် ၁၁ ရက်နှင့် ၁၈ ရက်တို့တွင် ကုန်သည်/ စက်မှုအသင်းချုပ်၌ ပြိုင်ပွဲနှင့်ပတ်သက်သည့် Orientation များကို ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များဖြင့် လိုအပ်သောသင်တန်းများကို စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ကုန်သည်/ စက်မှု အသင်းချုပ်ကို ဆက်သွယ်ပြီး သတ်မှတ်ပုံစံများရယူကာ စက်တင်ဘာ ၆ ရက်နောက်ဆုံးထား၍ မိမိတို့၏ Business Idea ပြန်လည်ပေး ပို့ရမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက လူ့စွမ်းအား အရင်းအမြစ်ဌာန၊ ကုန်သည်/ စက်မှုအသင်းချုပ်၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁- ၂၃၁၇၄၈၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ဗဟိုဘဏ်အားအကူအညီပေးနိုင်ရန် နိုင်ငံတကာမှ ပညာရှင်များပါဝင်သော အဖွဲ့ကို ခန့်အပ်သင့်ဟု ဘောဂဗေ ပညာရှင်မှ အကြံပြု

လက်ရှိကြုံတွေ့နေရသော ငွေကြေးဈေးကွက် အခက်အခဲများကို ဖြေရှင်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား အကူအညီပေးနိုင်ရန် နိုင်ငံတကာမှ ပညာရှင်များပါဝင်သော အကြံပေးအဖွဲ့ကို ခန့်အပ်သင့်ကြောင်း ဘောဂဗေဒပညာရှင်ဦးမြင့်က ဩဂုတ် ၄ ရက်က ရန်ကုန်မြို့၊ မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်၌ ပြုလုပ်သော 'ငွေကျပ်လဲလှယ်နှုန်း ဘာတွေဖြစ်နေလဲ" တင်ပြချက်အခမ်းအနားတွင် အကြံပြုခဲ့သည်။

" လက်ရှိအခြေအနေအရဆိုရင် ဗဟိုဘဏ်ဥက္ကဋ္ဌနေရာကို နိုင်ငံခြားသား ပညာရှင် မခန့်အပ်နိုင်ဘူးဆိုရင်တောင် မှ ဗဟိုဘဏ်ဥက္ကဋ္ဌလက်အောက်မှာ နိုင်ငံခြားသားပညာရှင်အဖွဲ့ကို ခန့်အပ်လိုက်ပါ။ ဗဟိုဘဏ်ဥက္ကဋ္ဌဟာ လွပ်လပ်စွာ လုပ်ကိုင်နိုင်ရမယ်။ လက်ရှိကြုံတွေ့နေရတဲ့ ဘဏ်နဲ့ငွေကြေးကဏ္ဍ အခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့ ဆုံးဖြတ်ချက်တွေချပေးရလိမ့်ပါမယ်။ ဒါတွေ ဆောင်ရွက်နိုင်ဖို့လည်း နိုင်ငံခြားသားဗဟိုဘဏ်



ရေးရာပညာရှင်တစ်ဦးကို ခန့်အပ်ပြီး အကြံဉာဏ်ယူလို့ရပါတယ်"ဟု ဦးမြင့်က ပြောသည်။

စင်ကာပူနိုင်ငံ ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားသားဗဟိုဘဏ်ပညာရှင်တစ်ဦးကို ခန့်အပ်ကာ လုပ်ငန်းများကို ဆောင်ရွက်စေခဲ့ဖူးကြောင်း၊ ၁၆၉၄ ခုနှစ်တွင် တည်ထောင်ခဲ့သော အင်္ဂလန်နိုင်ငံဘဏ်၏ ၁၂၀ ဦးမြောက် ဥက္ကဋ္ဌမှာ ကနေဒါနိုင်ငံသားဖြစ်ပြီး လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ဦးမြင့်က ဆက်လက်ပြောကြားသည်။

ကမ္ဘောဇဘဏ်၏အကြီးတန်း အတိုင်ပင်ခံဖြစ်သူ ဦးသန်းလွင်က "ဆရာကြီး ဦးမြင့်ပြောတာက ပြည်တွင်းမှာ လုံလောက်တဲ့ပညာရှင်မရှိဘူး ဆိုရင် ပြည်ပကပညာရှင် ငှားပါလားလို့ ပြောတယ်။ ဒါလည်းကောင်းတဲ့အချက်ပါ။ နိုင်ငံခြားမှာလည်း အတွေ့အကြုံရှိတယ်။ တချို့ကလည်း ဘာတွေဖြစ်နေသလဲဆိုတော့ ဗဟိုဘဏ်ကို သီးခြားလွတ်လပ်တဲ့အဖွဲ့ အစည်းပေးလိုက်တာမှန်တယ်။ ဒါပေမဲ့ သူ့ကိုပြန်ပြီး ထိန်းကျောင်းမယ့် အဖွဲ့အစည်းက မရှိပြန်ဘူး။ ထိုင်းနိုင်ငံမှာဆိုရင် ပေါ်လစီဘုတ်တစ်ခုထားတယ်။ ဥက္ကဋ္ဌကိုလည်း အင်မတန်လေးစားစရာကောင်းတဲ့ သီးခြားလွတ်လပ်တဲ့စီးပွားရေး ပညာရှင်ကို တင်ထားတယ်။ဒီအဖွဲ့မှာ ဒုတိယဥက္ကဋ္ဌက ဗဟိုဘဏ်ဥက္ကဋ္ဌဖြစ်နေတော့ ဗဟိုဘဏ်ကိုပြန်ပြီး ထိန်းကျောင်းပေးနိုင်တယ်။ သီးခြားလွတ်လပ်တာ မှန်ပေမယ့် တရားမဝင်တဲ့နည်းလမ်းနဲ့ လုပ်လို့မကောင်းတဲ့အတွက် တကယ် လွတ်လပ်တဲ့ထိန်းချုပ်မှုစနစ်ကို ရနိုင်တယ်" ဟု ဆိုသည်။

**သန်းထိုက်အောင်**

# နိုင်ငံ့စီးပွားရေးကျပ်တည်းမှုမှာ လုပ်ငန်းရှင်များ၏ လုပ်ဆောင်မှုနှင့် သက်ဆိုင်ကြောင်း စီးပွားရေးပညာရှင်များ ထောက်ပြ

နိုင်ငံအတွင်းရှိ စီးပွားရေးကျပ်တည်းမှုမှာ လုပ်ငန်းရှင်များ၏ လုပ်ဆောင်မှုနှင့်သာ သက်ဆိုင်ကြောင်း စီးပွားရေးပညာရှင်များမှ ထောက်ပြပြောဆိုသည်။ ပြည်တွင်းရှိလေကြောင်းလိုင်းများ၊ ဟိုတယ်လုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများ ပိတ်သိမ်းခြင်းတို့ကြောင့် နိုင်ငံ့ဝင်ငွေရရှိမှု တစ်စိတ်တစ်ဒေသ လျော့နည်းသည့်အပြင် စီးပွားရေးလုပ်ငန်းရှင်အများစုမှာလည်း စီးပွားရေးကျပ်တည်းမှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"စီးပွားရေးလုပ်ငန်းရှင်ဆို ရှိတဲ့အခြေအနေကို အဆင်ပြေအောင် နေတတ်ဖို့လိုတယ်။ ညည်းနေလို့ အဆင်ပြေမှာမဟုတ်ဘူး။ တစ်နိုင်ငံလုံး စီးပွားရေးကျပ်တည်းနေတယ် ဆိုပေမယ့် သူများတွေ စီးပွားရေးကျတဲ့အခါ ကိုယ့်ကုမ္ပဏီစီးပွားရေးမကျအောင် လုပ်လို့ရတာပဲ။ အဲဒါကတော့ တစ်ယောက်ချင်း၊ တစ်ဦးချင်းလုပ်မှ ရမယ်ပဲ ပြောချင်တယ်။ တစ်နိုင်ငံလုံးလုပ်ဖို့ဆိုတာကတော့ တစ်ပိုင်းပေါ့"ဟု စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

စီးပွားရေးကျပ်တည်းမှုများမှာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ရင်ဆိုင်နေရခြင်းဖြစ်ပြီး ကုမ္ပဏီလုပ်ငန်းကြီးများအပြင် အခြေခံပြည်သူလူထုမှာလည်း အလုပ်အကိုင်ရှားပါးမှု၊ ကုန်ဈေးနှုန်းမြင့်တက်မှုတို့ကိုပါ ကြုံတွေ့နေရကြောင်း သိရသည်။

"အခုလက်ရှိမှာ စီးပွားရေးကို ဘယ်လိုပုံစံနဲ့ သွားရမယ်ဆိုတာ မသိဘူး။ တကယ့်ကို Socialism နဲ့ သွားမယ်ဆိုရင် ပုဂ္ဂလိကလုပ်ငန်းတွေ တန်းညှိရတော့မှာ။ နောက်ပြီး လုပ်အားခကြီးတာတစ်ခုတည်းမဟုတ်ဘဲ ယှဉ်ပြိုင်နေရတဲ့ အပိုင်းတွေ အများကြီးပါ"ဟု Orchid Hotel လုပ်ငန်းရှင် ဦးဌေးအောင်က ပြောသည်။

**ချောစု**

# ဆိုင်ခန်းပေါင်း ၄၀ ကျော်ပါဝင်မည့် Bridal Dreams 2018 Wedding Fair ကျင်းပမည်

ဆိုင်ခန်းပေါင်း(၄၀)ကျော် ပါဝင်မည့် Bridal Dreams 2018 Wedding Fair ကို ယခုလ ၁၈ နှင့် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကို Myanmar Promotional Services Co., Ltd နှင့် Sky Star Hotel တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး Sky Star Hotel ၌ပင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"မင်္ဂလာဆောင်တော့မယ်ဆိုရင် လက်ထပ်စာချုပ်ကစပြီး ပွဲကြီးပြီးမြောက်တဲ့အထိ စီစဉ်ရတယ်။ အဲဒီအခါ မင်္ဂလာမောင်နှံတွေ အလုပ်မများအောင် တစ်နေရာထဲမှာ စုံစုံလင်လင်နဲ့ ရနိုင်အောင် ရည်ရွယ်ပြီးတော့ ဒီပွဲကို ကျင်းပပေးတာပါ။ နောက်ပြီး တခြား Wedding Fair တွေနဲ့မတူဘဲ ထူးခြား ချက်အနေနဲ့ အိမ်ထောင်ပြုခါနီးနဲ့ ပြုပြီးချိန်မှာလိုအပ်တဲ့ သားဆက်ခြားနည်းတွေ၊ သာယာတဲ့အိမ်ထောင်ရေးဖြစ် အောင် ဘယ်လိုလုပ်မလဲဆိုတာတွေကို သိရှိအောင်ပြောပြပေးမယ့် Talk Show ကိုလည်း ထည့်ထားပါတယ်"ဟု Myanmar Promotional Services ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင် မချောကလျာမောင်မောင်က ပြောသည်။

ပြပွဲတွင် မင်္ဂလာဖိတ်စာဆိုင်များ၊ လက်ထပ်စာချုပ်ဆိုင်များ၊ မင်္ဂလာဝတ်စုံနှင့် ခေတ်ပုံဗီဒီယိုဆိုင်များ၊ ဟန်းနီးမွန်း ခရီးစဉ်များ၊ ပိုးထည်တိုက်များ၊ အဆင့်မြင့်ကွန်ဒိုအရောင်းပြခန်းများ အစရှိသော လုပ်ငန်းပေါင်း ၃၀ ကျော်မှ ဆိုင်ခန်းပေါင်း၄၀နီးပါး ပါဝင်ပြသမည်ဖြစ်ကြောင်း၊ ပြပွဲရက်အတွင်းတွင်လည်း Talk Show ပရိုဂရမ်များ၊ Special Promotion များ၊ Fashion Show များနှင့်အတူ လာရောက်လေ့လာသူများအတွက် ကံစမ်းမဲအစီအစဉ်များ ပြုလုပ်ပေးမည် ဖြစ်ကြောင်း သိရသည်။

**ချောစု**

# စားတော်ကဲနီရှင်းကုမ္ပဏီမှ ထုတ်လုပ်သောဝါးလား (Wah-Lah)ခေါက်ဆွဲသစ် ပြည်တွင်းဈေးကွက်၌ စတင်မိတ်ဆက်

စားတော်ကဲနီရှင်းကုမ္ပဏီမှ ထုတ်လုပ်သော ဝါးလား (Wah-Lah) အမှတ်တံဆိပ် အသင့်စားခေါက်ဆွဲ ပြည်တွင်း၌ စတင်မိတ်ဆက်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ Melia Hotel တွင် ဩဂုတ် ၉ ရက်က ကျင်းပခဲ့သည်။

စားတော်ကဲနီရှင်း ကုမ္ပဏီအနေဖြင့် ပြည်တွင်းဈေးကွက်အတွင်းသို့ ကြက်သွန်ဖြူရနံ့သင်း ကြက်သားခေါက်ဆွဲပြုတ်၊ ဆီချက်အရသာ ကြက်သားဆီချက်ခေါက်ဆွဲ၊ ကင်ချီအရသာ ကင်ချီခေါက်ဆွဲပြုတ်နှင့် နှမ်းဆီစစ်စစ် ခေါက်ဆွဲပြုတ်အစပ်တို့ကို မိတ်ဆက်ခဲ့ခြင်း ဖြစ်သည်။

"စားတော်ကဲနီရှင်း ကုမ္ပဏီကို ပြီးခဲ့တဲ့နှစ်မှာ စပြီး တည်ထောင်ခဲ့တာပါ။ ဂျပန်နိုင်ငံမှာ နံပါတ် ၁ အမှတ်တံဆိပ်အဖြစ် ရပ်တည်နေတဲ့ Nissin ရဲ့ နည်းပညာပံ့ပိုးမှုတွေနဲ့ ဝါးလား အသင့်စားခေါက်ဆွဲကို ပြည်တွင်းဈေးကွက်မှာ မိတ်ဆက်ပေးတာပါ။ နောက်ပိုင်းမှာလည်း မြန်မာပြည်စားသုံးသူများနှင့် ကိုက်ညီတဲ့ အရသာအသစ်များကို ဆက်လက်ထုတ်လုပ်သွားမှာပါ"ဟု စားတော်ကဲနီရှင်း ကုမ္ပဏီမှ Head Of Operations မအိအိဟန်က ပြော သည်။

ဝါးလားခေါက်ဆွဲ၏ ထူးခြားချက်မှာ နူးညံ့အိတုန်သော ခေါက်ဆွဲသားဖြင့်ထုတ်လုပ်ထားပြီး အရသာကိုလည်း ဂျပန် Nissin နည်းပညာနှင့် နိုင်ငံတကာစံညွှန်းမီ Food Safety Standard နှင့်အညီ ထုတ်လုပ်ထားကြောင်း၊ အဆိုပါခေါက်ဆွဲအမှတ်တံဆိပ်ကိုလည်း ပရီမီယာကော်ဖီမှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိပေးမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

■

# အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှု၊ တင်ပို့မှုနှင့်ကုန်သွယ်မှုအခြေအနေများ

**(ကေခိုင်ကျော်၊ နစ်နိုင်ငံ)**

### tdEd,EdkifiH\ upkdufysdK;xkwfvkyfrI

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး လယ်ယာစိုက်ပျိုးရေး နိုင်ငံတစ်ခုဖြစ်ပြီး အစိုးရ၏မူဝါဒအသစ်များနှင့် ပြင်ဆင်ချက်များကြောင့် ကြံစိုက် တောင်သူများနှင့် သကြားစက်လုပ်ငန်းရှင်များအတွက် ကြီးမားသော အခွင့်အလမ်းများ ဖြစ်ပေါ်စေလျက်ရှိပါသည်။ ကြံကို အိန္ဒိယနိုင်ငံတွင် Punjab, Uttar Pradesh, Maharashtra, Andhra Pradesh, Bihar, Gujarat, Haryana, Karnataka, and Tamil Nadu ပြည်နယ်ကိုးခုတွင် အဓိကစိုက်ပျိုးထုတ်လုပ်ပြီး ၎င်းပြည်နယ်များအနက် Uttar Pradesh ပြည်နယ်သည် အိန္ဒိယတွင် ကြံအများဆုံးထုတ် လုပ်သည့် ပြည်နယ်ဖြစ်ပါသည်။ အဆိုပါပြည်နယ်ကိုးခုတွင် ကျေးလက်ဒေသနေ ပြည်သူများ၏ ၁၂ ရာခိုင်နှုန်းခန့်အား အလုပ်အကိုင် ဖန်တီးပေးလျက်ရှိပါသည်။

အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှုမှာ ၂၀၁၇ ခုနှစ်တွင် တန်ချိန် ၂၀ ဒသမ၉ သန်း ရှိခဲ့ရာမှ အစိုးရ၏အထောက်အပံ့ပေးသည့် မူဝါဒများနှင့် စိုက်ဧကတိုးချဲ့ခဲ့ခြင်းများကြောင့် အိန္ဒိယတွင် သကြားထုတ်လုပ်မှုတိုးတက်လာပါသည်။ လက်ရှိ ၂၀၁၇-၂၀၁၈ သီးနှံရာသီအတွင်း ဧပြီ ၁၅ရက်အထိ သကြားထုတ်လုပ်မှုပမာဏမှာ ရာသီတစ်ခုလုံးစာအတွက် မျှော်မှန်းထားသည့်ထုတ်လုပ်မှုပမာဏထက် တန်ချိန်သိန်း ၅၀ကျော်လွန်နေပြီဖြစ်ပြီး အိန္ဒိယနိုင်ငံအတွင်းသကြား အဓိကထုတ်လုပ်သည့် ပြည်နယ်များဖြစ်သည့် Maharashtra၊ Uttar Pradesh နှင့်Karnataka တို့တွင် သကြားတန်ချိန်၁၀၄ဒသမ၉၈ သိန်း၊ ၁၀၄ ဒသမ၈သိန်းနှင့် ၃၆ ဒသမ ၃သိန်းတို့ အသီးသီး ထုတ်လုပ်ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သကြားထုတ်လုပ်မှု ၄၉ ရာခိုင်နှုန်း တိုးတက်လာပြီး တန်ချိန်အားဖြင့် ၂၈ ဒသမ ၁၈သန်း ထုတ်လုပ်နိုင်ခဲ့သဖြင့် ဈေးနှုန်းများ ကျဆင်းခဲ့ခြင်းကြောင့် သကြားစက်လုပ်ငန်းရှင်များအနေဖြင့် ကြံစိုက်တောင်သူများသို့ ကြံဖိုးငွေအပြည့်အဝ ပေးချေနိုင်ခြင်းမရှိကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၌ ယခင်နှစ် သကြားလက်ကျန် တန်ချိန် ၄ သန်းနှင့် ယခုနှစ်ထွက်ရှိမည့်ခန့်မှန်းတန်ချိန် ၂၉ဒသမ၅သန်းတို့ စုစုပေါင်းပါက တန်ချိန် ၃၃ဒသမ၅ သန်းရှိနေမည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံတွင် နှစ်စဉ်သကြား စားသုံးမှုမှာတန်ချိန် ၂၅သန်းရှိနေသဖြင့် တန်ချိန် ၈ဒသမ၅သန်းခန့်ပိုလျှံနေမည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံတွင် သကြားထုတ်လုပ်မှု ပိုလျှံနေသဖြင့် လာမည့်လများ၌ သကြားဈေးနှုန်း ဆက်လက်ကျဆင်းနေနိုင်ကြောင်းနှင့် လာမည့်လများ၌ သကြား (M grade)၏ဈေးနှုန်းမှာ ၁၀၀ ကီလိုဂရမ်လျှင် ရူပီး ၂၈၀၀ မှ၃၄၀၀ အကြား ရှိနိုင်ကြောင်း Agriwatch မှ ခန့်မှန်းထားပါသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၈-၂၀၁၉ ဈေးကွက်နှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) တွင် သကြားထုတ်လုပ်မှု ၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ပြီး တန်ချိန် ၃၃ ဒသမ ၈ သန်းသို့ စံချိန်တင် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။

### BukxkwfvkyfrIESifhap;EIef;owfrSwfrIrl'

အိန္ဒိယအစိုးရအနေဖြင့် ကြံအထွက်နှုန်း တိုးတက်လာစေရန် ဖွံ့ဖြိုးတိုးတက်မှု သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ တောင်သူများကို သင်တန်းပို့ချပေးခြင်း၊ ကြံမျိုးအသစ်များ ဖြန့်ဝေပေးခြင်း၊ ကြံစိုက်တောင်သူများသို့ ထုတ်လုပ်မှုနည်းစနစ်များ အဆင့်မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ The Indian Council of Agricultural Research မှကြံသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကိုနိုင်ငံ တော် အဆင့်အနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်နယ်စိုက်ပျိုးရေးတက္ကသိုလ်များ၊ဒေသဆိုင်ရာ သုတေသနအဖွဲ့အစည်းများနှင့်ပြည်နယ်အဆင့် လယ်ယာစိုက်ပျိုးရေးအေဂျင်စီများအနေဖြင့် အဆိုပါလုပ်ငန်းများ၌ ဒေသအဆင့်သာမက ပြည်နယ်အဆင့်အနေဖြင့်ပါ ပံ့ပိုးကူညီပေးလျက်ရှိပါသည်။ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများအနေဖြင့်တောင်သူများအား ငွေကြေးထောက်ပံ့ပေးခြင်းနှင့် သွင်းအားစုများကို တတ်နိုင်သော ဈေးနှုန်းဖြင့်ရရှိစေခြင်းဖြင့် အထောက်အပံ့ပေးလျက်ရှိပါသည်။

အိန္ဒိယအစိုးရအနေဖြင့် Commission for AgriculturalCosts and Prices (CACP) ၏ထောက်ခံချက်ကိုအခြေခံပြီး ပြည်နယ်အစိုးရများ၊ သကြားလုပ်ငန်းရှင်များ၊ ကြံစိုက်တောင်သူ အသင်းအဖွဲ့များနှင့်တိုင်ပင်၍ သကြားအတွက် အနိမ့်ဆုံးဈေးနှုန်း Minimum Support Price (MSP) ကို သတ်မှတ်ပေးလျက်ရှိပါသည်။ သကြားစက်များသည် ဈေးကွက်ပေါက်ဈေးနှင့် သက်ဆိုင်ခြင်းမရှိဘဲ တောင်သူများသို့ "state advised price" (SAP)အား ပေးအပ်လျက်ရှိပြီး ကြံစိုက်ပျိုးမှု နည်းပါးနိုင်ကြောင်း ခန့်မှန်းချက်များကြောင့် ပုံမှန်အားဖြင့် ကြံစိုက်ပျိုးသည့် ပြည်နယ်အများစုတွင် တောင်သူများသည် MSP ဈေးနှုန်းထက် ပိုမြင့်မားသည့်ဈေးနှုန်းများ ရရှိနေပါသည်။

### tdEd,EdkifiH\ olum;p m;oHk;rI

လာမည့်နှစ်တွင် အိန္ဒိယနိုင်ငံ၏ သကြားစားသုံးမှုမှာ တန်ချိန် ၂၇ ဒသမ ၅သန်း ရှိမည်ဟု ခန့်မှန်းထားပြီး ယခုနှစ် စားသုံးမှု တန်ချိန် ၂၆ ဒသမ၅ သန်းထက် ၄ ရာခိုင်နှုန်းတိုးတက်လာမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။ သကြားအမြောက်အမြား ဝယ်ယူသူများ၊ အစားအသောက်ထုတ်လုပ်သူများ၊ စားသောက်ဆိုင်များ၊ မုန့်အချိုရောင်းချသည့်ဆိုင်များ၊ အိမ်ထောင်စုများ၊ တိုးတက်လာသည့် လူဦးရေ၊ ဝင်ငွေတိုးတက်မှုနှင့် စားသုံးမှုပုံစံ ပြောင်းလဲလာခြင်းများကြောင့် နောင်နှစ် သကြားစားသုံးမှု တိုးတက်လာမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။ အမြောက်အမြား ဝယ်ယူသူများသည် အိန္ဒိယနိုင်ငံ၏ သကြားစားသုံးမှု စုစုပေါင်း၏ သုံးပုံနှစ်ပုံခန့် ရှိနေပါသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

## အိန္ဒိယနိုင်ငံ ကေရာလပြည်နယ်တွင် မြေပြိုပြီး ရေလျှံမှုများကြောင့် လူ ၂၀ ဦး သေဆုံး

အိန္ဒိယနိုင်ငံ ကေရာလပြည်နယ်တွင် ဩဂုတ် ၉ ရက် နံနက်စောစောပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကာ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် အနည်းဆုံး လူ ၂၀ ဦးသေဆုံးခဲ့ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို တိုင်းမ်အော့ အိန္ဒိယသတင်းတွင် ဖော်ပြသည်။ သဘာဝဘေးအန္တရာယ် ထိန်းချုပ်ရေးဌာန သတင်းရင်းမြစ်များ၏ ပြောကြားချက်အရ မြေပြိုမှုများကြောင့် အီဒွတ်ကီတွင်လူ ၁၀ဦး၊ မာလာပူရမ်တွင် ငါးဦး၊ ကန်နူးတွင်နှစ်ဦးနှင့် ဝါယာနတ်ခရိုင်တွင် တစ်ဦး သေဆုံးခဲ့သည်။ ထို့ပြင် ဝါယာနတ်၊ ပါလာကတ်နှင့် ကိုဇီကုတ်တို့တွင် ပျောက်ဆုံးနေသူတစ်ဦးစီရှိခဲ့သည်။

အိုင်ဒမ်မာလာယာဆည်၏ နောက်ဆုံးရေအမှတ် သတ်မှတ်ချက်မှာအမြင့် ၁၆၉ မီတာရှိသည့် အနက်ဩဂုတ် ၉ ရက်ကရေအမှတ်မှာ ၁၆၉ ဒသမ ၉၅ မီတာသို့ ရောက်ရှိလာသည့်အတွက် ရေများ ကို တစ်စက္ကန့်လျှင်ကုဗပေ ၆၀၀ နှုန်းဖြင့် ဖောက်ထုတ်ခဲ့ရသည်။

ကေရာလပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ဆည်ရေတံခါးများကို နံနက် ၆ နာရီမှ နံနက် ၈ နာရီအထိ ကြိုတင်ဖွင့်ထားခဲ့သည်။ အများပြည်သူတို့အား ထိတ်လန့်ကြောက်ရွံ့မှုမဖြစ်ကြရန် နှိုးဆော်ထားပြီး အကယ်၍ဩဂုတ် ၁၀ ရက် နံနက် ၆နာရီတွင် စိုးရိမ်ရေမှတ် မီတာ ၁၇၀ သို့ ရောက်ရှိပါက ရေတံခါး တစ်ချပ်သာဖွင့်၍ တစ်မိနစ်ကိုရေ ကုဗပေ ၈၂ နှုန်းသာ လွှတ်ပေးမည်ဖြစ်ကြောင်း အာဏာပိုင်အဖွဲ့က ပြောသည်။

ဝါယာနတ် ခရိုင်သည်မြေပြိုမှုများကြောင့် တခြားခရိုင်များနှင့် ဆက်သွယ်မှုများ ပြတ်တောက်နေသည့် အတွက်နေရာဒေသ အမျိုးမျိုးတွင် ပိတ်မိနေသူများအား ကယ်ဆယ်ရေးအတွက် စစ်တပ်ကို စေလွှတ်ပေးရန် ပြည်နယ်အစိုးရက ဗဟိုအစိုးရကို ပန်ကြားထားကြောင်း ဟိန္ဒူစတန်းဒက်တိုင်းသတင်းတွင် ဖော်ပြသည်။ အမျိုးသားသဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့များကို အလာပူဇာ၊ ကိုဇီကုတ်နှင့် အာနာခူလမ်ခရိုင်တို့တွင် နေရာချထားပြီးဖြစ်ကြောင်း ကေရာလပြည်နယ်ဝန်ကြီးချုပ် ပီနာယာနီဗီဂျာရန်က ၎င်း၏တွစ်တာတွင် ဖော်ပြထားကြောင်း သိရသည်။

**စံမီအောင်**

## တိုင်ဖုန်းမုန်တိုင်း ရှန်ရှန်း ဂျပန်အရှေ့ပိုင်းကမ်းခြေကို ဝင်ရောက်



တိုင်ဖုန်းမုန်တိုင်း ရှန်ရှန်းသည် ဩဂုတ် ၉ ရက် နံနက်က ဂျပန်နိုင်ငံ အရှေ့ပိုင်းကမ်းခြေကို ဝင်ရောက်ခဲ့သဖြင့် တိုကျိုမြို့မှာ ကင်းလွတ်သွားခဲ့သည်။ သို့သော်လည်း ပစိဖိတ်ကမ်းခြေတစ်လျှောက် အချို့နေရာများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့် ပင်လယ်ရေလှိုင်းများ မြင့်မားစွာဖြစ် ပေါ်ခဲ့သည်။

ပြင်းထန်သော မုန်တိုင်းများသည် ဂျပန်နိုင်ငံ၏ ပင်မကျွန်းပေါ်သို့ ရောက်ရှိပြီးနောက် လွင့်ပြယ်သွားလိမ့်မည်ဟု မိုးလေဝသအေဂျင်စီက ခန့်မှန်းထားသည်။

သို့ရာတွင် နှေးကွေးစွာ ဝင်ရောက်လာသော တိုင်ဖုန်းမုန်တိုင်းကြောင့် မြေပြိုမှုများနှင့် ရေလွှမ်းမိုးမှုများ ဖြစ်နိုင်သေးသဖြင့် သတိဝီရိယဖြင့် နေကြရန် ဒေသတွင်း၌ နေထိုင်သူများအား အာဏာပိုင်တို့က တိုက်တွန်းထားသည်။

ရှန်ရှန်းမုန်တိုင်းသည် ဩဂုတ် ၉ ရက် ဂရင်းနစ်စံတော်ချိန် နံနက် ၁ နာရီက မိတိုစီးတီး၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၅၀ အကွာ တိုကျိုကမ်းလွန်ပင်လယ်ပြင်တွင် ရောက်ရှိနေကြောင်း မိုးလေဝသအေဂျင်စီက ပြောသည်။

မုန်တိုင်းဒဏ်ကြောင့် လူလေးဦး ဒဏ်ရာရရှိခဲ့သော်လည်း အကြီးအကျယ် ပျက်စီးဆုံးရှုံးသည့် သတင်း မရရှိကြောင်း သဘာဝဘေးဒဏ် စီမံခန့်ခွဲရေး အေဂျင်စီက ပြောသည်။

ဩဂုတ် ၉ ရက်နံနက်စောစောပိုင်းက လူပေါင်း ၂၀၀၀ ကျော်ကို နေအိမ်များမှ ရွှေ့ပြောင်းကယ်ဆယ်ခဲ့ရပြီး မုန်တိုင်းအရှိန်ကြောင့် လေပြင်းများ တစ်နာရီ ကီလိုမီတာ ၁၈၀ နှုန်း တိုက်ခတ်ခဲ့သည်။

ဩဂုတ် ၈ ရက်က မုန်တိုင်းသည် တိုကျိုမြို့ဆီသို့ ဦးတည်လာနေသဖြင့် တိုကျို၌ နံနက်ပိုင်းတွင် အသွားအလာများ ရပ်ဆိုင်းသွားမည်ကို စိုးရိမ်ခဲ့ရသည်။

သို့ရာတွင် နံနက်ပိုင်းတွင် ဆိုးရွားသော ရာသီဥတု အခြေအနေများမှာ တိုကျိုမြို့၌ လျော့ပါးသွားခဲ့ပြီး မိုးလေပြင်းထန်စွာ ရွာသွန်းတိုက်ခတ်မှု မရှိခဲ့သည်ကို တွေ့ရသည်။

လွန်ခဲ့သည့်လက မှတ်တမ်းတင်မြင့်တက်ခဲ့သော အပူရှိန်ကို ခံစားရကာ လူ ၁၂၄ ဦး သေဆုံးပြီးနောက် ယခုတိုက်ဖုန်းမုန်တိုင်းသည် ဂျပန်နိုင်ငံနောက် ဆုံး ရင်ဆိုင်ရသော ရာသီဥတုဘေးဒဏ် ဖြစ်သည်။

မိုးသည်းထန်မှုကြောင့် ဇူလိုင်လအတွင်းက အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသတို့တွင် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားကာ လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့ရသည်။

**စံမီအောင်**

# ကသာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




ကသာခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ၁၈ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၁ ရက်က ကသာခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးတွင် ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင် ၁၀ ဦး၊ အခြားတက်ရောက်သူ ၅ ဦး စုစု ပေါင်း ၁၅ ဦးနှင့် စားသုံးသူရေးရာ ဦးစီးဌာန မှဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်အုန်းက ကသာခရိုင် စားသုံးသူရေးရာ အနေဖြင့် ကွင်းဆင်းအသိပညာပေး ဟောပြောပွဲ ၂၈ ကြိမ်၊ ကွင်းဆင်း စစ်ဆေးမှု ၁၅ ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း ၉ ကြိမ်၊ SME လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးခြင်း ၇ ကြိမ်၊ စုစုပေါင်း ၅၉ ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဇွန်လ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီး ဆောင်ရွက်ရန် ကျန်ရှိသည်များအား အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပြီး Lily Kha Online Shopping ပိုးထည် ဝယ်ယူထားသော စားသုံးသူ တစ်ဦးမှ ပိုးထည်ရောင်းချသော အကောင့်ပိုင်ရှင်သို့ ဧပြီ ၄ ရက်တွင် ဝယ်ယူလိုသော ပိုးထည်အရေအတွက်နှင့် ကိုက်ညီသော ကုန်ကျငွေကို KBZ ဘဏ်မှ ငွေလွှဲပေးပို့လိုက်သော်လည်း ၄ လတာ ကာလကြာရှည်သည်အထိ ပစ္စည်းပေးပို့မှု မရှိခြင်း၊ ပစ္စည်း မပို့နိုင်က ငွေပြန်ပို့ပေးရန် ကမ်းလှမ်း ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်မှုဖြတ်တောက်ခံထားရခြင်း၊ ငွေပြန်အမ်းမှုမရှိခြင်းအပေါ် နစ်နာဆုံးရှုံးမှုရှိ၍ CICC သို့ တိုင်ကြားလာမှုအပေါ် ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စများအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင်(ကသာ)**

# ရေဦးမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောခြင်းနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး ပညာပေးဟောပြော




စစ်ကိုင်းတိုင်း ဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းလျက်ဩဂုတ် ၆ ရက်ကရေဦးမြို့၊ အောင်ချမ်းသာ ရပ်ကွက်ရှိ "ဇွဲသန် " ကိုယ်ပိုင် အထက်တန်းအဆင့် စာသင်ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်း၊ မီးဘေးနှင့် သဘာဝဘေး အန္တရာယ် ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြု၍မီးငြိမ်းသတ်နည်း သရုပ်ပြလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါတယ်။ ဟောပြောပွဲ၌ စားသုံးသူရေးရာ ဦးစီးဌာန ရေဦးမြို့နယ် တာဝန်ခံမှ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူ၏ အခွင့်အရေးများ၊ တာဝန်များ၊ လုပ်ငန်းရှင်များ၏ အခွင့်အရေးများနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ ပြစ်မှု ပြစ်ဒဏ်များ၊ အန္တရာယ်ရှိစားသောက်ကုန်များ၊ အန္တရာယ်ရှိ ဝန်ဆောင်မှုများနှင့် ဖျော်ဖြေမှုများအကြောင်းကို ရှင်းလင်းဟောပြောပြီးနောက် ရေဦးမြို့နယ် မီးသတ်စခန်းတာဝန်ခံမှ မီးဘေးနှင့် သဘာဝဘေး အန္တရာယ်များ ကြိုတင်ကာကွယ်ရေးအကြောင်း၊ မီးဘေးနှင့် သဘာဝ ဘေးအန္တရာယ်များ ကျရောက်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းများ အကြောင်း ရှင်းလင်းဟောပြောခဲ့ပါတယ်။ ၎င်းနောက် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား မီးသတ်ဆေးဘူး အသုံးပြုနည်းများကို ရှင်းလင်းပြသပြီး မီးသတ်ဆေးဘူး အသုံးပြုလျက် လက်တွေ့မီးငြိမ်းသတ်မှုလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါတယ်။ ဟောပြောပွဲနှင့် သရုပ်ပြပွဲသို့ ဆရာ၊ ဆရာမ ၄၅ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၃၃၂ ဦး၊ ပေါင်း ၃၇၇ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**အောင်ညွန့် (ရေဦး )**

# ပုသိမ်မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုကော်မတီမှ စားသုံးရန်မသင့် ငရုတ်သီးမှုန့်များ ရောင်းချခြင်းမပြုရန် ကွင်းဆင်းစစ်ဆေး

ပုသိမ်မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုကော်မတီမှ ဦးဆောင်၍ဩဂုတ် ၇ ရက်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA)၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ စားသုံးရန်မသင့်သော ငရုတ်သီးမှုန့်များ ရောင်းချခြင်းမရှိစေရန် ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

၎င်းအဖွဲ့မှာ မြို့ပေါ်ရှိ ငရုတ်သီးမှုန့် ထုတ်လုပ်ရောင်းချသော အလုပ်ရုံသို့ သွားရောက်ပြီး စားသုံးရန် မသင့်သော ငရုတ်ပွများ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ စားသုံးရန်မသင့်သော ဓာတုဆိုးဆေးများ အသုံးပြုခြင်းမပြုလုပ်ရန် ခံဝန်ကတိ လက်မှတ်ရေးထိုး၍ ငှက်ပျောတန်းလမ်းရှိ ကုန်မျိုးစုံရောင်းချသောဆိုင်သို့ သွားရောက်ပြီး စားသုံးရန်မသင့်သော ငရုတ်သီးအပွမှုန့်များ ရောင်းချခြင်းမရှိစေရန် အသိပညာရေးဆောင်ရွက်ခဲ့ပါသည်။ **ရာမြေ(ပုသိမ်)**

# ပဲခူးမြို့နယ် အခြေခံပညာကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြော

ပဲခူးမြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သိုက်တို့နှင့် အတူခရိုင်ရုံး ဝန်ထမ်းများ၊ မြို့နယ်ရုံး ဝန်ထမ်းများ ပါဝင်လျက် ဩဂုတ် ၇ ရက်တွင် ပဲခူးမြို့နယ်၊ ဟသ် ၁ကုန်းရပ်ကွက်၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) နှင့် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်ခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲတွင် ဟသ် ၁ကုန်း အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ မြို့နယ်တာဝန်ခံ ဦးမြင့်ကြည်မှ စားသုံးသူ အကာအကွယ်ပေးရေး ပေါ်ပေါက်လာပုံ၊ စားသုံးသူ၏ အနက်အဓိပ္ပာယ်နှင့် စားသုံးသူ၏ အခွင့်အရေးများ၊ တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ အခွင့်အရေးများနှင့် တာဝန်များကို ဟောပြောဆွေးနွေးခဲ့ပြီး ထိခိုက်နစ်နာဆုံးရှုံးမှုများရှိပါက စားသုံးသူရေးရာဦးစီးဌာနသို့ တိုင်ကြားနိုင်ကြောင်း၊ တိုင်ကြားမှုများကိုလည်း လက်ခံဆောင်ရွက်ပေးလျက် ရှိကြောင်း ဟောပြောခဲ့သည်။

ထို့နောက် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းတွင် ခရိုင်ဦးစီးမှူး ဦးအောင်သိုက်မှ ဟောပြောရာ စားသုံးသူ အကာအကွယ်ပေးရေး၏ အနက်အဓိပ္ပာယ်နှင့် စားသုံးသူများကိုဥပဒေအရရော အသိပညာပေးမှုများနဲ့ပါ ကာကွယ်ပေးနေပုံ၊ စားသုံးသူများအနေဖြင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC)သို့ တိုင်ကြားနိုင်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်၊ စားသုံးသူများ၏ အခွင့်အရေးများနှင့် တာဝန်များအကြောင်းကိုအကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပြီး အဆိုပါကျောင်း၏ ကျောင်းမုန့်ဈေးတန်းရှိဈေးဆိုင်များကို ကျောင်းကျန်းမာရေးအဖွဲ့မှ ဆရာမများနှင့်အတူ စစ်ဆေးခဲ့ပြီး ရောင်းချရန်မသင့်သော အစားအသောက်များကို ရောင်းချခြင်းမပြုရန် အသိပညာပေး ဆွေးနွေးပြောကြားခဲ့ပါသည်။ အဆိုပါဟောပြောပွဲသို့ဆရာ/ဆရာမ ၃၄ ဦး၊ ကျောင်းသား/ကျောင်းသူ ၅၆၉ ဦး၊ စုစုပေါင်း ၆၀၃ ဦးတက်ရောက်ခဲ့ပါသည်။ **မြင့်ကြည်(ပဲခူး)**

# စားသုံးသူရေးရာဦးစီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူးရုံးမှ ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးမှုနှင့် သုတေသနလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဇူလိုင်လအတွင်း လုပ်ငန်းဆောင်ရွက်ချက်များ

စားသုံးသူရေးရာ ဦးစီးဌာန၊ ချင်း ပြည်နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဇူလိုင်လ၏ လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် မင်းတပ်မြို့နယ်အတွင်းရှိ ဝဥစိုက်ပျိုးထုတ်လုပ်သူ တောင်သူများသို့ ကွင်းဆင်းတွေ့ဆုံခြင်း၊ ထန်တလန်မြို့အတွင်းရှိ နာနတ်သီး၊ စပျစ်သီး စိုက်ပျိုးထုတ်လုပ်သူတောင်သူများသို့ ကွင်းဆင်းတွေ့ဆုံခြင်း၊ မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ ပျိုးထောင်ထားသော ကော်ဖီပင်များကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအား ဆက်စပ်ဌာနဆိုင်ရာများနှင့် အတူ စားသုံးသူရေးရာဦးစီးဌာနမှ ပူးပေါင်းပါဝင်၍ ဖြန့်ဖြူးပေးခြင်း၊ ထပ်မံ၍လည်း မင်းတပ်မြို့၌ ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် တစ်ဦးချင်းဝင်ငွေ တိုးတက်ရေးအတွက် ရည်ရွယ်၍ ဖွဲ့စည်းထားရှိခဲ့ပြီးဖြစ်သော ချင်းလီကော်ဖီစိုက်ပျိုး ထုတ်လုပ်ရေး အသင်း၊ အရှက်ဦး ဝဥစိုက်ပျိုးထုတ်လုပ်ရေးအသင်း၊ ကန်ပက်လက် မြို့ရှိ ချင်း ပြည်နယ်တောင်ပိုင်း ထောပတ်အစုအဖွဲ့တို့နှင့် ချိတ်ဆက်မှုများ လုပ်ဆောင်ခဲ့ခြင်းတို့ကြောင့် ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးမှုအတွက် အလားအလာကောင်းသော လုပ်ငန်းဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**ဒေါ်ကြယ် (ဟားခါး)**



# အင်းစိန်မြို့နယ်၊ မြို့သစ်ဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခြင်းနှင့် မြို့သစ်ဈေး၊ ဖော့ကန်ပဒေသာဈေးတို့တွင် ကွင်းဆင်းအသိပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်နှင့် တာဝန်ရှိသူ ဝန်ထမ်းများသည် ဩဂုတ် ၃ ရက်တွင် အင်းစိန်မြို့နယ်၊ မြို့သစ်ဈေးရှိ ဈေးသူ၊ ဈေးသားများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခြင်းနှင့် ဈေးအတွင်း ကွင်းဆင်းပညာပေးလုပ်ငန်းများကိုလည်းကောင်း၊ ဖော့ကန်ပဒေသာဈေးသို့လည်းကောင်း ကွင်းဆင်းပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ရှေးဦးစွာ အင်းစိန်မြို့နယ် မြို့သစ်ဈေးရုံးခန်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့ရာ မြို့သစ်ဈေးတာဝန်ခံ ဦးကျော်လှိုင်က အဖွင့်အမှာစကားပြောကြားပြီးနောက် စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်က ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ စားသုံးသူနှင့် စီးပွားရေး လုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့်တားမြစ်ချက်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံး (CICC) ရုံးခန်းသို့ တိုင်ကြားလာခဲ့သည့် အပေါ် စေ့စပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့မှုများ၊ မြောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဈေးသူ၊ ဈေးသားများကလည်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း တို့ကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါသည်။

ထို့နောက် မြို့သစ်ဈေးတာဝန်ခံနှင့်အတူ ဈေးအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရသည့်ပစ္စည်းများ ရောင်းချနိုင်ရေးကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ အလားတူပင် အင်းစိန်မြို့နယ်၊ ဖော့ကန် ပဒေသာဈေးရှိ ဈေးတာဝန်ခံ ဦးချစ်လွင်တို့နှင့်အတူ ဈေးအတွင်းလုံခြုံစိတ်ချ ရသည့်ပစ္စည်းများ ဈေးအတွင်း ရောင်းချနိုင်ရေး ကွင်းဆင်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဟောပြောပွဲသို့တက်ရောက်လာသည့် အင်းစိန်မြို့နယ်၊ မြို့သစ်ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ ဈေးသူ၊ ဈေးသား (၅၀)ဦးနှင့် မြို့သစ်ဈေး၊ ဖော့ကန်ပဒေသာဈေးသို့ ကွင်းဆင်းပညာပေးခဲ့သည့်ဆိုင်ခန်းများသို့ ‘စားသုံးသူပြည်သူများ အန္တရာယ်ကင်းစေဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့’စာတမ်းပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ကေခိုင်မျိုးထွန်း (ရန်ကုန်)**

# မဘိမ်းစားသုံးသူရေးရာဦးစီးဌာနမှ ဘဟဲကျေးရွာသို့ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေး အသိပညာပေး ဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ် စားသုံးသူ ရေးရာဦးစီးဌာနမှ ဒေါ်ခင်မာကြည်နှင့်အဖွဲ့သည် ဇူလိုင် ၂၁ ရက်တွင် စိုက်ပျိုး ရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ ဘဟဲကျေးရွာရှိ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး နှင့်ပေါင်းသတ်ဆေးများ၊ တားမြစ်ထားသော အရည်အသွေးမမီသည့် ပစ္စည်းများ မရောင်းချရန်နှင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်ကိုက်ညီသော ပစ္စည်းများ၊ မြန်မာဘာသာဖြင့် ရေးသားသော ပစ္စည်းများသာ ရောင်းချကြ ရန် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးအကြောင်းတို့ကို အသိပညာ ပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခင်မာကြည် (မဘိမ်း)**

# ပခုက္ကူမြို့ အ·ထ·က(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးရန်မသင့်သော စားသောက်ကုန်များအား မီးရှို့ဖျက်ဆီး

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင် ဦးစီးမှူးရုံးအနေဖြင့် ခရိုင်ဦးစီးမှူး ဦးသန်းဦး ဦးဆောင်၍ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များအားလုံးနှင့်အတူ ဩဂုတ် ၃ ရက်တွင် ပခုက္ကူမြို့၊ အထက(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးရန်မသင့် စားသောက်ကုန်ပစ္စည်းများအား မီးရှို့ဖျက် ဆီးပွဲ ဆောင်ရွက်ခဲ့ရာ ခရိုင်ပညာရေး၊ ခရိုင်မွေးကု၊ ခရိုင်ပြန်/ဆက်၊ ရဲတပ်ဖွဲ့ဝင်များ၊ FDA၊ ခရိုင်တိုင်းရင်းဆေး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ဖိရပ်ဖများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်၍ မီးရှို့ဖျက်ဆီးခဲ့ပါသည်။



အဆိုပါ မီးရှို့ဖျက်ဆီးပွဲတွင် ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ စသည့် မြို့နယ်များတွင် မြို့မဈေးအတွင်းနှင့် ရပ်ကွက် အတွင်းရှိကုန်စုံဆိုင်များမှ သက်တမ်းလွန်နေသောအစားအစာများ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ သုံးစွဲရန် မသင့် တားမြစ်ထားသော စားသောက်ကုန်များ၊ မှိုတက်နေသော ငရုတ်သီးခြောက်များ၊ စီးကရက်ပုံစံချိုချဉ်တောင့်များ၊ ဆိုးဆေး အလွန်အကျွံ အသုံးပြုထားသော အချိုရည်ဗူးများအား ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပြီး ကုန်ပစ္စည်းအမျိုးပေါင်း ၃၅မျိုး၊ အရေအတွက် ၄၂၀ ခု၊ ခန့်မှန်း တန်ဖိုး ငွေ၇၉၃၀၀ ကျပ်ခန့်အား ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးခဲ့ပြီး ကုန်စုံဆိုင်ပိုင်ရှင်များကို နောက်နောင်တွင်စားသုံးသူ ပြည်သူများအတွက် အန္တရာယ်ရှိနိုင်သော အစားအသောက်များအား မရောင်းချရန် အသိပညာ ပေးခဲ့ပြီး ဆက်လက် ရောင်းချသည်ကို တွေ့ရှိပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအရ အပြစ်ပေးအရေးယူသွားမည်ဖြစ်ပြီး ယခုကဲ့သို့လည်း မီးရှို့ဖျက်ဆီးပွဲများ မကြာခဏ ဆောင်ရွက်သွားမှာဖြစ်ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော် (ပခုက္ကူ)**

# ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်(၂)ဈေးနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်(သိမ်ဖြူဈေး)တို့တွင် Product Safely ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရန်နှင့် စားသုံးသူပြည်သူများ၏ အကျိုးစီးပွားကိုအကာအကွယ်ပေးရန်ဟူသော ရည်မှန်းချက်ဖြင့် လစဉ် အခြေခံပညာကျောင်းများ၊ ဈေးများ၊ မြို့နယ်ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်ကြီးများတွင် အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် မြောက်ဥက္ကလာပမြို့နယ် ဈေး(၂) ဈေးနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် (သိမ်ဖြူဈေး)တို့တွင် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါဈေး (၂) ဈေးအတွင်း ဈေးများဌာန တာဝန်ရှိသူများနှင့် ပူးပေါင်း၍ သက်တမ်းလွန်စားသောက်ကုန်များ၊ FDA မှ တားမြစ်ပိတ်ပင်ထားသော ထုတ်ကုန်များ ဖြန့်ဖြူးရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး၊ ဈေးသူဈေးသားများအနေဖြင့်လည်း ကုန်စည်နှင့် ဝန်ဆောင်မှုများကို တစ်ဆင့်ပြန်လည်ဖြန့်ဖြူးရောင်းချရာတွင် စားသုံးသူများအတွက် သတင်းအချက်အလက် ပြည့်ဝစွာ မဖော်ပြထားသော ထုတ်ကုန်များနှင့် မိမိတို့နားမလည်သော ဘာသာစကားများဖြင့် ရေးသားထားသော စားသောက်ကုန်များအား အရောင်းအဝယ် မပြုလုပ်ကြရန် အသိပညာပေး တိုက်တွန်းပြောကြားခဲ့ပါသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဇူလိုင်လအတွင်း အခြေခံပညာကျောင်းများ၊ မုန့်ဈေးတန်းများအား FDA မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဗိုလ်တထောင်မြို့နယ်ရှိ (ဘိုကလေးဈေး) တို့တွင်လည်း ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **ကိုဖြိုး**

# မုံရွာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မုံရွာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၅ ရက်က မုံရွာခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ဖိတ်ကြားထားသူ စားသုံးသူရေးရာ ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး အပါအဝင် စုစုပေါင်း ၁၃ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး၊ မုံရွာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက မုံရွာခရိုင်အတွင်းရှိ ဈေးများကို ရှောင်တခင် ဝင်ရောက်စစ်ဆေးသင့်ကြောင်း၊ စတိုးဆိုင်နှင့် မုန့်မျိုးစုံရောင်းချသည့် ကုန်စုံဆိုင်များသို့ ကွင်းဆင်းစစ်ဆေးရန် ရပ်ကွက်အလိုက် သို့မဟုတ် လမ်းများအလိုက် စီမံချက်ရေးဆွဲပြီးမှသာကွင်းဆင်းစစ်ဆေးသင့်ကြောင်း၊ တားမြစ်သိမ်းဆည်းပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းကို (၃)လ (၁)ကြိမ်သာ ဆောင်ရွက်သင့်ကြောင်း၊ စားသုံးရန်မသင့် စားသောက်ကုန်နှင့် တားမြစ်ထားသည့် လူသုံးကုန်ပစ္စည်းများကို ပြည်သူများသွားလာကြသည့် လမ်းဆုံများ/ဈေးများတွင် ဗွီနိုင်းကြော်ငြာများ ကပ်ပေးသင့်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မုံရွာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးသက်နိုင်(မုံရွာခရိုင် ဦးစီးမှူး)က ယခင်လအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများတင်ပြခြင်း၊ မုံရွာခရိုင်အနေဖြင့် ဇွန်လအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ယခုဇူလိုင်လအတွင်း ဆောင်ရွက်သည့် လုပ်ငန်းများယနေ့ထိ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ဩဂုတ်လတွင် ဆောင်ရွက်မည့်လုပ်ငန်းများတွင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် ပံ့ပိုးကူညီရန်နှင့် အဖွဲ့ဝင်များမှ လိုက်ပါဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ချပြရှင်းလင်းဆွေးနွေးပြီး၊ အစည်းအဝေးတက်ရောက်လာသူများက အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သန်းသန်းတင် (မုံရွာ)**



# ခက်ခဲသည့်ရာသီကို ကျော်ဖြတ်ရတော့မည်ဟု မော်ရင်ဟိုညည်းတွား

မန်ယူနည်းပြ မော်ရင်ဟိုသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် ထိပ်တန်းကစားသမား သုံးဦးခန့်အထိ ခေါ်ယူရန် ဆန္ဒရှိခဲ့သော်လည်း အသင်းက ငွေကြေးထုတ်ပေးခြင်းမရှိ၍ ၎င်းအလိုရှိသည့် ကစားသမားများကို ခေါ်ယူနိုင်ခြင်းမရှိခဲ့ပေ။ ယင်းကိစ္စနှင့်ပတ်သက်၍ နည်းပြမော်ရင်ဟိုနှင့် အသင်းဘုတ်အဖွဲ့တို့အကြား အဆင်မပြေမှုများ ဖြစ်ပေါ်လာခဲ့သည်။

မန်ယူအသင်းသည် ယခုနွေရာသီ အပြောင်းအရွှေ့တွင် ရှက်တာဒိုးနက်အသင်းမှ ဖရက်တစ်ဦးတည်းကိုသာ ခေါ်ယူနိုင်ခဲ့ခြင်းကြောင့် နည်းပြ မော်ရင်ဟိုက စောဒကတက်နေခြင်းဖြစ်သည်။ မော်ရင်ဟိုက 'ရာသီသစ်မှာ ဒီကစားသမားတွေနဲ့သာ ဆက်သွားမယ်ဆိုရင်တော့ ခက်ခဲတဲ့ ရာသီတစ်ခုကို ကျွန်တော်တို့ ရင်ဆိုင်ကျော်ဖြတ်ရတော့မှာပါ။ ကျွန်တော့်အသင်းမှာ တိုက်စစ်ပိုင်း အားနည်းမှုတွေရှိနေသလို ကမ္ဘာ့အဆင့်မီ ခံစစ်မှူးတစ်ဦးလောက် ဖြည့်ချင်တဲ့ဆန္ဒ ကျွန်တော့်မှာရှိနေပါတယ်။ ဒါပေမဲ့ အသင်းဘုတ်အဖွဲ့က ဒါကိုနားလည်မှု မပေးနိုင်တာကိုတော့ ကျွန်တော်စိတ်မကောင်းဖြစ်ရပါတယ်'ဟု ပြောကြားခဲ့သည်။

မန်ယူနည်းပြ မော်ရင်ဟိုသည် ကစားသမားအပြောင်းအရွှေ့ကိစ္စနှင့်ပတ်သက်၍ အသင်းမှတာဝန်ရှိသူများ နှင့် မကျေမလည်ဖြစ်ပြီး နောက်ပိုင်းတွင် ယခုနှစ်ရာသီ၌ ပရီးမီးယားလိဂ်တွင် အစောဆုံးထုတ်ပယ်ခံရနိုင်သည့် နည်းပြတစ်ဦးအဖြစ် ရေပန်းစားလျက်ရှိကြောင်းကိုလည်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

# ပရီးမီးယားလိဂ်၏ ထိပ်တန်းအပြောင်းအရွှေ့၂၀

အင်္ဂလန် ပရီးမီးယားလိဂ်၏ နွေရာသီအပြောင်းအရွှေ့ဈေးကွက်မှာ ဩဂုတ် ၉ ရက်က ပိတ်သိမ်းခဲ့ပြီဖြစ်သည်။ ပရီးမီးယားလိဂ်အပြောင်းအရွှေ့ရာသီ ပိတ်သိမ်းချိန်တွင် ထိပ်တန်းအသင်းကြီးများအနေဖြင့် ကြီးမားသည့် အပြောင်းအရွှေ့များ ပြုလုပ်နိုင်ခဲ့ခြင်းမရှိဘဲ လီဗာပူးတစ်သင်းသာ ပေါင်သန်း ၁၇၀ ကျော်အသုံးပြုပြီး ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

ပရီးမီးယားလိဂ်အသင်းများ၏ အပြောင်းအရွှေ့များထဲမှ ထိပ်တန်းအပြောင်းအရွှေ့ ၂၀ စာရင်းကို Goal.com က ဖော်ပြလာခဲ့သည်။

**အလစ်ဆင်-** ပရီးမီးယားလိဂ်ဖလား ရရှိရေးအတွက် အကောင်းဆုံး ပြင်ဆင်လာခဲ့သည့် လီဗာပူးအသင်းက ရိုးမားအသင်းမှ ခေါ်ယူခဲ့သည့် တန်ဖိုးမြင့် ဂိုးသမားဖြစ်သည်။ အဆိုပါကစားသမားကို လီဗာပူးအသင်းသည် ပေါင် ၆၅ သန်းပေးခဲ့ရပြီး ပထမဂိုးသမားနေရာတွင်အသုံးပြုရန် နည်းပြဂျာကင်ကလော့က ရည်မှန်းထားသည်။

**ကျော်ဂျင်ဟို-** ချယ်လ်ဆီးအသင်းက နာပိုလီအသင်းထံမှ ပေါင် ၅၇ သန်းပေး၍ ခေါ်ယူခဲ့သည့် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည်။၎င်းကစားသမားသည် ချယ်လ်ဆီးနည်းပြ ဆာရီ၏အကြိုက် ကစားသမားတစ်ဦးဖြစ်သော်လည်း ချယ်လ်ဆီးအသင်း၏ ကွင်းလယ်တွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်လာရဖွယ်ရှိနေသည်။

**နာဘီကီတာ-** လိုက်ဇစ်အသင်းတွင် ခြေစွမ်းပြနေသည့် နာဘီကီတာသည် လီဗာပူးအသင်းသို့ ပေါင် ၄၈ သန်းဖြင့် ရောက်ရှိလာခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။

**မိုက်ကယ်ဆီရီ-** မိုက်ကယ်ဆီရီသည် နိစ်အသင်းမှ ဖူလ်ဟမ်အသင်းသို့ပေါင် ၂၆ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ပြီး ဥရောပပြိုင်ပွဲ အတွေ့အကြုံများစွာရှိသည့် ကစားသမားတစ်ဦးဖြစ်သည်။

**ထရာအိုရေး-** ထရာအိုရေးသည် မစ်ဒယ်ဘရော့အသင်းမှ ဝုလ်ဗာဟမ်တန်အသင်းသို့ ပေါင် ၁၈ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သည့် အသက်(၂၂)နှစ်အရွယ် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

ပရီးမီးယားလိဂ် ထိပ်တန်းအပြောင်းအရွှေ့ ၂၀ ထဲတွင်ပါဝင်သည့် အခြားကစားသမားများမှာ မော်တင်ဟို (မိုနာကိုမှ ဝုလ်ဗာဟမ်တန်သို့ ပေါင် ၅ သန်း)၊ ဖာဘင်ဟို (မိုနာကိုမှ လီဗာပူးသို့ ပေါင် ၃၉ သန်း)၊ ပါထရီစီယို (စပို့တင်းမှ ဝုလ်ဗာဟမ်တန်သို့ အလွတ်)၊ ကိုဗာစစ် (ရီးရဲလ်မက်ဒရစ်မှ ချယ်လ်ဆီးသို့ အငှား)၊ ဘားနက်ဒ် (အူနက်တာချီမှ အဲဗာတန်သို့ အလွတ်)၊ လက်ချ်စတိန်နာ (ဂျူဗင်တပ်မှ အာဆင်နယ်သို့ အလွတ်)၊ တော်ရိုင်ရာ (ဆမ်ဒိုးရီးယားမှ အာဆင်နယ်သို့ ပေါင် ၂၆ သန်း)၊ ကီပါ(ဘီဘာအိုမှ ချယ်လ်ဆီးသို့ ပေါင် ၇၂ သန်း)၊ လူးကပ်စ်ဒက်နီ (ဘာစီလိုနာမှ အဲဗာတန်သို့ ပေါင် ၁၉ ဒသမ ၅ သန်း)၊ ဖရက် (ရှက်တာဒိုးနက်မှ မန်ယူသို့ ပေါင် ၅၂ ဒသမ ၅ သန်း)၊ ရှာကွီရီ (စတုတ်စီးတီးမှ လီဗာပူးသို့ ပေါင် ၁၃ သန်း)၊ မီယာ (ရှော်ကေးမှ ခရစ္စတယ်ပဲလေ့စ်သို့ အလွတ်)၊ ဖီလီပီ အန်ဒါဆင်(လာဇီယိုမှ ဝက်စ်ဟမ်းသို့ ပေါင်း ၃၃ ဒသမ ၅ သန်း)၊ မာရက်ဇ်(လက်စတာမှ မန်စီးတီးသို့ ပေါင် သန်း ၆၀)၊ လီနို(လေဗာကူဆင်မှ အာဆင်နယ်သို့ ပေါင် ၁၉ သန်း)တို့ဖြစ်သည်။

ဟန်နေသစ် စုစည်းသည်




# ချယ်လ်ဆီးတွင် ဟာဇက်ပျော်နေကြောင်း ဆာရီဖွင့်ဟ

ချယ်ဆီးနည်းပြသစ် ဆာရီက မိမိအသင်း၏ တောင်ပံကစားသမား ဟာဇက်သည် အသင်းပြောင်းရွှေ့ခွင့် မရသော်လည်း ချယ်လ်ဆီးအသင်းတွင် ပျော်ရွှင်နေကြောင်း ဖွင့်ဟပြောဆိုလာခဲ့သည်။ ဟာဇက်သည် ချယ်လ်ဆီးအသင်းမှ ထွက်ခွာရန် အလွန်နီးစပ်သည့် အနေအထားတစ်ခုသို့ ရောက်ရှိခဲ့သော် လည်း နောက်ဆုံးတွင် ချယ်လ်ဆီးအသင်း၌သာ ဆက်လက်ကစားရတော့မည်ဖြစ်သည်။ နည်းပြဆာရီအနေဖြင့်လည်း ဂိုးသမားကော်တွိုက်စ်ကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့သော်လည်း အသင်းမှ ပြောင်းရွှေ့ရန် ပြင်ဆင်လာခဲ့သည့် ဟာဇက်နှင့် ဝီလီယံတို့ကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။


'အခုတော့ အပြောင်းအရွှေ့ရာသီက ပိတ်သိမ်းသွားခဲ့ပါပြီ။ ကျွန်တော့်အတွက်လည်း ရင်အေးရပြီပေါ့။ အသင်းမှာရှိတဲ့ ထိပ်တန်းကစားသမားတွေကို ထိန်းနိုင်ဖို့ဆိုတာ တော်တော်လေးခက်ခဲပါတယ်။ ဟာဇက်နဲ့ ဝီလီယံတို့ကို အသင်းမှာ ဆက်ရှိနေရေး ထိန်းထားနိုင်ခဲ့ပေမယ့် ကမ္ဘာ့အကောင်းဆုံး ဂိုးသမားတစ်ဦးဖြစ်တဲ့ ကော်တွိုက်စ်ကို ထိန်းမထားနိုင်တာကိုတော့ ကျွန်တော်စိတ်မကောင်းပါဘူး။ ကော်တွိုက်စ်နေရာမှ အစားထိုးနိုင်ဖို့အတွက် ကီပါကို ခေါ်ယူခဲ့ပေမယ့် ကော်တွိုက်စ်လောက် အရည်းအချင်းမပြည့်မီဘူးဆိုတာ ကျွန်တော်လက်ခံပါတယ်။ အဓိက ကျွန်တော်ပြောချင်တာက အသင်းရဲ့အားအထားရဆုံး ကစားသမားဖြစ်တဲ့ ဟာဇက်ဟာ ချယ်လ်ဆီးအသင်းနဲ့ ဆက်လက်လက်တွဲဖို့ ဝမ်းမြောက်ဝမ်းသာရှိနေတယ်ဆိုတာကို ပြောချင်တာပါ'ဟု ချယ်လ်ဆီးနည်းပြ ဆာရီက ပြောကြားခဲ့သည်။

# ပရီးမီးယားလိဂ်တွင် မန်စီးတီးအသင်းသာ ဗိုလ်စွဲမည်ဟု ဖီးလ်မက်နူတီ ဟောကိန်းထုတ်



၂၀၁၈-၂၀၁၉ ဘောလုံးရာသီ ပရီးမီးယားလိဂ်အဖွင့်ပွဲများ စတင်ချိန်မှာပင် ဘီဘီစီမှ အားကစားကျွမ်းကျင်သူတစ်ဦးဖြစ်သူ ဖီးလ်မက်နူတီက ယခုနှစ်ရာသီတွင်လည်း မန်စီးတီးအသင်းသာ ပရီးမီးယားလိဂ် ချန်ပီယံဆုဖလားကို ရရှိသွားမည်ဟု ကြိုတင်ဟောကိန်းထုတ်ထားသည်။ ဖီးလ်မက်နူတီ၏ ကြိုတင်ဟောကိန်းထုတ်မှုတွင် မန်စီးတီးအသင်းက ချန်ပီယံဖြစ်ပြီး လီဗာပူးလ်၊ မန်ယူနှင့် စပါးအသင်းတို့ ကြီးလေးကြီးစာရင်းဝင်နိုင်မှာဖြစ်ပြီး ချယ်လ်ဆီးနှင့် အာဆင်နယ်အသင်းတို့မှာ ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ဆုံးရှုံးရမည်ဟု ခန့်မှန်းထားခြင်းဖြစ်သည်။

ထို့ပြင် ထူးခြားမှုတစ်ခုမှာ ပြီးခဲ့သည့်ရာသီက ချန်ပီယံရှစ်တွင် ချန်ပီယံဖြစ်ပြီး ပရီးမီးယားလိဂ်သို့ တန်းတက်လာနိုင်ခဲ့သည့် ဝုလ်ဗာဟမ်တန်အသင်းမှာ ရလဒ်ပိုင်းများကောင်းမွန်ပြီး အာဆင်နယ်၏နောက်တွင် အဆင့် (၇) နေရာဖြင့် ရပ်တည်နိုင်မည်ဟု ခန့်မှန်းထားခြင်းဖြစ်သည်။ ယခုနှစ်ရာသီတွင် လီဗာပူးအသင်းမှာ ကစားသမားခေါ်ယူမှုအတွက် ငွေကြေးအမြောက်အမြား အသုံးပြုကာ အောင်မြင်မှုအတွက် အကောင်းဆုံးပြင်ဆင်လာခဲ့သော်လည်း ဖီးလ်မက်နူတီကမူ လီဗာပူးအသင်းအနေဖြင့် ရာသီကုန်တွင် အဆင့် (၂)နေရာဖြင့်သာ ကျေနပ်ရမည်ဟု ပြောဆိုထားခြင်းဖြစ်သည်။



# အသင်းမှာ သုံးစရာငွေမရှိကြောင်း ဂွါဒီယိုလာပြောကြား

မန်စီးတီးနည်းပြ ဂွါဒီယိုလာက မိမိအသင်းတွင်သုံးစရာငွေမရှိခြင်းကြောင့် ကစားသမားခေါ်ယူမှု မပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့သည်။ လက်ရှိ ပရီးမီးယားလိဂ်ချန်ပီယံ မန်စီးတီးအသင်းသည် လက်စတာအသင်းမှ မာရက်ဇ်ကို ပေါင်သန်း ၆၀ သုံး၍ ခေါ်ယူခဲ့သော်လည်း နောက်ထပ်ကစားသမားများကို ထပ်မံခေါ်ယူနိုင်ခြင်းမရှိသည့်အပေါ် ဂွါဒီယိုလာက ထိုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ဂွါဒီယိုလာက မိမိတို့အသင်းတွင် အသက် ၃၀ ကျော်ကစားသမား ခုနစ်ဦးမှ ရှစ်ဦးခန့်အထိ ရှိနေကြောင်း၊ အရန်အင်အား တောင့်တင်းမှုအတွက် လူငယ်ကစားသမားများကိုခေါ်ယူရန် ဆန္ဒရှိနေကြောင်း၊ လက်ရှိအသင်းတွင် ခံစစ်ပိုင်း ဖြည့်တင်းရန် လိုအပ်နေသေးကြောင်းနှင့် အသင်းတွင် ဘဏ္ဍာငွေကြေးနည်းပါးနေမှုကြောင့် ကစားသမားကောင်းကောင်း ခေါ်ယူနိုင်ခြင်း မရှိသည်ကို အားငယ်မိကြောင်း ပြောကြားခဲ့သည်။

မန်စီးတီးနည်းပြ ဂွါဒီယိုလာက ကစားသမား ခေါ်ယူမှုနဲ့ပတ်သက်၍ ကစားသမားအများအပြား ခေါ်ယူထားနိုင်ခဲ့သည့် လီဗာပူးအသင်းနှင့် နှိုင်းယှဉ်၍ပြောဆိုနေခြင်းလည်းဖြစ်သည်။ သို့သော် ဂွါဒီယိုလာက ယခုကစားသမားများနှင့်ပင် မိမိတို့အသင်းမှာ ယမန်နှစ်က ပရီးမီးယားလိဂ် ချန်ပီယံဆုကို ရယူနိုင်ခဲ့သလို ယခုနှစ်တွင်လည်း ချန်ပီယံဆုကို ရယူနိုင်စွမ်းရှိနေသေးကြောင်း ပြောကြားခဲ့သည်။

# မြန်မာ့ပေါ်ဆန်း၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာ မျှော်မှန်းချက်

**ယခင်တစ်ပတ်မှအဆက်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းကျင်းပသော 'မြန်မာ့ပေါ်ဆန်းမွှေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် အလားအလာ'ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်မှ ၁၅ ရက်ထိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ပြုလုပ်ကျင်းပခဲ့ပါတယ်။ အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စိုက်ပျိုးရေးသုတေသနပညာရှင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊ ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ စာတမ်းများဖတ်ကြားဆွေးနွေးခဲ့ကြပါတယ်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့ပေါ်ဆန်းမွှေး၏ အတိတ်တွင် ဖြစ်ပေါ်ခဲ့သည့်အခြေအနေများ၊ ပစ္စုပ္ပန်တွင် လက်ရှိဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် မည်သို့ဆက်လက်ဆောင်ရွက်သွားမည်ကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။ မြန်မာ့ပေါ်ဆန်းသည် ၂၀၁၁ ခုနှစ်၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံပေါင်းစုံမှ အရည်အသွေးကောင်း ဆန်အမျိုးမျိုး ယှဉ်ပြိုင်ပွဲတွင် အိန္ဒိယနိုင်ငံမှ ဘာစမာတီ၊ ထိုင်းနိုင်ငံမှ ခေါက်ဒေါင့်မာလီဆန်များကို ကျော်လွန်၍ World's West Rice ပထမဆုကို ဆွတ်ခူးရရှိခဲ့ပြီးဖြစ်သည့်ပြင် ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်ရန်နှင့် GI ဒေသဆိုင်ရာ အညွှန်းရရှိရေး မြန်မာ့ပေါ်ဆန်းမွှေး၏ အရည်အသွေးကောင်းမွန်ရေးတို့အတွက် Public Private Partnership ဆောင်ရွက်သွားနိုင်ရေး ဦးတည်ဆွေးနွေးခဲ့ကြပါတယ်။

ပေါ်ဆန်းမွှေးသည် ဈေးကွက်ကောင်းရှိ၍ ဈေးနှုန်းရရှိမှု ပိုမိုသည့်အတွက် အရည်အသွေးမြင့် ပေါ်ဆန်းမွှေးထွက်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံကိုယ်စားပြု GI ရရှိရေး ဆောင်ရွက်ရာတွင်လည်း အရည်အသွေးအပါအဝင် ဘက်ပေါင်းစုံမှ ထိန်းသိမ်းနိုင်ရန် လိုအပ်ပါတယ်။ ရွှေဘိုပေါ်ဆန်းသည် ရွှေဘိုဒေသ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီသောစပါးမျိုးဖြစ်သဖြင့် ရွှေဘိုပေါ်ဆန်းစပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် ရွှေဘိုခရိုင်၊ ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းနှင့် ရွှေဘိုခရိုင် Working Group တို့မှ မူပိုင်ခွင့်နှင့် (GI)ရရှိရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်း၊ Ground Level Working Group လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ရလဒ်ဖော်ထုတ်ခြင်းများသည် ရွှေဘိုပေါ်ဆန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ပုံရိပ်များဖြစ်သကဲ့သို့ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့်လည်း ဖွဲ့စည်းပြီးသည့် ပေါ်ဆန်းမွှေးစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့မှ အသင်းအဖွဲ့များ စနစ်တကျ ဖွဲ့စည်းနိုင်ရေးကြိုးပမ်းဆောင်ရွက်၍ အရည်အသွေးမီပေါ်ဆန်းမွှေးစိုက်ပျိုးနိုင်ရေး ရှေ့လုပ်ငန်းစဉ်နှင့်ပတ်သက်သည့် အစည်းအဝေးပွဲများ ကျင်းပနိုင်ပါက ပေါ်ဆန်းမွှေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ အထူးသဖြင့် ရွှေဘိုဒေသရှိ တောင်သူများ၊

## DOCA(Domestic)

ဆန်စက်ပိုင်ရှင်များနှင့် ကုန်သည်လုပ်ငန်းရှင်များသည် မိမိဒေသအကျိုးကို ရှေ့ရှု၍ တစ်စိတ်တစ်ဝမ်းတည်းဖြင့် တက်ကြွညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ကြပါလျှင် ရွှေဘိုပေါ်ဆန်း GIရရှိရေးသည် နှစ်အနည်းငယ်မကြာသော ကာလအတွင်း ရရှိလာနိုင်မည်ဖြစ်ပြီး ရွှေဘိုပေါ်ဆန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခိုင်မာလာမည်ဖြစ်ပါတယ်။ ထို့အပြင် ပေါ်ဆန်းစပါးအများဆုံးထွက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးမှ ပေါ်ဆန်းစပါးကိုလည်း ရွှေဘိုပေါ်ဆန်းကဲ့သို့ ထွက်ပေါ်ရာဒေသအလိုက် မတူကွဲပြားသည့် ထူးခြားအရည်အသွေးပေါ် မူတည်ကာ GI ရရှိရေးဆောင်ရွက်နိုင်မှသာ ပေါ်ဆန်းမွှေးအနာဂတ်ဘဝ လှပလာမည်ဖြစ်ပါတယ်။

မြန်မာ့ပေါ်ဆန်းမွှေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် အလားအလာဟုဆိုရာဝယ် အတိတ်ကာလကို ၁၉၄၄ ခုနှစ်မှ နာဂစ်ကာလ ၂၀၀၈ ခုနှစ်အထိလည်းကောင်း၊ ပစ္စုပ္ပန်ကာလကို နာဂစ်လွန်ကာလ ၂၀၀၉ ခုနှစ်မှ ယနေ့ထိလည်းကောင်းဖော်ပြလိုပြီး အတိတ်ကာလအားနည်းချက်ကို ပြုပြင်ပြောင်းလဲလာကာ ပစ္စုပ္ပန်ကာလ၌ ရွှေဘိုပေါ်ဆန်းမွှေးဈေးနှုန်း၊ ဈေးကွက်ခိုင်မာလာသကဲ့သို့ ဒေသအလိုက်ပေါ်ဆန်းမွှေးများ၏ အရည်အသွေး၊ ဈေးနှုန်း၊ ဈေးကွက် ခိုင်မာရေးအတွက် ထုတ်လုပ်သူ တောင်သူ၊ ကုန်သည်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ တွဲလက်ညီညီ ကြိုးစားဆောင်ရွက်သွားမှသာလျှင် မြန်မာ့ပေါ်ဆန်းမွှေး၏ အနာဂတ်ဘဝ လှပလာမည်မှာ ဧကန်မလွဲဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

■ ရွှေစင်ဦး ■

**(ယခင်တစ်ပတ်မှအဆက်)**

ထုတ်ကုန်နှင့် နိုင်ငံနှစ်မျိုးစလုံး အောင်မြင်မှုရရှိခြင်းဆိုသည်မှာ မြန်မာနိုင်ငံနှင့် ပြိုင်ဘက်နိုင်ငံ အနည်းငယ်ကသာ GSP ခံစားခွင့်ရှိသည်ကို ဆိုလိုသည်။ ဥပမာ ထိုင်းနိုင်ငံသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှစတင်ကာ GSP ခံစားခွင့်ရှိသည့် နိုင်ငံတစ်ခု မဟုတ်တော့ချေ။ အထည်အလိပ်၊ အသားငါး ပြင်ဆင်ထုတ်ကုန်များနှင့် ပြုပြင်ထားသော စားသောက်ကုန်များကဲ့သို့ ထုတ်ကုန်များအတွက် ထိုင်းထုတ်လုပ်သူများသည် ၎င်းတို့၏ထုတ်ကုန်များကို အီးယူသို့ တင်သွင်းမည်ဆိုပါက အဖွဲ့ဝင်နိုင်ငံအချင်းချင်း တန်းတူအခွင့်အရေးပေးစနစ် MFN နှုန်းအပြည့်အဝနှင့်ရင်ဆိုင်ရမည့် အဓိပ္ပာယ်ဖြစ်သည်။

မြန်မာနိုင်ငံသည် လာမည့်နှစ်များအတွင်း LDC အခြေအနေမှ အောင်မြင်လွတ်မြောက်နိုင်ဖွယ်ရှိ သည်။ မြန်မာနိုင်ငံသည် အောင်မြင်နိုင်မည့် စံသတ်မှတ်ချက်သုံးချက်အနက် နှစ်ခုကို ပြည့်မီထားပြီးဖြစ်ကာ သတင်းများအရ အောင်မြင်လွတ်မြောက်နိုင်မှုသည် ၂၀၂၀ ပြည့်နှစ်များအရောက်တွင် ဖြစ်နိုင်ဖွယ်ရှိသည်ဟု ယူဆရသည်။ ယင်းသို့ အောင်မြင်ပြီးနောက် မြန်မာနိုင်ငံသည် အကူးအပြောင်းကာလ သုံးနှစ်တာအတွက် EBA အကျိုးခံစားခွင့် ရှိနေဦးမည်ဖြစ်သည်။ ယင်းကာလ လွန်မြောက်ပါက မြန်မာနိုင်ငံသည် အထည်အလိပ်ကဏ္ဍအပါအဝင် LDCs များအတွက် ပေးအပ်သည့် EBA အစီအစဉ်ထက် သိသိသာသာ အခွင့်အရေးရရှိမှု နည်းပါးသော ပုံမှန် GSP အခွင့်အရေးကို ရရှိဖွယ်ရှိသည်။ သို့သော် မြန်မာနိုင်ငံသည် အထည်အလိပ်ကဏ္ဍအပါအဝင် ပို့ကုန်အများစုအတွက် အကောက်ခွန်ကင်းလွတ်ခွင့် ပေးအပ်ထားသည့် GSP+ အစီအစဉ်သို့ ဝင်ရောက်ရန် လျှောက်ထားနိုင်သည်။ သို့သော် EBA နှင့်နှိုင်းယှဉ်လျှင် ပင်ရင်းဒေသစည်းမျဉ်းများသည် လက်ရှိတွင် GSP နှင့် GSP+ အစီအစဉ်များတွင် ပိုမိုတင်းကျပ်မှုရှိပါသည်။ EBA မှ အောင်မြင်မှုရရှိခြင်းသည် ၂၀၂၃ ခုနှစ်အကုန်တွင် လက်ရှိ GSP စနစ်ကုန်ဆုံးသွားပြီး နောက်မှသာလျှင် အကျိုးသက်ရောက်မှု ရှိလာရန် သေချာသလောက်ဖြစ်သည်။ GSP+ ကဲ့သို့ အခြားသောစနစ်များသည် ယနေ့ကျင့်သုံးလျက်ရှိသည့် စနစ်များနှင့် ကွာခြားဖွယ်ရှိသည်ဟု ဆိုလိုသည်။ မြန်မာနိုင်ငံအတွက် အခြားအခွင့်အရေးတစ်ခုမှာ အီးယူနှင့် RTA လက်မှတ်ရေးထိုးခြင်းပင်ဖြစ်သည်။

အီးယူအနေဖြင့် သက္ကရာဇ် ၂၀၂၃ ခုနှစ်အကုန်အထိ တရားဝင်သတ်မှတ်ထားသော လက်ရှိအစီ အစဉ် ကုန်ဆုံးသွားပြီးနောက် GSP စနစ်ကို နောက်ထပ်အပြောင်းအလဲများ ကျင့်သုံးလုပ်ဆောင်သွားဖွယ်ရှိသည်။ သို့သော် EBA စနစ်တွင်မူ ကြီးကြီးမားမား အပြောင်းအလဲရှိမည်မဟုတ်ဟု ယူဆရနိုင်သည်။ ဖြစ်နိုင်သည့် ပြောင်းလဲမှုများသည် GSP နှင့် GSP+ တို့၏ ထုတ်ကုန်လွှမ်းခြုံမှု၊ ပင်ရင်းဒေသစည်းမျဉ်း၊ GSP+ သို့ ဝင်ရောက်နိုင်မည့် သို့မဟုတ် ဆက်လက်ရှိနေမည့် အခြေအနေများအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်သည်။ သို့သော် ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းအထိ ယင်းကဲ့သို့ အပြောင်းအလဲမျိုးပြုလုပ်သွားမည့် ညွှန်ပြချက်မျိုးမရှိသေးပေ။

(ကိုးကား။ ။ ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

**ဆက်လက်ဖော်ပြပါမည်။**

**စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်နှင့် သကြား …… မှအဆက်**

မြို့ကြီးများတွင် နေ့စဉ်ဖြစ် ပေါ်နေသော ဈေးနှုန်းစာရင်းများ အားအောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့နယ် | ဧည့်မထဆန် (ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၃.၈.၂၀၁၈ | ၆.၈.၂၀၁၈ | ၇.၈.၂၀၁၈ | ၈. ၈ ၂၀၁၈ | ၉.၈.၂၀၁၈ |
| ၁ | မြစ်ကြီးနား | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂ | လားရှိုး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၃ | ကျိုင်းတုံ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၄ | တောင်ကြီး | ၁၃၀၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၅ | လွိုင်ကော် | ၁၅၀၀ | ၁၅၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၈ | ထားဝယ် | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၉ | မြိတ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၀ | ရန်ကုန် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၁ | ပုသိမ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၂ | စစ်တွေ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၅၀ | ၁၁၅၀ |
| ၁၃ | ဟားခါး | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၁၄ | မုံရွာ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၂၀၀၀ |
| ၁၅ | မန္တလေး | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၈ | ပြည် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၉ | ပဲခူး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၀ | ပျဉ်းမနား | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၁ | နေပြည်တော် | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၄၂ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ်ဩဂုတ်လ ပထမပတ်အတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန် ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ယခင်တစ်ပတ်မှအဆက်)

# လက်လီ/လက်ကားရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ် (SOP) သတင်းလွှာ (၂/၂၀၁၈) ထုတ်ပြန်

**အခန်း(၂)**

**လက်လီ/လက်ကားမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်**

၃။ ဤလုပ်ငန်းစဉ်သည် ကုန်ပစ္စည်းများကို သတ်မှတ်ခွင့်ပြုထားသော ဆိုင်/နေရာတွင်သာ လက်လီ/ လက်ကားရောင်းချရန်အတွက်ဖြစ်ပြီး ရွေ့လျားသွားလာ၍ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူသည့်နေရာသို့ အရောက် (door to door)ဖြန့်ဖြူး ရောင်းချခြင်းတို့နှင့် သက်ဆိုင်မှုမရှိပါ။ ထို့အပြင် စားသောက်ဆိုင်နှင့် လက်ဖက်ရည်/ကော်ဖီဆိုင်များကဲ့သို့သော စားသောက်ကုန်နှင့် အဖျော်ယမကာ အပါအဝင် အခြားသော ဝန်ဆောင်မှုများသည်လည်း အကျုံးဝင် သက်ဆိုင်မှု မရှိပါ။

**လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်ရရှိသူ၏ အခွင့်အရေး**

၄။ လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်ရရှိသူသည်၎င်းလုပ်ငန်းတွင် လက်လီ/လက်ကား ရောင်းချဖြန့်ဖြူးရန်အတွက် ပြည်ပမှကုန်ပစ္စည်းများ တင်သွင်းလိုပါက ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ဖြင့် တင်သွင်းခွင့်ရှိသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လက်လီ/လက်ကားရောင်းချခွင့်ပြုသည့် ဦးစားပေးကုန်ပစ္စည်းများစာရင်းတွင် ပါဝင်သည့် ပစ္စည်းများကို နိုင်ငံတစ်ဝန်းလုံးတွင် လက်လီ/လက်ကား ရောင်းချခွင့်ရှိသည်။

**လျှောက်ထားခြင်း**

၅။ လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်လျှောက်လွှာကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သော www.commerce.gov.mm တွင် အခမဲ့ (free download) ရယူနိုင်သည်ဖြစ်ပြီး အဆိုပါလျှောက်လွှာကို ပြည့်စုံစွာဖြည့်စွက်ဖော်ပြ၍ မိတ္တူ ၂ စောင် နှင့်အတူ သတ်မှတ်အထောက်အထားများဖြင့် ပူးတွဲတင်ပြရမည်။

၆။ ကုမ္ပဏီတစ်ခုသည် လက်လီရောင်းချခွင့်ကိုသော်လည်းကောင်း၊ လက်ကားရောင်းချခွင့်ကို သော်လည်းကောင်း၊ လက်လီနှင့်လက်ကားရောင်းချခွင့် နှစ်မျိုးလုံးကိုသော်လည်းကောင်း လျှောက်ထားနိုင်သည်။ လက်လီနှင့် လက်ကားရောင်းချခွင့် နှစ်မျိုးလုံး လျှောက်ထားမှုအတွက် ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏသည် လက်လီရောင်းချခွင့်အတွက် သတ်မှတ်ထားသော အနည်းဆုံး ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် လက်ကားရောင်းချခွင့်အတွက် သတ်မှတ်ထားသော အနည်းဆုံး ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏ နှစ်ခုပေါင်းပမာဏကို တွက်ချက်ရမည်။

**ရောင်းချခွင့်ပြုသောဦးစားပေးကုန်ပစ္စည်းစာရင်း**

၇။ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံသားနှင့်နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီများ အား လက်လီ/လက်ကားရောင်းချခွင့်ပြုသော ဦးစားပေးကုန်ပစ္စည်းစာရင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

**မှတ်ပုံတင်နိုင်သည့် နေရာ**

၈။ ကုမ္ပဏီအုပ်စု က၊ ခ နှင့် ဂ တို့သည် နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် မှတ်ပုံတင်လျှောက်ထားရမည်။

၉။ ကုမ္ပဏီအုပ်စု ဃ သည် အောက်ပါတစ်နေရာရာတွင် လျှောက်ထားနိုင်သည်-

(က) ရန်ကုန်မြို့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)၊

(ခ) မန္တလေးမြို့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)၊

(ဂ) နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊

**လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်ရာတွင် တင်ပြရမည့်အထောက်အထား စာရွက်စာတမ်းများ**

၁၀။ ကုမ္ပဏီအုပ်စု က၊ ခ နှင့် ဂ တို့သည် လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်အား အောက်ပါ အထောက်အထားစာရွက်စာတမ်းများနှင့်တကွ တင်ပြလျှောက်ထားရမည်-

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊

(ခ) MIC ၏အတည်ပြုမိန့်/ခွင့်ပြုမိန့်(မိတ္တူ)၊

(MIC ၏ ခွင့်ပြုချက် သို့မဟုတ် အတည်ပြုမိန့်ရယူဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအတွက်သာ)

**ဆက်လက်ဖော်ပြပါမည်။**

# (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် မြန်မာနိုင်ငံ

| ဝင်းသန်းကျော် (ကုန်သွယ်မြှင့်) |

## ပြပွဲသို့မြန်မာလုပ်ငန်းရှင်များအချိန်မီ သွားရောက်နိုင်ရေး

ယခုနှစ်ကျင်းပမည့် ကုန်စည်ပြပွဲသို့ယခင်နှစ်များနည်းတူ တရုတ်-အာဆီယံကုန်စည်ပြပွဲ ကျင်းပရေးကော်မတီမှ စီစဉ်ပေးမည်ဆိုပါက တရုတ် စင်းလုံးငှားလေယာဉ်တစ်စီးဖြင့် သွားရောက်ကြမည် ဖြစ်ပါသည်။ ယင်းအစီအစဉ်မရှိပါက ပြပွဲတက်ရောက်မည့် မြန်မာလုပ်ငန်းရှင်များ အနေနှင့် သက်ဆိုင်ရာ လေကြောင်းလိုင်းများတွင် အချိန်မီ သွားရောက်ပြသနိုင်ရေး မိမိအစီအစဉ်ဖြင့် ကြိုတင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထို့အပြင် အချို့သော မြန်မာလုပ်ငန်းရှင်များသည် မူဆယ်-နမ့်ခမ်းနယ်စပ် ကုန်သွယ်ရေး ကုန်သည်များအသင်းနှင့် ပူးပေါင်း၍ မူဆယ်နယ်စပ်မှ တစ်ဆင့် နယ်စပ်ဖြတ်ကျော်၍လည်း သွားရောက်ကြမည်ဖြစ်ပါသည်။

## ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခု (One Belt One Road)နှင့် တရုတ် - မြန်မာနှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး

တရုတ်နိုင်ငံမှ ဦးဆောင်၍ပြုလုပ်သော One Belt One Road အစီအစဉ်သည် ကမ္ဘာ့နိုင်ငံပေါင်း(၆၀)ကျော်သို့ ခါးပတ်သဖွယ် ချိတ်ဆက်ဆောင်ရွက်မည့် စီမံကိန်းဖြစ်ပါသည်။ထို့ပြင် “One Belt One Road ”မဟာဗျူဟာ စီမံချက်သည် ပိုးလမ်းမကြီး စီးပွားရေးလမ်းကြောင်းနှင့် ၂၁ ရာစု ရေကြောင်း ပိုးလမ်းမကြီးကို ဆက်သွယ်ပေါင်းစည်းထားသည့် စီမံချက်ဖြစ်ပါသည်။“One Belt One Road” မဟာဗျူဟာစီမံချက်သည် လမ်းကြောင်း ချိတ်ဆက်ဖြတ်သန်းရာ နိုင်ငံများ၏ စီးပွားရေး စည်ပင်ဝပြောမှုနှင့် ဒေသတွင်းစီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုအတွက် အကျိုးဖြစ်ထွန်းရန် မတူညီသော ယဉ်ကျေးမှုများကို ဖလှယ်ရင်း ကမ္ဘာ့ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေး ကာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူများကို အကျိုးဖြစ်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဦးဆောင် ဦးရွက်ပြုကာ ကြိုးပမ်းဆောင်ရွက်နေသော စီမံကိန်းဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတမြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးလဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား အောက်ဖော်ပြပါ သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာ စုစုပေါင်း (၅) ခုတို့ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်-

(က) နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ သဘောတူညီချက်

(ခ) မြန်မာ-တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဇုန် တည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

(ဂ) စီးပွားရေး ပိုးလမ်းမရပ်ဝန်းတစ်ခုနှင့် (၂၁) ရာစု ရေကြောင်းဆိုင်ရာ ပိုးလမ်းမရပ်ဝန်း တစ်ခုစတင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ

(ဃ) ကျန်းမာရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှု ဆိုင်ရာ နားလည်မှုစာချွန်လွှာ

(င) လျှောင်အလွန် ပုဂံရှိ သမိုင်းဝင် အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ

တရုတ်-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့် ဆောင်ရွက်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ် ဇွန်လ ၁၄ ရက်နေ့မှ ၂၀ ရက်နေ့အထိ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့၌ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သော ‘(၅)ကြိမ် မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၅)ကြိမ်မြောက် ကူမင်းပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ’တွင် နှစ်နိုင်ငံ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ရာ၌ မြန်မာ-တရုတ်နယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးကိစ္စ၊ အရည်အသွေး ပြည့်မီသော မြန်မာ့ထွက်ကုန်များ ပိုမိုထုတ်လုပ်ရေးကိစ္စ၊ တရုတ်နိုင်ငံသို့ ထွက်ကုန်များတင်ပို့နိုင်ရေး တရုတ်နိုင်ငံ၏ လုပ်ထုံးလုပ်နည်းနှင့် အခြား လိုအပ်ချက်များ ဖလှယ်နိုင်ရေးအတွက် ယန္တရား တစ်ခု ထူထောင်သွားရေး ကိစ္စ၊ တရုတ်နိုင်ငံမှ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ လာရောက် ပြုလုပ်ရေးကိစ္စ၊ နှစ်နိုင်ငံ တရားမဝင် ကုန်သွယ်မှုများ တားဆီးရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ဆက်လက်၍ ဇွန် ၁၆ ရက်တွင် တရုတ်-မြန်မာ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ရာ နှစ်နိုင်ငံ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။

## (၁၅)ကြိမ်မြောက်တရုတ် - အာဆီယံ ကုန်စည်ပြပွဲကြီးသို့ပါဝင်ပြသနိုင်ရေး

‘ကုန်သွယ်မှုကို တိုးမြှင့်ရန်၊ ကုန်စည်ပြပွဲကို အခြေခံ’ ဟူသော ဆောင်ပုဒ်နှင့်အညီ ယခုနှစ် (၁၅)ကြိမ်မြောက်တရုတ်-အာဆီယံကုန်စည်ပြပွဲကြီးကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၂ ရက်မှ ၁၅ ရက်အထိ နန်နင်းမြို့၌ ကျင်းပမည်ဖြစ်ပြီး တရုတ်ထိပ်တန်းခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအနေနှင့် တရုတ်-အာဆီယံကုန်စည်ပြပွဲများတွင် နှစ်စဉ် ပါဝင်ပြသခဲ့ပြီး အောင်မြင်မှုတံဆိပ်များ ရရှိသကဲ့သို့ ယခင်အစဉ်အလာကောင်းများကို ထိန်းသိမ်းလျက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များမှ ကဏ္ဍစုံလင်စွာဖြင့် ပါဝင်ပြသနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

❑

**(အမှားပြင်ဆင်ချက်)**

အတွဲ (၁၈) အမှတ် (၃၁)၊ စာမျက်နှာ (၃၂)တွင် ဖော်ပြပါရှိသော (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် မြန်မာနိုင်ငံ ဆောင်းပါးတွင် ပြပွဲသို့ မြန်မာလုပ်ငန်းရှင်များအချိန်မီ သွားရောက်နိုင်ရေး ဘေးခေါင်းစဉ်ပါစာပိုဒ်၌ တရုတ်စင်းလုံးငှားလေယာဉ်တစ်စီးဖြင့်. . . . . မှ ၁၆ ရက်အထိ သွားရောက်ကြမည် အစား အထက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

# ကုန်သွယ်ရေးစစ်ပွဲ၏ ကမ္ဘာ့စီးပွားရေးအပေါ် သက်ရောက်နိုင်မှုကို IMF သတိပေး

**ကျော်စိန်ဝင်း**

လတ်တလော ကြားသိနေရတဲ့ တရုတ်နှင့် အမေရိကန်ကြားက ကုန်သွယ်ရေး တင်းမာမှု တစ်နည်းအားဖြင့် ကုန်သွယ်ရေးစစ်ပွဲဟာ တဖြည်းဖြည်းချင်း ပိုပြီးအရှိန်ရလာပြီလို့ ဆိုနိုင်ပါလိမ့်မယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကတော့ အမေရိကန်နှင့် ကျန်တဲ့ ကမ္ဘာ့နိုင်ငံများအကြား ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုလို့လည်း ဆိုပါတယ်။ အကောက်ခွန်စစ်ပွဲလို့လည်း တစ်မျိုးတစ်ဖုံ သတ်မှတ်နေကြတဲ့ အဆိုပါကုန်သွယ်ရေး တင်းမာမှု အရှိန်တက်လာခြင်းကြောင့် ကမ္ဘာ့စီးပွားရေးမှာ အမေရိကန်ဒေါ်လာ ၄၃၀ ဘီလီယံအထိ ထိခိုက်မှုရှိနိုင်ပြီး အမေရိကန်အနေနဲ့ အထူးအားဖြင့် ထိခိုက်နိုင်ခြေများတယ်လို့ IMF က မကြာသေးခင်က သတိပေး ပြောဆိုထားတာ ဖြစ်ပါတယ်။

အဆိုပါ ကုန်သွယ်ရေးစစ်ပွဲ၏ ကနဦးပဲ့ကိုင်ရှင်ဖြစ်တဲ့ အမေရိကန် သမ္မတဒေါ်နယ်ထရမ့်အပေါ် ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်တင်မှုနဲ့အတူ အမေရိကန်နှင့် ကုန်သွယ်ဖက် နိုင်ငံများအကြား လက်ရှိကုန်သွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုဟာ လာမည့် ၂၀၂၀ ခုနှစ်အရောက်မှာ ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းကို သုည ဒသမ၅ ရာခိုင်နှုန်းအထိ လျော့ကျစေနိုင်မယ်လို့ ဆိုပါတယ်။ တစ်နည်းအားဖြင့် ကမ္ဘာတစ်ဝန်းလုံးရဲ့ GDP တွင် အမေရိကန်ဒေါ်လာ ၄၃၀ ဘီလီယံခန့် ဆုံးရှုံးမှုကို ဖြစ်ပေါ်စေနိုင်လိမ့်မယ်လို IMF က ခန့်မှန်းထားပါတယ်။

ကုန်သွယ်ရေး စစ်ပွဲရဲ့အရှိန် ဆက်လက်မြင့်တက်နေမှု အကျိုးဆက်ကြောင့် ကမ္ဘာ့စီးပွားရေးအားလုံး ထိခိုက်ခံစားရမှုရှိမှာ ဖြစ်ပေမယ့် အမေရိကန်နိုင်ငံအနေနဲ့ကတော့ ကမ္ဘာလုံးဆိုင်ရာ အခွန်ပိုင်း လက်တုံ့ပြန်မှုတွေရဲ့ဗဟိုချက်ဖြစ်လာနိုင်ပါတယ်။ အမေရိကန်ဟာ ကမ္ဘာ့ဈေးကွက်မှာ ပို့ကုန်ဈေးကွက်ဝေစု ပိုမိုများပြားတဲ့အတွက်ကြောင့် အထူးအားဖြင့် ထိခိုက်ခံစားရနိုင်ခြေများရခြင်းဖြစ်တယ်လို့ IMF က ထောက်ပြပြောဆိုခဲ့တာပါ။

သမ္မတထရမ့်ဟာ တင်းမာနေတဲ့ ကုန်သွယ်ရေးစစ်ပွဲကို မီးလောင်ရာလေပင့်လုပ်တဲ့အနေနဲ့ အမေရိကန်နိုင်ငံအတွင်းသို့တင်သွင်းလာမည့် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံတန်ဖိုးရှိ တရုတ်ကုန်စည်တွေအပေါ်မှာ အခွန် ၁၀ ရာခိုင်နှုန်း တိုးမြှင့်ဖို့ အဆိုပြုထားပါတယ်။ ဘေဂျင်းကလာတဲ့ ကုန်စည်တွေအပေါ်မှာ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံတန်ဖိုးရှိတဲ့ အခွန်တွေကို ဇူလိုင်လအစပိုင်းမှာ တရားဝင် ပြဋ္ဌာန်းခဲ့ပါတယ်။ တရုတ်အစိုးရပိုင်းအနေနဲ့လည်း အမေရိကန်ရဲ့ အခွန်သတ်မှတ်မှုအပေါ် တူညီတဲ့တုံ့ပြန်မှုပြုလုပ်ခဲ့ပြီး၊ နောက်ထပ် လက်တုံ့ပြန်မှုတွေကို မြင်တွေ့ရမယ်လို့ သတိပေးပြောဆိုထားပြန်ပါတယ်။

ဆိုခဲ့တဲ့ တင်းမာမှုတွေကြားမှာပဲ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကြီးဟာ ကမ္ဘာ့စီးပွားရေး ရှုမြင်သုံးသပ်ချက် (World Economic Outlook) ကို ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါ သုံးသပ်ချက်အရ ကမ္ဘာ့စီးပွားရေးအတွက် ဆုံးရှုံးနိုင်ခြေတွေ ပိုမိုများပြားလာနေပြီဆိုတာကို ပြောဆိုခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးအခြေအနေဟာ အားကောင်းနေဆဲ ဖြစ်သော်လည်း စီးပွားရေးချဲ့ထွင်မှု ပိုင်းမှာ လျော့နည်းလာနေပြီး၊ အန္တရာယ်ရှိမှုတွေဟာ ပိုမိုများပြားလာနေပြီဖြစ်တယ်လို့ IMF က ဆိုထားပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ခန့်တုန်းက စတင်ခဲ့တဲ့ ကမ္ဘာ့စီးပွားရေးချဲ့ထွင်နိုင်မှု တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းများ၏ အဆင့်များ တိုးတက်သည့်အခြေအနေဟာ ဆက်လက်တိုးတက်မှုမရှိဘဲ ဖြစ်နေတာကို သတိပေးမှုနှင့်အတူ နိုင်ငံများအနေနဲ့ ကိုယ်ကျိုးကြည့် အတွေးအခေါ် (inward-looking thinking) ကို မဖြစ်မနေ ခုခံနိုင်ဖို့နဲ့ ဘုံအကျိုးစီးပွားကို ဖန်တီးဖို့ ကျယ်ပြန့်တဲ့ ပြဿနာရပ်တွေကို ဖြေရှင်းရာမှာ နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှု၏ မရှိမဖြစ် အရေးပါမှုကို သတိတရရှိကြဖို့ IMF ရဲ့ စီးပွားရေးအကြံပေး Maurice Obstfeld က ပြောကြားထားပါတယ်။

ကုန်သွယ်ရေး စစ်ပွဲကြောင့် နိုင်ငံတကာ ကုန်သွယ်မှု အားပျော့လာခြင်းဆိုတဲ့ ခြိမ်းခြောက်မှုအပြင် ကုန်သွယ်မှုဆိုင်ရာ အကာအကွယ်ပေးတဲ့ စီမံဆောင်ရွက်မှုများ (protectionist measures) ကို အသုံးပြုမှု မြင့်မားလာခြင်းဟာရင်းနှီးမြှုပ်နှံမှုကို အဟန့်အတားဖြစ်စေခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်ကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ထုတ်လုပ်နိုင်စွမ်းကို အားပေးသည့် နည်းပညာများပျံ့နှံ့မှုကို နှေးကွေးစေခြင်းနှင့် စားသုံးသူများအတွက် ကုန်စည်ဈေးနှုန်းများ မြင့်တက်လာစေခြင်းစတဲ့ သက်ရောက်မှုတွေလည်း ရှိမှာဖြစ်တယ်လို့ ဆိုပါတယ်။

ကမ္ဘာ့ စီးပွားရေးအတွက် အန္တရာယ်ရှိနိုင်ခြေ မြင့်မားမှုကို ထောက်ပြထားပေမယ့်လည်း ကမ္ဘာလုံးဆိုင်ရာ တိုးတက်မှု နှုန်းဟာ ယခုနှစ်နှင့် လာမည့် နှစ်နှစ်စလုံးမှာ ၃ ဒသမ ၉ ရာခိုင်နှုန်း ရှိမယ်လို့ IMF က ခန့်မှန်းထားပါတယ်။ ဒါပေမယ့် ဥရောပသမဂ္ဂ၊ ဗြိတိန်နှင့် ဂျပန်နိုင်ငံတို့မှာတော့ စီးပွားရေး နှေးကွေးမှုတွေ ရှိနေတယ်လို့ ထောက်ပြထားပါတယ်။ ဗြိတိန်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ပထမ သုံးလပတ်ကာလအတွင်း စီးပွားရေးတိုးတက်မှုအားနည်းခဲ့တဲ့ အကျိုးဆက်အဖြစ် ယခုနှစ်အတွက် စီးပွားရေး တိုးတက်မှုနှုန်းဟာ ၁ဒသမ၄ ရာခိုင်နှုန်းပဲရှိနိုင်ပြီး တိုးတက်မှုနှေးကွေး နိုင်တာဖြစ်ပါတယ်။ ဥရောပနိုင်ငံများအနက် ဂျာမနီ၊ ပြင်သစ်နှင့် အီတလီတို့ဟာ ယခုနှစ်အတွက် တိုးတက်မှုနှုန်းအဆင့် သိသိသာသာ ကျဆင်းခဲ့တဲ့ နိုင်ငံများဖြစ်ပြီး ဧပြီလက ခန့်မှန်းချက်နှင့် နှိုင်းယှဉ်ရင် သုည ဒသမ ၃ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဥရောပဇုန် တစ်ခုလုံးအတွက် တိုးတက်မှုနှုန်းဟာ အစောပိုင်းကာလ ခန့်မှန်းချက် ၂ ဒသမ၄ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် နှေးကွေးနိုင်ပြီး ၂ ဒသမ ၂ ရာခိုင်နှုန်းရှိမယ်လို့ သိရပါတယ်။

တရုတ်နိုင်ငံအနေနဲ့လည်း ပြီးခဲ့တဲ့ဧပြီလက ခန့်မှန်းထားတဲ့ နှေးကွေးတဲ့ နှုန်းထားဖြင့်သာ ဆက်လက်တိုးတက်နေဖွယ်ရှိပြီး ယခုနှစ်အတွက် ၆ ဒသမ ၆ ရာခိုင်နှုန်းဖြစ်မယ်လို့ ခန့်မှန်းထားပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ နိုင်ငံတကာ ကုန်သွယ်မှုတွင် ထိခိုက်နိုင်ခြေ မြင့်တက်နေပေမယ့်လည်း ယခုနှစ်အတွက် တိုးတက်မှုနှုန်းမှာတော့ ယခင် ခန့်မှန်းထားချက်များအတိုင်း ၂ ဒသမ ၄ ရာခိုင်နှုန်းခန့်ဖြင့် ဆက်လက်တိုးတက်နေမှာ ဖြစ်တယ်လို့ ဆိုထားပါတယ်။

ဂျပန်နိုင်ငံကိုကြည့်ရင် ဖွံ့ဖြိုးပြီးနိုင်ငံများအနက် တိုးတက်မှုနှုန်း အနှေးဆုံးအဖြစ် သုညဒသမ၂ ရာခိုင်နှုန်းရှိနေပြီး တစ်ရာခိုင်နှုန်းကို ရောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ အကြောင်းရင်းအနေနဲ့ကတော့ ယခုနှစ် ပထမသုံးလပတ်ကာလအတွင်း ကြုံတွေ့ခဲ့ရတဲ့ ပုဂ္ဂလိက စားသုံးမှုအပိုင်းနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းတို့မှာ အားနည်းလာခြင်းကြောင့်ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စု၊ (Federal Reserve) အနေနဲ့ အတိုးနှုန်း မြင့်တင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကြောင့် ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကိုလည်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကြီးက သတိပေး ပြောဆိုထားပါတယ်။ ပိုပြီး ပြင်းထန်လာတဲ့ ကုန်သွယ်ရေး တင်းမာမှုတွေနဲ့အတူ တိတိကျကျ ခန့်မှန်းတွက်ချက်လို့မရနိုင်တဲ့ မသေချာမရေရာမှု အခြေအနေတွေကြားမှာ ဘဏ္ဍာရေး ဈေးကွက်များဟာ ကျယ်ပြန့်စွာနဲ့ ဆက်လက်အေးစက်နိုင်ဖွယ်ရှိတယ်လို့ IMF ရဲ့စီးပွားရေးဆိုင်ရာ အကြံပေး Obstfeld က ပြောဆိုထားပါတယ်။

ကုန်သွယ်ရေးစစ်ပွဲဟာ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့အကြားက တင်းမာမှုပဲဖြစ်ဖြစ်၊ ကမ္ဘာ့နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့အကြား လွန်ဆွဲပွဲပဲဖြစ်ဖြစ် တစ်ကမ္ဘာလုံးက အာရုံစိုက်စောင့်ကြည့်နေကြရတာကတော့ အမှန်ပဲဖြစ်ပါတယ်။ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြတဲ့ပွဲမှာ ကျားက အသာစီးရသွားမလား၊ ဆင်ကပဲ အလဲထိုးသွားနိုင်မလားဆိုတာ ဆက်လက်စောင့်ကြည့်ရမှာဖြစ်ပေမယ့် ကမ္ဘာ့စီးပွားရေးအတွက်တော့ ထိခိုက်လာနိုင်စရာရှိနေကြောင်း တင်ပြလိုက်ရပါတယ်။

**ရင်းမြစ်။ https://www.ortheguardian.orcom/**

# တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်ဆိုင်ရာ ပြောင်းလဲမှု

တရုတ်နိုင်ငံတွင် အင်တာနက်သုံးစွဲသူစုစုပေါင်း သန်း ၇၃၀အထိ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ၎င်း၏ မိုဘိုင်းငွေပေးချေမှုဈေးကွက်မှာ အမေရိကန်ဈေးကွက်ထက် ၁၁ ဆ ရှိနေပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် e-commerce နှင့် ဒစ်ဂျစ်တယ်စနစ် ငွေကြေးလွှဲပြောင်းမှုများတွင် Data Center များ တိုးချဲ့နေသကဲ့သို့ ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲမှုဖြင့် ကုန်ပစ္စည်းသိုလှောင်ရုံများအား ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့မှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊

e-commerce ကဏ္ဍသည် အာရှတွင် တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာ့ဈေးကွက်တွင် အကြီးမားဆုံးဖြစ်လာပါကြောင်း၊ တရုတ်နိုင်ငံ၏ e-commerce ကဏ္ဍရုတ်တရက် အကြီးအကျယ် ဖြစ်ပေါ် ပြောင်းလဲမှုသည် မြောက်အမေရိကဈေးကွက်ကို သေးငယ်သွားစေပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ e-commerce ငွေကြေးလွှဲပြောင်းမှု ၄၀ ရာခိုင်နှုန်းကျော်မှာ တရုတ်တစ်နိုင်ငံတည်းမှပင် ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်၏ Single Day တွင် Cyber Monday နှင့် Black Friday တို့ နှစ်ခုပေါင်းရောင်းရသည့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၉ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် Alibaba သည် အမေရိကန်ဒေါ်လာ ၁၇ ဒသမ၅ ဘီလီယံထိ ရောင်းရပြီး Sigle Day တွင် တစ်နေ့တာရောင်းရငွေမှာ တစ်နှစ်တာအတွက် စုစုပေါင်း ၂၅ ဘီလီယံအထိ မြင့်တက်ခဲ့ပါကြောင်း၊

တရုတ်နိုင်ငံ၏ ဒေတာဝန်ဆောင်မှုလုပ်ငန်းဈေးကွက်မှာ ယခင်ဆယ်စုနှစ်ထက် သိသာထင်ရှားစွာ မြင့်တက်ခဲ့ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အထိ Compound Annual Growth Rate-CAGR မှာ ၃၈ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး ဝန်ဆောင်မှုလုပ်ငန်းဖြင့် ထောက်ပံ့မှုပေးခဲ့ပါကြောင်းနှင့် ၂၀၁၇ ခုနှစ်တွင် ယင်းလုပ်ငန်းစဉ်သည် ဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁၅ဒသမ၉ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး လာမည့်နှစ်များတွင် တဖြည်းဖြည်းနှင့် အရှိန်မှန်မှန် ဖွံ့ဖြိုးတိုးတက်လာမည်ဟု ခန့်မှန်းထားပါကြောင်း၊

လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၏ Tier -1 မြို့တော်များဖြစ်သော ဘေဂျင်း၊ ရှန်ဟိုင်းနှင့် ကွမ်ကျိုးပြည်နယ်များတွင် အသေးစား၊ အလတ်စား ဒေတာစင်တာများမှာ အရှိန်အဟုန်ကောင်းကောင်း ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး (server ၃၀၀၀ ထက်မနည်း တည်ဆောက်ထားပြီး) ဖြစ်ပါကြောင်း။

Hyper-scale data centers များကို တည်ဆောက်ရန် ပုဂ္ဂလိကကုမ္ပဏီများနှင့် အစိုးရ နှစ်ဖက်စလုံးပါဝင်သည့် စက်မှုလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များသည် ဈေးကွက်လိုအပ်ချက်ဆိုင်ရာ မြင့်တက်လာမှုကို ဦးဆောင်မောင်းနှင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးပြီး အရှေ့ပင်လယ်ကမ်းခြေ ဒေသတစ်လျှောက်တွင် အသေးစား၊ အလတ်စား ဒေတာစင်တာများ အများအပြားတည်ရှိနေပြီး တရုတ်နိုင်ငံ၏ မြောက်ပိုင်းနှင့် အနောက်တောင်ပိုင်းဒေသများ၌ Hyper-scale data centers များ တည်ရှိနေ သည်ကို တွေ့ရှိရပါကြောင်း သိရပါသည်။

(L မျိုးဇော်)

## စိုက်ပျိုးရေးလုပ်ငန်းသုံးမဟုတ်သည့် စက်မှုလုပ်ငန်းသုံး ယူရီးယားတင်သွင်းခြင်းအား ကန့်သတ်ကုန်စည် အမျိုးအစားအောက်မှ အိန္ဒိယအစိုးရ ဖယ်ရှား

အိန္ဒိယအစိုးရသည် စိုက်ပျိုးရေးလုပ်ငန်းသုံးမဟုတ်သည့် စက်မှုလုပ်ငန်းသုံး ယူရီးယားတင်သွင်းမှုအား ယခင်က ကန့်သတ် ကုန်စည်အဖြစ် သတ်မှတ်ထားရာမှ အဆိုပါ ကန့်သတ်ချက်များအား ဖယ်ရှားလိုက်ပြီး အမှန်တကယ် လိုအပ်သူများအနေဖြင့် လွတ်လပ်စွာ တင်သွင်းနိုင်သည်ဟု အိန္ဒိယနိုင်ငံခြား ကုန်သွယ်မှုဦးစီးဌာနက ဇူလိုင် ၂၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ၎င်းပစ္စည်းများအား တင်သွင်းခြင်းကို ယခင်က နိုင်ငံပိုင်ကုန်သွယ်ရေး ကော်ပိုရေးရှင်းများမှတစ်ဆင့် တင်သွင်းရန် ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**


SAILUN
TIRE
ATREZZO
SH406
ATREZZO
SVA1
S702
S911
Exclusive Distributor:
SAN NGWE YAUNG CO., LTD.
Yangon:No.(59-60), Hlay Thin Ah Twin Wun U Chain Street,
Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779
Mandalay:PaPa(21/1), Corner of Yaw Min Gyi Street & 66 Street,
Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117


MHG
MOE HTET GABAR
COMPANY LIMITED
Address : No. 151, Room (B-702, B-704), Myawaddy Bank Luxury Complex,
Bogyoke Aung San Street (Corner of Wardan Street), Lanmadaw Township, Yangon, Myanmar.
Tel : 01-212311, 212837, 2301468~70

# GLORIOUS WHITE HOUSE
## M&E ENGINEERING CO.,LTD

M & E SOLUTIONS

Certificate No. QS 4927

We provide planning advice within the costruction industry.Focusing in particular with M.E.P (Mechinal, Electrical, Plumbing) aspect of a costruction, we help our clients to meet the ever-increasing demands for better value and faster construction.

## MEP Service

Design, Installation, Testing & Commissioning of MEP Works

## Electrical

Power Distribution Systems* Lighting Control * Power Generation * ELV System * Structural Cabling* MATV System*Integrated Security System* PA System* CCTV* Fire Detection & Alarm* Access Control

## Mechanical

HVAC * Building Automation* District Cooling Plants* Industrial& Process Sevices* Plants &Machinery Installation * Refrigeration *Fire Fighting .

## PLUMBING

Hot &Cold Water Supply System* Irrigation System * Swmming Pool* Drainage * Sanitation* Rain Water* Sewage Treatment.

Design, Supply & Installation of MEP all services



Central Hotel (Ngwe Saung) Project

Installation of Plumbing & Sanitary Service



Junction City (Hotel) Project

Installation of Electrical (HT&LT) service



Ajinomoto Factory Project (Thilawa)

Design, Supply & Installation of MEP all services



Matsunaga Factory Project (Thilawa)

Installation of Electrical (LT) service



Sule Square Office Tower

Supply & Installation of MEP all services



Black Canyon Stores (Yangon)

Installation of P&S and Fire Fighting Services



Yakult Factory Project (Thilawa)

Supply & Installation of MEP all services



Burger King + Thai Express Stores (Yangon)

Design, Supply & Installation of MEP all services




Bluescope Factory Project (Thilawa)

Installation of Electrical (HT&LT) service




Volkswagen Show Room Project

Supply & Installation of P&S and Fire Fighting Services



SICC Project

Installation of Electrical (LT) service



Infinity Residence Project

No.5/A, Mya Wutt Yi Street, Quarter 13, Yankin Tsp., Yangon, Myanmar.
Office : (+95) 9 250 41 2255, (+95) 9 790 41 2255, (+95) 9 970 41 2255
Email : info@gwhengineering.com , Website : www.gwhengineering.com

COMMERCE
INTERNATIONAL

# ထိုင်းနိုင်ငံက ကျောက်မျက်နှင့် လက်ဝတ်ရတနာပို့ကုန်တိုးမြှင့်ရေး မဟာဗျူဟာချမှတ်

ထိုင်းနိုင်ငံအစိုးရသည် ကျောက်မျက်နှင့် လက်ဝတ်ရတနာတင်ပို့မှု မြှင့်တင်ရေးကို ရည်ရွယ်သော မဟာဗျူဟာတစ်ရပ်ကို ဩဂုတ် ၈ ရက်က ကြေညာခဲ့ကြောင်း နေးရှင်းသတင်းတွင် ဖော်ပြသည်။ မဟာဗျူဟာအရ ထိုင်းနိုင်ငံကို အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာ ကုန်သွယ်မှု ဗဟိုအချက်အချာအဖြစ် မြှင့်တင်သွားရန် ရည်မှန်းထားကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု မြှင့်တင်ရေးဌာနက ပြောသည်။

"၂၀၁၇ ခုနှစ်မှာ ကျောက်မျက်နဲ့ လက်ဝတ်ရတနာလုပ်ငန်းက မော်တော်ကား၊ ကွန်ပျူတာနဲ့ ကွန်ပျူတာအစိတ်အပိုင်းတွေ တင်ပို့တဲ့ လုပ်ငန်းတွေပြီးရင် ထိုင်းနိုင်ငံရဲ့ပို့ကုန်လုပ်ငန်းမှာ တတိယနေရာက လိုက်နေပါတယ်။ ၂၀၁၈ ခုနှစ် ပထမခြောက်လ (၂၀၁၈ ခုနှစ် ဇန်နဝါရီမှ ဇွန်အထိ) မှာ ကျောက်မျက်နဲ့ လက်ဝတ်ရတနာတင်ပို့မှု (မသန့်စင်ရသေးသောရွှေမပါ)က ၂၀၁၇ ခုနှစ် ကာလတူနဲ့နှိုင်းယှဉ်ရင် ၇ ဒသမ ၄၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ကျောက်မျက်နဲ့ လက်ဝတ်ရတနာလုပ်ငန်းက အနာဂတ်ကာလမှာ တစ်ဟုန်ထိုး ဖွံ့ဖြိုးလာလိမ့်မယ်လို့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနက ယုံကြည်ပါတယ်"ဟု ဌာန၏ ညွှန်ကြားရေးမှူးချုပ် ချန်တီရာဂျီရေဗက်ဗီဗာထရက် ကပြောသည်။

"ဒီလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အဓိကကျတဲ့ အကြောင်းတရားတွေထဲမှာ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပလို ပို့ကုန်ဈေးကွက်တွေမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလည်း ပါဝင်သလို လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်း အိမ်နီးချင်းနိုင်ငံတွေ တဖြည်းဖြည်း တိုးတက်လာတာတွေ ပါဝင်ပြီး ကျောက်မျက် လက်ဝတ်ရတနာတွေကို ဝယ်လိုအားကို ပိုမိုတိုးတက်စေခဲ့တာလည်း ပါဝင်ပါတယ်"ဟု ၎င်းကပြောသည်။ အဓိကဈေးကွက်များမှာ တရုတ်နှင့် ဟောင်ကောင်၊ အမေရိကန်ပြည်ထောင်စု၊ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသတို့ဖြစ်ကြသည်။

ထိုင်းနိုင်ငံတွင် ကျောက်မျက်နှင့် လက်ဝတ်ရတနာလုပ်ငန်းက ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ အလုပ်အကိုင်ရရှိမှု၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုကို တန်ဖိုးမြှင့်ခြင်းနှင့်တီထွင်ဆန်းသစ်ခြင်းတို့ကို ဆောင်ရွက်ပေးသည့်အပြင် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါကြောင်း ချန်တီရာက ပြောသည်။







## ပို့ကုန်ဦးဆောင်၍ တောင်ကိုရီးယားစီးပွားရေး နာလန်ထူလျက်ရှိ

မတည်ရင်းနှီးငွေ သုံးစွဲမှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အခက်အခဲများရှိနေပြီး ပြည်ပတွင်မရေရာမှုများ မြင့်တက်လျက်ရှိနေသော်လည်း ပို့ကုန်မြင့်တက်မှုကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးနာလန်ထူမှုကို ထိန်းထားနိုင်ကြောင်း ဩဂုတ် ၁၀ ရက်က ထုတ်ပြန်သော အစိုးရအစီရင်ခံစာတွင် ဖော်ပြချက်ကို ကိုးကား၍ ယွန်းဟပ်သတင်းတွင်ဖော်ပြသည်။

အလုပ်အကိုင် ဈေးကွက်အားနည်းမှု၊ အမေရိကန်ပြည်ထောင်စုတွင် အတိုးနှုန်း မြင့်တက်မှုနှင့် ရေနံဈေးနှုန်းများ မြင့်တက်မှုတို့က တောင်ကိုရီးယား စီးပွားရေး ကျဆင်းစေမည့် အန္တရာယ်များကို ဖြစ်ပေါ်စေခဲ့ကြောင်းဘဏ္ဍာရေးဝန်ကြီးဌာန၏ လစဉ်စီးပွားရေး သုံးသပ်ချက်အစီရင်ခံစာတွင် ဖော်ပြသည်။

"စီးပွားရေးက နိုင်ငံရဲ့ ပို့ကုန်က ဦးဆောင်နေသော နာလန်ထူမှုကို ထိန်းထားနေပါတယ်။ ဒါပေမယ့် အထောက်အကူပြုလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်ထုတ်လုပ်ငန်းတွေက ကျဆင်းမှုနဲ့ ရင်ဆိုင်နေရပြီး အမေရိကန်ပြည် ထောင်စုနဲ့ တရုတ်နိုင်ငံတို့ရဲ့ ကုန်သွယ်ရေး ပဋိပက္ခကြောင့် မရေရာမှုတွေက တိုးတက်နေပါတယ်"ဟုအစီရင် ခံစာတွင်ဖော်ပြသည်။

"စာအုပ်စိမ်း"ဟုခေါ်သော အစီရင်ခံစာကို ပြုစုရာတွင် ထုတ်လုပ်မှု၊ ပို့ကုန်၊ စားသုံးမှုနှင့် ကော်ပိုရိတ် ရင်းနှီးမြှုပ်နှံမှုစသည့် အဓိကကျသောနောက်ဆုံးရ စီးပွားရေးညွှန်ကိန်းများအပေါ် အခြေခံထားသည်။ သို့ဖြစ်ရာ မကြာမီလများအတွင်း စီးပွားရေးအခြေအနေ မည်သို့ရှိခဲ့သည်ကို သဲလွန်စရနိုင်သည်။ တောင်ကိုရီးယားနိုင်ငံ၏ စုစုပေါင်း စက်မှုလုပ်ငန်းကုန်ထုတ်လုပ်မှုသည် လအလိုက် နှိုင်းယှဉ်ပါက မေတွင် သုညဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ရာမှ ဇွန်တွင် သုည ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ လက်လီရောင်းချမှုသည် လအလိုက် နှိုင်းယှဉ်ပါက ဇွန်တွင် သုည ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ပြီး အထောက်အကူပြုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုက ၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း နောက်ဆုံးသုံးသပ်ချက် အရင်ခံစာတွင် ဖော်ပြထားသည်။

**စံမီအောင် စုစည်းသည်**

## မိုးရွာသွန်းမှုကျဆင်း၍ အိန္ဒိယနိုင်ငံ၏ ဆန်စပါးအထွက် ကျဆင်းနိုင်

ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် ဆန်ဝယ်လိုအား ကျဆင်းနေသော်လည်း မိုးရွာသွန်းမှုက သာမန်အောက် ကျဆင်းလျက်ရှိသဖြင့် ထုတ်လုပ်မှုကျဆင်းမည်ကို စိုးရိမ်မှုများရှိနေသည့်အတွက် ယခုရက်သတ္တပတ်အတွင်း အိန္ဒိယနိုင်ငံ ဆန်ဈေးနှုန်းမှာ ကျဆင်း မှုမရှိဘဲ ပုံမှန်အတိုင်းရှိနေကြောင်း ဒေးလီးစတားသတင်းတွင်ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ ၂၅ မှတ် ပေါင်းဆန် အမျိုးအစား၏ ဈေးနှုန်းမှာ ယခုရက်သတ္တပတ်အတွင်း တစ်တန်ကို အမေရိကန် ဒေါ်လာ ၃၉၂ မှ ၃၉၆ ဒေါ်လာနှုန်းသို့ ရောက်ရှိခဲ့ရာယခင်ရက် သတ္တပတ်ကအတိုင်း မပြောင်းမလဲ ရှိနေသည်။ အာဖရိကနိုင်ငံများမှ ဝယ်လိုအား ကောင်းမွန်မှုကြောင့် ဧပြီမှဇွန်အထိ ဆန်တင်ပို့မှုသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၄ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ပြီး ပမာဏအားဖြင့် တန်ချိန် ၃ ဒသမ ၁၅ သန်းအထိ ရောက်ရှိခဲ့ပါသည်။

"မိုးညံ့တဲ့အတွက် ဆန်စိုက်ပျိုးမှုကျဆင်းခဲ့ပါတယ်။ လာမယ့် ရက်သတ္တပတ်ထဲမှာ မိုးရွာသွန်းမှု ကျဆင်းမယ်ဆိုရင် အထွက်နှုန်းကို ထိခိုက်နိုင်ပါတယ်"ဟု တောင်ပိုင်းပြည်နယ်ဖြစ်သော အန္ဒရာပရာဒက်ရှ်ရှိ ကာကီနာဒါကို အခြေစိုက်သော ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဩဂုတ် ၃ ရက်အထိ ပြုစုထားသော စာရင်းများအရ အိန္ဒိယတောင်သူတို့ စိုက်ပျိုးခဲ့သော နွေစိုက်ဆန်စပါးစိုက်ဧရိယာမှာ ဟက်တာ ၂၆ ဒသမ ၂၇ သန်းရှိသည့်အတွက် ယခင်နှစ်ကထက် ၄ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ၂၀၁၈ ခုနှစ်တွင် မုတ်သုံမိုးရရှိမှုသည် သာမန်အောက် ကျဆင်းနိုင်ကြောင်း ပုဂ္ဂလိကမိုးလေဝသ ခန့်မှန်းရေးအဖွဲ့ တစ်ဖွဲ့က ဩဂုတ် ၉ ရက်က ခန့်မှန်းသည်။

သို့ရာတွင် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ရှိ ဆန်စပါးစိုက်ပျိုးသော ရပ်ဝန်းများတွင် မိုးသည်းထန်မှုနှင့် ရေလွှမ်းမိုးမှုများက သီနှံရိတ်သိမ်းမှုများကို ထိခိုက်စေနိုင်ပြီး ဆန်ဈေးနှုန်းများအပေါ်တွင် အကျိုးသက်ရောက်မှုရှိနိုင်သည်။ လွန်ခဲ့သော ရက်သတ္တသုံးပတ်အတွင်း ထိုင်းနိုင်ငံအတွင်းရှိပြည်နယ် ၃၀ တွင်ရာသီအလိုက် ရေလွှမ်းမိုးမှုများရှိခဲ့ပြီး ဆန်စိုက်ပျိုးသော ရပ်ဝန်းများအပါအဝင် ပြည်နယ်ကိုးခုတွင် အချို့ဒေသများ၌ ရေလွှမ်းမိုးမှုများရှိခဲ့သည်။

"အရှေ့မြောက်ပိုင်း ဒေသတွေ ရေလွှမ်းမိုးမှုက ယခုနှစ်အတွင်း ပြည်တွင်းဈေးကွက်မှာ ဈေးနှုန်းခိုင်မာနေပြီးဖြစ်တဲ့ စပယ်ဖြူဆန်ဈေးနှုန်းကို မြင့်တက်စေနိုင်တဲ့အပြင် အနာဂတ်ကာလ ပို့ကုန်ဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ပါတယ်"ဟု ကုန်သည်တစ်ဦး ကပြောသည်။

ယခု ရက်သတ္တပတ်အတွင်းမှာ ထိုင်းဆန်ဝယ်လိုအားက အတော်အတန် ငြိမ်နေသော်လည်း အချို့ပို့ကုန်လုပ်ငန်းရှင်များက အမှာစာဟောင်းများကို ဖြည့်ဆည်းရန် ဝယ်ယူလျက်ရှိသဖြင့် ဈေးနှုန်း ဖြည်းဖြည်းချင်း မြင့်တက်နေကြောင်း သိရသည်။

ထိုင်း ၅ မှတ် ဆန်ကွဲဈေးသည် ယခုရက်သတ္တပတ်တွင် ဗန်ကောက် (FOB) ဈေးနှုန်းအရ တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၉၀ မှ ၃၉၅ အထိရှိရာ ယခင်ရက်သတ္တပတ်ဈေးဖြစ်သော အမေရိကန်ဒေါ်လာ ၃၈၅နှင့် ၃၉၃ ထက်ပိုခဲ့သည်။ ဗီယက်နမ် ၅ မှတ်ဆန်ကွဲဈေးမှာ ယခင်ရက်သတ္တပတ်ကတစ်တန်ကိုအမေရိကန်ဒေါ်လာ ၃၈၅ မှ ၃၉၅ အထိရှိခဲ့ရာမှ ယခုရက်သတ္တပတ်တွင် တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၉၅ မှ ၄၀၀ အထိရှိခဲ့သည်။

Don't use plastic and Be fantastic
ပတ်ဝန်းကျင် သာယာလှပစေရေး
ပလတ်စတစ်သုံးစွဲမှုကို ဆန့်ကျင်ပေး။